


www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

# အကြည်ဝေက်

# ဝါရင့်အရောင်းထိုင်း

သော်ဝင်မြို့မစာအုပ်တိုက်
အမှတ်(၈၈)၊ ဒုထပ်(ညာ)၊ ၃၈-လမ်း။
ဖုန်း - ၂၄၅၂၈၄၊ ၃၇၉၄၈၇

www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း


## အကြည်တော်၏ စာအုပ်အမှတ်စဉ် (၂၇)

စာမူခွင့်ပြုချက်အမှတ် - ၄၀၀၁၄၉၀၂၀၇

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၀၀၂၆၀၀၄၀၇

| | | |
|---|---|---|
| အဖုံး ဒီဇိုင်း | - | ကိုသန်း |
| ထုတ်ဝေသူ | - | ဦးလှိုင်ဝင်းမိုး (မြဲ - ၀၃၉၉၀၀) |
| | | ၈၈၊ ၃ထပ်(ညာ)၊ ၃၇လမ်း၊ ကျောက်တံတား။ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ | - | ဦးဝင်းကျော်ထွန်း (မုံရွာပုံနှိပ်တိုက်) |
| | | ၈၀/၈၊ သံလွင်လမ်း၊ ဗဟန်း။ |
| အတွင်းဖလင် | - | ကိုဦးနှင့် ညီများ |
| စာအုပ်ချုပ် | - | ကြည်ကြည်မွေး |
| ပုံနှိပ်ခြင်း | - | ပထမအကြိမ် |
| | | ၂၀၀၇ခုနှစ် ဇွန်လ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၈၀၀ ကျပ် |






ပစ(ပွဲစား) လောကမှာဝကြီးကို မသိတဲ့လူမရှိဘူး။

အမည်ရင်းက မြင့်ဦးပါ။ ဒါပေမယ့် လူကဝဝကြီးမို့ မြင့်ဦး နာမည်ပျောက်ပြီး ဝကြီး အမည် ရောက်ခဲ့ရတာ။

ကဲ. . . မေးကြပါဦး၊ ဝကြီးက ဘာပွဲစားလဲ။

ဟုတ်ကဲ့ ဖြေပါ့မယ်။

ဝကြီးက ပွဲခရရင် ဘာမဆို ပွဲစားလုပ်ပါတယ်။

တိုက်တာ ခြံမြေအပြင် ကား၊ ဆိုင်ခန်း၊



www.burmeseclassic.com

www.burmeseclassic.com



စက်ဘီးက အစ စိန်ရွှေကျောက်သံပတ္တမြားအလယ် အိမ်ဖော်အဆုံး ပွဲစားလုပ်ပါတယ်။

နောက်တစ်ချက်ထူးခြားတာက ဝကြီးကိုင်လိုက်တဲ့ အလုပ်ဟာ မဖြစ်ဘူးဆိုတာ မရှိဘူး။ ရောင်းသူဘက်ကလည်း ကျေနပ်လောက်တဲ့ ဈေးရပြီး၊ ဝယ်သူဘက်ကလည်း ဈေးသက်သာနေတဲ့အပြင် ဝကြီးကလည်း သူများမရနိုင်တဲ့ ပွဲခရသွားတာချည်းပါပဲ။

ဝယ်လက်ကို ဝယ်ချင်အောင် ပြောတတ်တဲ့အပြင် ရောင်းသူကိုလည်း ရောင်းဖြစ်အောင်ပြောတတ်တဲ့နေရာမှာ ဝကြီးက နိုးတူးပဲ။

အရောင်းအဝယ်ကိစ္စမှာ ဝကြီးရဲ့အာဝဇ္ဇန်းနဲ့ ဖြတ်ထိုးဉာဏ်ကို ဘယ်သူမှမီတယ်ကို မရှိအောင် လူတိုင်းချီးမွမ်းရတယ်။ ကုန်ကုန်ပြောရရင် ပွဲစား အချင်းချင်းကို လေးစားရတယ်ဆိုပါတော့။

နောက်ပြီး သူ့ကိုတစ်ခုချီးမွမ်းရမှာက သူ့ရဲ့ ဗဟုသုတပဲ။ အိမ်မှာ ထိုင်နေရင်းနဲ့မှာတင် မျက်လုံးကလေး ဝင့်ကြည့်လိုက်တာနဲ့ ရန်ကုန်မြို့ရဲ့ ဘယ်နေရာဘယ်ဒေသမှာ ဘာရောင်းဖို့ရှိတယ်။ ဘယ်သူဝယ်ရင် သင့်တော်တယ်ဆိုတာ ကောင်းကောင်းသိပါတယ်။ မျက်လုံးလေးတစ်ဖက်ကိုဝေ့ကြည့်လိုက်ရင် ဝယ်လက်ပါလာမယ်ဆိုတဲ့ လူမျိုး။ ဘယ်နေရာမှာ ဘာအဆောက်အဦးသစ်တွေ ဆောက်နေပြီ။ ဒီလိုနေရာမျိုးကိုဘယ်လိုလူတွေကြိုက်တတ်တယ်ဆိုတာ သူ ချက်ချင်းသိတယ်။ အဲဒီနေရာကိုလည်း ရောက်အောင်သွားတယ်။ သူရောက်သွားရင် အလုပ်ကဖြစ်ပြီ။

ဒါကြောင့် သူ့ဌေးတော်တော်များများက သူ့ကို အားကိုးထားရတယ်။ တိုက်၊ ခြံ၊ မြေ၊ ကားကအစ ရွှေထည်ပစ္စည်းများ ရောင်းချင်ရင်လည်း ဝကြီးပဲ။ ဝကြီးရောင်းရင် အကုန်ရောင်းထွက်





တယ်။ ဝကြီးကိုင်ရင်ရွှေဖြစ်ပြီ။ ဝကြီးပါးစပ် ဟလိုက်တာနဲ့ အကုန်ပါပြီးသား။

အဲ. . . အဲသည်လောက်ထိစွမ်းတဲ့ ဝကြီး။ဒါပေမယ့် . . . ဒါပေမယ့် ပေါ့လေ သူလည်းလောကီသားပေမို့ မစွမ်းဆောင်နိုင်တဲ့ အရောင်းထိုင်းပစ္စည်း ကြီးတစ်ခုတော့ ရှိသေးသပေါ့။

အဲဒါကြောင့်လည်း ဝကြီးဂုဏ်သိန် ညှိုးချုံးနေရတာ။ ပစ္စည်းကိုယ်တိုင်ကလည်း ဟန်မဆောင်နိုင်အောင်အသေရရ အရှင်ရရ မသေမရှင်ရရ တစ်ပိုင်းသေအောင်အရောင်းထွက်ချင်နေတယ်။ ဝကြီးဆိုတဲ့ ပြိုင်စံရှားပွဲစားကြီးကလည်း ခွေးစားစားကျိုးထိုးထိုးကို ရတဲ့ဈေးနဲ့မရရင် အလကားပေးမယ်။ ဒါမှမဟုတ်ရင် အဲလိုက်ပေးဆိုရင်လည်းပေးဦးမယ်။ ပစ္စည်းထွက်ရင်ပြီးရောဆိုပြီး အတင်းစပ်တယ်။ ဒါပေမယ့် ဒီပစ္စည်းက ဒုံးပေကပ်သပ်နဲ့အရောင်းကို မထွက်ဘူးဖြစ်နေတယ်။

ပစ္စည်းကတော့ သက်မဲ့ကုန်ပစ္စည်းတော့ မဟုတ်ဘူး။ သက်ရှိ။

အဲဒါကတော့ . . .

ဝကြီးခယ်မ သရဲဗလ။



www.burmeseclassic.com

www.burmeseclassic.com



ဝကြီးခယ်မ သရဲဗလဟော့ဆို ကျွန်တော်တို့တစ်ရပ်ကွက်လုံး ကလေးအစ ခွေးအဆုံး သိတယ်။

နာမည်ရင်းက လွန်းငွေငွေ။

ဝကြီး သူ့မိန်းမ[illegible]လူဇာကို ယူလိုက်တော့ ဒီခယ်မက အဆစ်ပါလာတာ။ လွန်းငွေငွေက သူဇာရဲ့ညီမ။

ဖြစ်ပုံကို ကြည့်ပါဦး. . .

ရုပ်က ဆိုးလို့လား မဟုတ်ဘူး။

ရုပ်ဆိုးတဲ့အဆင့်ကိုမဟုတ်ဘူး။ ကြောက်စရာကောင်းတာ။

ရုပ်ဆိုးတာက ကြည့်လို့ရသေးတယ်။

ကြောက်စရာကောင်းတာက ကြည့်လို့ကို မရဲဘူး။

ရပ်ကွက်ထဲကလူတွေက ပြောကြတယ်၊ လွန်းငွေငွေရဲ့ပုံကို။

သရဲကို မီးဖုတ်ပြီး တုတ်ထိုးနေလှန်းထားတာကိုမှ ချေပြန်ဖောက်ထားတဲ့ သရဲငပိကောင်အတိုင်းပဲတဲ့။ မည်းမည်းပုပ်ပုပ် ပွပွရွရွကြီး။

ဒါကြောင့်တစ်ရပ်ကွက်လုံးက တစ်ညီတစ်ညွတ်တည်းနာမည်ပေးထားကြတယ်။ သရဲဗလလို့။

သရဲအသားကတော့ မည်းမည်းမွဲမွဲနဲ့ ရွဲရွဲတွဲတွဲကြီးမှာမှ ထုံထုံထိုင်းထိုင်းနဲ့ စည်ပိုင်းလိုဗလရှိတဲ့ သရဲလေ၊ သရဲဗလ။

အသားလားမည်းတယ်။ ရုပ်ရည်လားဆိုးတယ်။ ဘော်ဒီလား အင်း. . . ဆန်အိတ်ကမှ သူ့ထက်ကိုယ်လုံးလှသေး . . . ပြောရရင်ကတ္တရာပုံးတစ်ပုံးလိုပဲ။

ဘယ်လောက်ထိလဲဆို စည်ပင်သာယာက လမ်းပြင်တဲ့နားတောင် ပေးမသွားရဲဘူး။ စည်ပင်သာယာက ကတ္တရာပုံးမှတ်ပြီး မ,သွားမှာစိုးလို့။ မ,သွားမိရင်လည်း ပက်ပက်စက်စက် ဆဲပြီးပစ်ကန်ချသွားမှာ မြင်ယောင်သေး။ ကတ္တရာကမှ ရောင်းစားလို့ရနိုင်သေးတာကိုး။ ဒါကြီးက. . .။

ကိုယ်လုံးက ကတ္တရာပုံးနဲ့ တူနေတဲ့အပြင် ကိုယ်သင်းရနံ့ကလည်း ကတ္တရာမီးမြှိုက်ထားတဲ့အနံ့မျိုး။ စိမ်းရွှေရွှေကြီး ချိုင်းဖတ်နံ့ဆိုလားပါပဲ။

ရေမချိုးတဲ့ အကျိုးတွေလေ။ အကျိုးထူးကတော့နိုးတူးပဲ။ သိလား နိုးတူးဆိုတာ။ ရုပ်ရည်က နိုး. . . အသားအရေက တူး။

www.burmeseclassic.com

www.burmeseclassic.com



ဝကြီးခမျာလည်း သူ့ခယ်မ အသားဖြူလာနီး ဖြူလာနီးဆိုပြီး အဲယားကွန်းနဲ့ထားပါတယ်။ ဒါပေမဲ့ အသားဖြူမလာတဲ့အပြင် နှုတ်ခမ်းထော်ထော်ကြီးပဲ ပြာပြာတက်လာတယ်။

သူ့ရဲ့ဆံပင်မွှေးပေါက်ပုံ အိုင်းစတိုင်းနဲ့တစ်ထေရာတည်း။ အဲဒီအောက်ကမှ နဖူးက လီနင်ဂရက်လို မောက်နေတဲ့အပြင် ဦးနှောက်နေရာက ချွန်ချွန်သေးသေးလေး။ ပြီးတော့ နဖူးကြီးက အဖန်တရာတေ ဗွက်ပေါက်နေတဲ့လှည်းလမ်းကြမ်းကြီးလို အတွန့်အတက်တွေ ပွထနေတယ်။ အဲဒီအတွန့်တွေကြားထဲမှာ မြှောင်သလင်းခါနေတဲ့ ကတုံးမျက်ခုံးကြီးက တစ်ဖက်သားကို ပြောင်နေသလိုပဲ။ အင်း မျက်လုံးကတော့ လှသလားမလှသလားမဆုံးဖြတ်တတ်ဘူး။ ဘာလို့လဲဆိုတော့ မြင်မှမမြင်ရတာကိုး။ မျက်ပေါက်က အဲဒီလောက်ကို ကျဉ်းနေပြန်ရော။ အောင်မာ မျက်ပေါက်သာ ကျဉ်းတာ-မျက်ကွင်းကြီးက တရုတ်ပေါက်စီလုံးကြီးလို အပြင်ကိုမဟားဒရား ခေါ်ထွက်နေပြန်ရောဗျ။ ဘုရားသခင်က ကြည်လဲ့ရွှန်းစိုမျက်ဝန်းညှို့ခွင့်မပြုလေတော့ မှောင်နောက်မည်းပြောင်မျက်ကွင်းပင် ချောင်ရရှာတော့သကိုး။ အဲဒီအောက်က နှာခေါင်းကျမှ သေသေချာချာ ထင်ထင်ရှားဟန်ကျပန်ကျ ရုပ်ဆိုးတယ်လို့ပြောလို့ရတယ်။ ဘာကြောင့်လဲဆို မြန်မာ့ရိုးရာဘီလူးနှာခေါင်းနဲ့ တစ်ထေရာတည်းတူနေလို့။ အဲဒီအောက်ကိုဆက်ကြည့်ဦး. . . မိန်းမအလှအင်္ဂါမှာ အမြတ်တင်စားပါတယ်ဆိုတဲ့ နှုတ်ခမ်းနှစ်လွှာက မုန့်ကုလားမဲ ဒိတ်အောက်ကြီးလို မည်းမည်းရွှဲရွှဲအက်အက်ကွဲကွဲကြီး။ အဲဒီ အောက်မှာကျမှ ရယ်လိုက်ရင် ကုန်းပြီးတစ်ပြုံလုံး ထွက်ထွက်လာတတ်တဲ့ သွားဖုံးကြီး။ ထွက်လာတဲ့သွားဖုံးရောင်က ပါပယ်ပလီန်း လို့ပြောရမှာပဲ ပီဘိခရမ်း ညိုရောင်မှိုင်းမှိုင်းကြီး။ အဲဒီအောက်ကိုဆက်ဆင်းကြည့်



ပြန်တော့ မညီညာတဲ့သွားစွယ်လေးက တပ်ဦးကထွက်ပြီးလဲ့နေတယ်။ ရှေ့သွားနှစ်ချောင်းအနက် တစ်ချောင်းတည်း ကွက်ခေါနေတော့ အဲဒီကွက်ပြီးခေါနေတဲ့ သွားဘေးမှာ သွားတိုက်တံမဝင်နိုင်တဲ့ နှစ်ချို့သွားချေးတုံးကြီးကလည်း ခုပဲဘာပဲ ဝင်စားခဲ့သလိုမျိုး။ အဲဒီအောက်ကိုဆင်းကြည့်လိုက်တော့ ငှက်ကြီးဝန်ပိုလို တွဲရွဲကျနေတဲ့ လည်စုလုတ်မည်းမည်းကြီးကို ဝက်ခြံဟောင်းတွေက စပေါ့ထိုးထားသေးတယ်။ စိတ်ပျက်သွားပြီလား မိတ်ဆွေ. . . သည်းခံပါဦး။ အဲ. . . လည်စလုတ်မည်းမည်းကြီးနဲ့တွဲဆက်နေတဲ့ လည်ပင်းတိုတိုမှာ သားရေပိုတွေက အတင်းတိုးပြီး အလုအယက် ကျပ်ခဲနေပြန်တော့ ပဒေါင်တို့ရဲ့ကြေးကွင်းစွပ်လည်ပင်းကို ဆယ်ပေါင်တူနဲ့အတင်းထုသွင်းထားသလိုမျိုး။ အဲဒီလိပ်လိပ်ထနေတဲ့ လည်တိုင်အလှကို ရှင်းရှင်းလင်းလင်းမြင်ရတယ်တော့လည်း မထင်ပါလေနဲ့ဦး. . . လည်ပင်းအရစ် အရစ်ပေါ် ချေးညှော်တွေလား၊ အသားပိုမှဲ့ခြောက်တွေလား တစ်ဖက်သားကိုထင်မှတ်မှားစေမယ့် ကျပ်ဖုများကလည်း ခွေးမကြီးနို့ ခွေးကလေးများ လုစို့နေသလို အပြွတ်လိုက်အခိုင်လိုက် သီးသီးထနေပုံကလည်း စီးပွားဖြစ် စပျစ်ခြံကြီးအတိုင်းပါပဲ။ အဲဒီအောက်ကိုရော ကြည့်ဦးမလား တော် တော်ပါတော့ဗျာ။ အတိုချုံးပြောရရင် ဒရက်ကူလာနှစ်ပြန်သေကြီးမကျွတ်မလွတ်လို့ ဖုတ်တစ္ဆေအဖြစ်ဝင်စားပြီး စုန်းတောက်ကစား ပြနေသလိုမျိုး။ မျက်နှာတစ်ကွက်တည်းနဲ့တင် အင်မတန်လက်ရာမြောက်တဲ့ လျှို့ဝှက်သည်းဖိုဝတ္ထုကြီး ဖတ်နေရသလို သည်းခြေကို ဒဲ့ခြိမ်းခြောက်နေတော့တာ။

အလှပါရမီ ခန်းခြောက်ပုံများပြောပါတယ်။

အဲ. . . အဲဒီလောက်ထိ ရုပ်တကြောက်စရာကောင်းတဲ့ ထားဦး၊ သည်းခံလို့ရသေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



အလုပ်ကရော . . .

တကယ့်ဂယောင်။

မိတ်ဆွေတို့ဘဝမှာ ဂနယောင်ပေါင်း မြောက်မြားစွာတွေ့ဖူးမှာပါ။ ဒါပေမယ့် အဲဒီဂယောင်အားလုံး လွန်ခြေခြေနဲ့တွေ့ရင် အတည်အတန့်သမားကြီးတွေဖြစ်သွားစေရမယ်။ အလုပ်ကိုလည်း ဘယ်ဟာကိုမှ အသေအချာ လုပ်တယ်ရယ်မရှိဘူး။

အိမ်နောက်ဖေးမှာ ထမင်းအိုးတည်ရင်၊ အိမ်ရှေ့မှာပါ အဝတ်တွဲလျှော်တယ်။ ထမင်းအိုး ရေဆေးလိုက်၊ ပြီးရင်အဝတ်တလေး ရေပြေးစိမ်လိုက်၊ ပြီးရင် မီးဖိုထဲ မီးပြန်ထည့်လိုက်၊ လျှော်ဖို့ထားတဲ့အဝတ်ပေါ် ဆပ်ပြာမှုန့်လေး ပြေးပုံလိုက်၊ မီးဖိုပေါ် ထမင်းအိုးပြန်ပြေးတင်၊ အဝတ်ကလေး တစ်ချက်နှစ်ချက်ပြေးဆော့၊ ထမင်းအိုးပြန်ဝင်မွှေ။ ဒီကြားထဲ အိမ်အလယ်မှာရှိတဲ့ ဝကြီးသမီး သူ့တို့မကို . . . .

"သမီးလေး ပုတူးတူးလေး၊ ကြီးကြီးအားရင် လာချီမယ်နော် အား ပလူးပလူး"

ဆိုပြီး လူကြားကောင်းအောင်က လုပ်သွားသေး။ သူထိန်းနေတယ်ပေါ့။ တကယ် ကလေးထိန်းခိုင်းရင် ဘယ်တော့မှမထိန်းဘူး။ အလုပ်ရှိလို့၊ ဖင်နာလို့ခေါင်းနာလို့ဆိုပြီး အကြောင်းအမျိုးမျိုးပြရှောင်နေတာ။ ကလေးကို အသေအချာလည်းထိန်းမခိုင်းရဲဘူး။သူဂယောင်ရိုက်ပုံ၊ ပြာယာခတ်ပုံနဲ့ ကလေးခမျာ မတွေးရဲစရာတွေဖြစ်ကုန်မယ်။

ဒီလိုနဲ့ အိမ်ရှေ့အိမ်နောက် ဘုန်းကြီးပျံဇယဉ်ကျူးနေတယ်ထင်ရလောက်အောင် လွန်းပျံပြေးနေတာနဲ့တင် ထမင်းအိုးလည်း ပျက်၊ အဝတ်တွေလည်းကွက်၊ ကလေးလည်း သေးတွေထွက်ပြီး





အားလုံး ပျက်စီးကုန်တော့တာပဲ။

အိမ်တွင်းမှာ မစွံလို့ အိမ်ပြင်မှာရော ဟုတ်မယ်ထင်လို့လား။ တက်လိုက်တဲ့ သင်တန်း။ ကမ္ဘာပေါ်မှာ သင်တန်းအဆက်နိုင်ဆုံးလူသားဖြစ်ပါဆို သူပဲရမှာ။

ဂီတ ဒီပလိုမာ၊ ကွန်ပျူတာ ဒီပလိုမာ၊ LCCI ၊ အင်္ဂလိပ်၊ ဂျပန်၊ ပြင်သစ်၊ တရုတ်စပီကင်၊ ရှေးဟောင်း၊ မီးသတ်၊ ကြက်ခြေနီ၊ အိမ်တွင်းစက်မှု ဟင်းချက် အစုံအစုံဝါပဲဗျာ။ သူတက်တဲ့ သင်တန်းတွေချရေးပြရင် ဒီစာအုပ်ဆုံးမှာမဟုတ်ဘူး။ သင်တန်းဟော့ အသံကြားရင်ကို လွန်းခြေခြေ တို့ကပ်ပါနေတာ။

ဒီလောက် သင်တန်းတွေဆင်းပြီး ဘာတတ်လဲမမေးနဲ့။ ဘာမှမတတ်ဘူး။ တစ်ခုဆင်းပြီး တစ်ခုတက်တာ အရင်ဟာတွေကို ဘာတစ်ခုမှ မသိတော့ဘူး ဂယောင်ပါဆိုနေ့။

ဝကြီးခမျာလည်း လူထူထူကြား သူ့ခယ်မပါသွားရင် တစ်ယောက်ယောက်တော့ မျက်စိမှောက်မှာပဲ အောက်မေ့ပြီး တက်ချင်သမျှ သင်တန်းအစုံ ပေးတက်တယ်၊ ပိုက်ဆံလည်း စိုက်ပေးတယ်။ ငါ့လက်ကလွတ် အေးရောဆိုပြီး။ ဒါပေမယ့် သမ္မာဒေဝနတ်ကောင်းနတ်မြတ်တို့ရဲ့ ဆန္ဒမဲက သူ့ဘက်ပါဝင်မှု အားနည်းနေတာမို့ သူ့ခယ်မ ဘယ်မျှ ရှစ်စပ်က ဂျင်ခြေလည်ပါစေ၊ သူ့အကြံမအောင်။ ဖူးစာရေးနတ်သားလေးကျူးပစ်တ ပစ်ကောင်းတဲ့အရာမဟုတ်ဘူးလို့ပဲ သတ်မှတ်ထားသလားမသိ၊ ထင်တာကတော့ ခေ့စေ့ကြည့်ပြီးကို မပစ်ရဲလို့ သူ့ရဲ့လေးနဲ့မြှားကိုဖွက်ထားပြီး လက်ရှောင်နေတာထင်ပါရဲ့။

ဒါကြောင့် ဝကြီးကိုယ်တိုင်ကလည်း အစွံ ထုတ်ချင်ဟိုကလည်းငမ်းငမ်းတက် သုံးလေးပိုင်း ခွဲသချင်အောင် လိုချင်ဖြစ်နေတာတောင်မှ ဘာမှဖြစ်မလာတား သူ့ကို ကူညီစောင်မမယ့်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်စောင့်နတ်ကလည်း ရှုးချင်ယောင်ဆောင်နေတာနေမှာပေါ့။

တစ်ခုတော့ ဖြစ်လာပါတယ်။ လူရှုပ်ရှုပ်ဖြစ်နေရင် သူခယ်မပါပြီ။ ဦးဆောင်သူလည်းမဟုတ်ဘူး။ နောက်လိုက်လည်းမဟုတ်ဘူး။ ဘေးကနေကန့်လန့်တိုက်ပြီး သူ့ဘာသာသူ ကပ်ပါနေတာ။ လူ့စလင်းဘက်။

ဒါကြောင့် မိတ်ဆွေတို့ကို သတိပေးတာပါ။ မိတ်ဆွေတို့ရဲ့ အနီးအနားမှာ မည်းမည်းဝဝ ရွဲရွဲပွပွမိန်းမကြီးတစ်ယောက် ခုန်ဆွခုန်ဆွနဲ့ ဆတ်ဆလူးထနေတာမြင်ရင် တခြားလူမဟုတ်ပါဘူး၊ ဝကြီးခယ်မ သရဲဗလပါပဲ။ ကြိုက်ရင်စာရင်းပေး ထောက်ပံ့ကြေးရမယ်။ ဒါပဲ။

မျက်နှာတစ်ကွက်
တည်းနဲ့တင်
အလမတန်
လက်ရာမြောက်
တဲ့လျှို့ဝှက်
သည်းမိုဝတ္ထုကြီး
ဖတ်နေရသလို
သည်းခြေကို
ဒွဲမြှိမ်းခြောက်နေ
တော့တာ။





"နွယ်မြက်သစ်ပင် ဆေးဘက်ဝင် ဆိုရပေမယ့် 'ကဲ . . ဟောဒီ မြက်ကို စားဆိုရင် ကျုပ်ကနွားမှမဟုတ်တာ၊ ဘာလို့စားရမှာလဲ' ,လို့ဆိုကြမယ်၊ ကဲ . . . မြက်ကတော့ ဒီမြက်ပဲ၊ ဒီမြက်ကိုပဲကြိတ်၊ လူအထင်ကြီးအောင် အသေအချာထုပ်ပိုးပြီး ချိုသာပျော့ပျောင်းတဲ့အပြောအဆိုနဲ့ 'ဒီဆေးဟာ (၉၆) ပါးရောဂါထဲက နှစ်ပါးတီတီ ပျောက်ကိုပျောက်တယ်ဗျ' လို့ပြောရောင်းမှ မင်းရဲ့ကုန်ပစ္စည်းရောင်းစွံတော့မှာပေါ့"

ဘုရင့်နောင် ကားပွဲစားတန်းဘေး လက်ဖက်ရည်ဆိုင်လေးမှာ ပွဲစား မျိုးမြင့်ထွန်းက

www.burmeseclassic.com

www.burmeseclassic.com



ဝကြီးကို Lesson တွေ ပေးနေခြင်းဖြစ်၏။

"တဲ . . . ခုနက ရိုးရိုးမြက်နဲ့ ထုပ်ပိုးပြီးရောင်းချတဲ့မြက်၊ တန်ဖိုးချင်းတူသေးလား"

မျိုးမြင့်ထွန်း၏စကားကို ဝကြီးက ခေါင်းကုတ်ပြီး . . .

"အခုဟာက ငါ့ခယ်မ လင်ပေးစားဖို့ ဆွေးနွေးနေတာလေ။ ဘယ့်နှယ်ကြောင့် စက်နဲ့ကြိတ်၊ အလုံးလုပ်၊ ပလတ်စတစ်အိတ်နဲ့ထုပ်တဲ့ဆိပ်ကပ်ရဦးမှာလဲ၊ မင်းဟာက တလွဲကွာ"

"တယ်လည်းဝေးတဲ့ ဝကြီးကွာ . . . ငါကလည်း မင်းခယ်မ ရုပ်ဆိုးမကြီးကို လင်မြန်မြန်ရသွားစေဖို့ ဥပမာနဲ့ ရှင်းပြနေတာ။ ဆိုလိုတာက မင်းခယ်မ ရုပ်ဆိုးမကြီးကို နောက်ဆုံးပေါ် ဒီဇိုင်းတွေဆင် ရေလေးဘာလေး ချိုးခိုင်း၊ ချေးပါတွန်းခိုင်း၊ ဩော် . . . နောက်ကြက်တူရွေး ဆပ်ပြာသိလား"

"သိတယ်လေ"

"ယိုးဒယားကလာတဲ့ ကြက်တူရွေးဆပ်ပြာနော်"

"သိပါတယ် ဆိုနေ၊ အဲဒါ ဘာဖြစ်လို့လဲ"






"အဲဒီဆပ်ပြာက ဝဲပျောက်တယ်တဲ့ကွ၊ ဒါကြောင့် ကြက်တူရွေးဆပ်ပြာလေး ဘာလေးတိုက်ခိုင်း၊ ဒါမှ လှလှပပ မွှေးမွှေးကြိုင်ကြိုင်လေးဖြစ်ပြီး လူစိတ်ဝင်စားတော့မှာပေါ့ မဟုတ်ဘူးလား။ ငါဆိုလိုတာက မြက်ကတော့ ဒီမြက်ပဲ၊ အရောင်းမြှင့်တင်ရေး အနေနဲ့ . . ."

မျိုးမြင့်ထွန်း စကားတောင် မဆုံးဘူး။ ဝကြီး ဝုန်းခနဲထပြီး

"တော်ပြီကွာ၊ ခယ်မ လင်ပေးစားဖို့ကို အရောင်းမြှင့်တင်ရေးလုပ်ရဦးမယ်တဲ့၊ အရောင်းမြှင့်တင်ရေးတော့ မလုပ်ဘူး၊ ဒစ်စကောင့်ပဲချပစ်မယ်၊ သမဝါယမ်ခေတ်တုန်းကလို ရောင်းမထွက်တဲ့ပစ္စည်းတွေ ရောင်းသလို ရေနံဆီနဲ့တွဲရောင်းပစ်မယ်၊ အပ်ချည်နှစ်လုံးနဲ့တွဲပေးမယ်၊ ငါ့ခယ်မယူတဲ့လူကို နေ့တွက် တစ်နေ့ခုနစ်ရာ ငါကိုယ်တိုင် စာချုပ်စာတမ်းနဲ့ ရာသက်ပန်ထောက်ပံ့မယ်၊ ပွဲစားဝကြီးကွ၊ ငါ့မှာ ရောင်းမထွက်တာဆိုလို့ ဝကြီးခယ်မသာရဲဗလပ်ရှိတယ်"

ဆိုပြီး စိတ်ဆိုးမာန်ဆိုးနဲ့အထွက် မျိုးမြင့်ထွန်းထံမှ . . .

"ဟ . . . ဟော့ကောင် လက်ဖက်ရည်ဖိုးလေး ရှင်းသွားဦးလေကွာ . . . အဟော့"

ဆိုသည့် အသံကြားရ၏။

ဝကြီး လှည့်မကြည့်တော့။ သူ့စိတ်ထဲတွင်တော့ . . .

"အင်း . . . မျိုးမြင့်ထွန်းပြောသလို ကြက်တူရွေး ဆပ်ပြာလေးဘာလေး ဝယ်သွားဦးမှပဲ"

ဟု စိတ်ကူးယဉ်လျက်။



www.burmeseclassic.com

www.burmeseclassic.com





အိမ်ပြန်ရောက်တော့လည်း အိမ်မှာ ဘယ်သူမှရှိမနေပြန်။ သူ့မိန်းမ သူ့ဇာလည်း အမျိုးအိမ်အကြောင်းပြကာ ရပ်ကွက်ထဲ လှည့်ပတ် အတင်းတုတ်နေမှာသေချာ၏။ ဒါက မျိုးနဲ့ရိုးနဲ့ ကိုဖြစ်လာတာ။

လက်ကြောမတင်း၊ အပျင်းလည်းဖက်၊
အရှက်မရှိ သတိကင်းကွာ၊ အိမ်စုံရှာပြီး၊
လှည့်ကာလိမ်ရှုပ်၊ အတင်းတုတ်သည်၊
ဘုတ်အီး ငပေါက် သားသားကြောက်၊
ဂေါက်မျိုးဂေါက်နွယ် ဝတ်ငါးသွယ်
တည်း။ ဆိုတဲ့ဝကြီးရဲ့ 'မိန်းမဝတ်' ကဗျာ
ထဲကအတိုင်း အစဉ်အလာမပျက်
စောင့်ထိန်းခဲ့တာ . . .။





သူတို့အမျိုးကို ဝကြီးက . . .

"စောင့်လေမျိုးနွယ်" လို့ခေါ်တယ်။

ဝကြီး သူ့ဘဝကို သူပြန်စဉ်းစားမိ၏။ သူယူလိုက်တဲ့ မိန်းမတစ်ယောက်တည်း။ ဒါတောင် မတော်တဆ ညားထားတာ။ သူ့ဇာက သူ့အိမ်အလည်လာပြီး ပြန်မဆင်းတော့ရာမှ ညားထားတာ။ ထားပါတော့ မိန်းမတစ်ယောက်ကတော့ မပြောသာပါဘူး။ ကိုယ်တလည်း ဆတ်ဆော့ထားလို့ ကလေးတောင် ရနေမှကိုး။

အဲ . . . ဆိုးတာက သူ့ဝတုတ်မကြီးပါ ခေါ်တင်ထားခြင်းပင်။ ကျွေးတာကမကျွေးနိုင်လို့မဟုတ်။ ကျွေးနိုင်သည်။

ဒါပေသည့် မျက်စိနောက်အောင်တော့ မလုပ်နဲ့ပေါ့။

အခုဟာက တစ်အိမ်လုံး ဘာလုပ်လို့ လုပ်နေမှန်းမသိအောင် ပျာယာခတ်နေတာ။ အလုပ်တွေလုပ်နေတာလား ဆိုတော့လည်း မဟုတ်ပြန်။ မလုပ်ဘူးလားဆိုတော့လည်း မဟုတ်ပြန်။ လုပ်တော့လုပ်နေတယ်။ ဘာလုပ်နေမှန်းကို မသိ။ အိမ်ကြည့်တော့လည်း တစ်အိမ်လုံး သူတို့အဝတ်တွေ အရှုပ်တွေ၊ အရှုပ်တွေ အရှုပ်ထုပ်တွေနှင့် ပွပြဲပလဲနေတယ်။ ပြောလိုက်ရင်လည်း . . .

"ဒီတစ်အိမ်လုံးငါတစ်ယောက်တည်း သိမ်းကျုံးလုပ်နေရတာ . . . ငါမို့ လုပ်နိုင်တာ . . . နော် . . . နင်တို့အလုပ်သမားခေါ် လုပ်ကြည့်ပါလား . . . ဟွင်း . . . လောက်တောင်တက်သွားဦးမယ် . . ."

ဆိုတာကပါသေး။ သူ့ကြောင့် လင်မယားရန်ဖြစ်ရတဲ့ အကြိမ်ပေါင်းလည်းမနည်း။ ဘာကြောင့်လဲဆို ဒီကောင်မကြီးက ကတုံးကတိုက်ကလုပ်သေး။ ပြောလိုက်ရင်လည်း ဆပ်ဆပ်ထိမခံသေး အငိုကလည်း ထူသေးဆိုတော့ကာ . . .။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ဝကြီးက ဒီကောင်မကြီး လင်မြန်မြန်ရမှ အေးမယ်ဟုစဉ်းစားပြီး သူ့ခယ်မလင်အမြန်ရရန် နည်းလမ်းကောင်းများ ထိုင်၍စိတ်ကူးယဉ်နေရခြင်းဖြစ်တယ်။ ပွဲစားသိက္ခာကျတာလည်းပါတာပေါ့။ ဘာကြောင့်ဆို ဒါကြီး ရောင်းမထွက်ဘဲအိမ်ရှေ့ အငုတ်တည့်နေတာကြာ . . . ကြာမှကိုး။

ဆိုက္ကားသမားအောင်ကြီးနဲ့ဆို သင့်တော်မလား၊ စပယ်ယာလိုက်နေတဲ့ အောင်သွေးရော၊ ရေထမ်းရောင်းတဲ့ ဝပုဆိုရင်မဆိုး၊ နောက် မိန်းမမှန်ရင် တွေ့မရှောင်ပစ်မှားတတ်တဲ့ ကောင်လေးနဲ့

အလုပ်များသူများ







ရော။ အို . . . ဘာပဲဖြစ်ဖြစ် ဒီကောင်မကြီး ဘယ်သူနဲ့ရရအေးတာပဲဟု တွေးရင်း . . .

ဟုတ်ပြီ အကြံရပြီ။ ဒီအကြံကို အကောင်အထည်ဖော်ရမယ်။ သူ့ခေါင်းထဲတွင် ဝင်းခနဲလက်ခနဲ။ မျက်နှာလည်း ချက်ချင်းပြုံးယောင်သန်းသွား၏။






www.burmeseclassic.com

www.burmeseclassic.com





နောက်တစ်နေ့မနက် အစောကြီးမှာ ဝကြီး သူ့အိမ်ရှေ့ စားပွဲခုံတစ်ခုံမှာ၊ ထိုင်ခုံ ခြောက်လုံးခင်းပြီး အေးဆေးသက်သာပုံစံနဲ့ ထိုင်နေတယ်။

သူ့ရင်ဘတ်ကြီးထဲမှာတော့ အော့အန်ချမတတ် မျှော်လင့်ချက်တွေပြည့်လို့။

သူ့အိမ်ရှေ့မှာကလည်း လမ်းမကြီး ဆိုတော့ ဖြတ်သွားဖြတ်လာ လူအားလုံး သူ့ကို မြင်နေရတယ်။ စားပွဲပေါ်မှာလည်း ရေနွေးကရားနဲ့ မုန့်မျိုးစုံတင်ထားတယ်၊ ဈေးသွား ဈေးပြန် မိန်းမကြီးတွေ ဝကြီးကို ကွက်ကြည့် ကွက်ကြည့်လုပ်သွားကြတယ်။





ဝကြီးကတော့ ဂရုမစိုက်ဘူး။ သူလိုချင်တဲ့ လူတွေကိုပဲ ခပ်တည်တည်နဲ့ မျှော်နေလိုက်တယ်။

သိပ်မကြာဘူး။ ရပ်ကွက်ထဲ ရေလှည့်ပတ်ရောင်းနေတဲ့ ဝပုဆိုတဲ့ကောင် ခေါင်းငိုက်စိုက်ငိုက်စိုက်နဲ့ ထွက်လာတယ်။ ဝပုက နေ့စဉ်နံနက်တိုင်း သူ့အိမ်ရှေ့ကဖြတ်ပြီး လမ်းထိပ်ကမိုးကြီး လက်ဖက်ရည်ဆိုင်မှာ လက်ဖက်ရည်သောက်နေကျ။

ဝပု သူ့အိမ်ရှေ့ရောက်တော့ ဝကြီးက ဝမ်းသာအားရပင်

"ဟေ့. . . . ကောင်လေး ဝပု ဘယ်တုံးဟ"

ဘယ်တုန်းကမှ အခေါ်အပြောမရှိတဲ့ ဝကြီးရဲ့ ပြုံးရွှင်တဲ့ ခေါ်သံကြောင့် ဝပု အံ့အားသင့်သွားတယ်။

ဒါကို ဝကြီးက . . .

"လမ်းထိပ် မိုးကြီးဆိုင်ထင်တယ်။ လာပါဦးကွ ဒီကို ဆွေးနွေးစရာလေး ရှိလို့. . ."

ဆိုပြီး ခေါ်လိုက်တယ်။

ဒါကို ဝပုက ဘုမသိဘမသိ ခေါင်းကုတ်ပြီး . . .

"နေဦးဗျ။ ဆွေးနွေးမယ်ဆိုလည်း နောက်မှဆွေးနွေး။ ကျွန်တော် ဗိုက်ဆာလို့ လက်ဖက်ရည်သွားသောက်လိုက်ဦးမယ်"

ဝကြီးက ပြုံးပြီး . . .

"လက်ဖက်ရည် ငါတိုက်မှာပါကွ။ ဒီမှာကြည့်စမ်း။ မုန့်တွေလည်းအစုံဗျာ။ ဟောဒီမှာ ရွှေပုစွန်ကိတ်၊ ဟောဒါက နိုင်ငံခြားက လာတဲ့ ပူတင်း၊ မင်း မိုးကြီးဆိုင်မှာ ဒါမျိုးမရဘူးကွ။ နောက်ပြီး လက်ဖက်ရည်လည်းငါဖျော်ထားတယ်။ ချက်နို့ဆီ မဟုတ်ဘူးနော်။ ရှယ်ဘူးနို့ဆီ။ လက်ဖက်ခြောက်ကတော့ ရှမ်းပြည်နယ်က လက်ဖက်ခြောက် ဘာကောင်းသလဲမမေးနဲ့။ တစ်ခွက်သောက်ပြီး တစ်သက်



www.burmeseclassic.com

www.burmeseclassic.com



ကြောက်စေရမယ် . . အဲလေ့ . . တစ်သက်မမေ့စေရဘူး"

ဆိုတော့ ဝပုလည်း မငြင်းသာတော့ဘူး။ မျက်လုံးလေး ကလယ်ကလယ်နဲ့ သူ့စားပွဲရောက်လာတယ်။

"လာပါကွ ဒီမှာထိုင်။ တို့တွေက တစ်ရပ်ကွက်တည်းသား ညီအစ်ကိုတွေပဲ။ အားနာစရာမလိုပါဘူး။ ဟဲဟဲ. . ."

ဝပုက ခုံတစ်ခုမှာ ဝင်ထိုင်လိုက်တယ်။ သူထိုင်တဲ့ခုံကလည်း သိတယ်မဟုတ်လား။ လမ်းမကို ကျောခိုင်းပြီး သူ့အိမ်ဘက် မျက်နှာမူထားတဲ့ခုံ။ ဒါဝကြီးရဲ့ မိန်းမားကပ် ဝကြီးရဲ့အစီအမံ။

"ကဲ. . . စားပါကွ။ ကြိုက်တာစား။ ဟောဒီမှာ လက်ဖက်ရည် မိုးကြီး ဆိုင်မှာလို တစ်ခွက်မဟုတ်ဘူး၊ အဝသောက် စိတ်ကြိုက်သောက်"

ဆိုပြီး လက်ဖက်ရည်ကို ကိုယ်တိုင်ထည့်ပေးတယ်။

ဝပုက စားပွဲပေါ်က မုန့်တွေကိုကြည့်ပြီး ခေါင်းကုတ်ကာ. .

"ကျွန်တော်က ဒီလိုမုန့်တွေ မစားတတ်ဘူးဗျ။ မနက်လင်းတယ်ဆိုတာနဲ့ ထမင်းကြော်လေး နှစ်ပွဲလောက်စားရမှ တင်းတိမ်တာ"

ဝပုစကားကို ဝကြီးက မေ့လျော့သွားဟန်နဲ့ နဖူးကို သူ့လက်ဖနောင့်နဲ့ထုပြီး . . .

"ဟာ. . . အဲဒါကို မေ့နေတာ အဲဒါကိုမေ့နေတာ မင်းတို့ ပင်ပင်ပန်းပန်းလုပ်ရတဲ့ လူတွေဆိုတော့ အစားများများစားရမှ ထင်းတိမ်မှာပေါ့ ဟုတ်လား။ အခု ဒါလေးပဲ လွေးထားလိုက်။ မနက်ဖြန် ထမင်းကြော် ငါကြော်ထားပေးမယ်။ ရှယ်ကြော်မှာနော်"

"ဟင်"

ဝကြီးစကားကြောင့် ဝပု ကြောင်သွားတယ်။





နောက် တအံ့တသြနဲ့ . . .

"ဟင်. . , ခုနခင်ဗျားပြောတော့ ကျုပ်နဲ့ ဆွေးနွေးစရာရှိလို့ ဆို၊ ဆွေးနွေးတာက နှစ်ရက်တောင်ကြာမှာလား . . . အဲဒီလောက် ဆိုရင်တော့ ကျွန်တော်မအားဘူးနော်"

ဝကြီးက သူမှုပျက်နေတာ သတိရသွားပြီး ရှက်ကိုးရှက်ကန်းနဲ့ . . .

"သြော်. . . ဟုတ်သားပဲ။ ဆွေးနွေးချင်တယ်ဆိုတာက ဒီလိုလေ. . ငါ့အိမ်က ရေစက်က နည်းနည်းပျက်ချင်ချင်ဖြစ်နေလို့ကွ၊ အဲဒါ. . ."

"ဟ . . . ရေစက်ပျက်ရင် ရေစက်ပြင်ဆရာခေါ်ပေါ့ဗျ။ ကျွန်တော်တို့လို ရေထမ်းရောင်းတဲ့သူက ဘယ်ပြင်တတ်မှာလဲ"

"အေး. . . ငါလည်း အဲဒါပြောမလို့။ ရေစက်ပြင်ဆရာ ဘယ်သူ့ခေါ်ရင် ကောင်းမလဲလို့ မင်းနဲ့တိုင်ပင်ချင်တာ"

ဝကြီးစကားကို ဝပု မျက်မှောင်ကြုတ်လိုက်ပြီး . .

"ခင်ဗျားဟာက သဘောရိုးမဟုတ်သေးဘူးထင်တယ်နော်။ ယတြာများ ခြေနေတာလား"

ဝကြီး ရယ်ကျဲကျဲလုပ်ပြီး . . .

"ယတြာချေတာ မဟုတ်ပါဘူးကွာ။ စေတနာပဲ့။ စေပါ . . . စေစစ်စစ်တွေပါကွာ . . ဝပု အပေါ်ထားတဲ့ ဝကြီးစေပါ ဟီးဟီး"

ဆိုပြီး ရောချလိုက်ရတယ်။

အင်မတန် စကားလည်ပါတယ်ဆိုတဲ့ ပွဲစား၊ ခယ်မ လင် ပေးစားဖို့ အရေးမှာတော့ အထစ်ထစ်အငေါ့ငေါ့ ဖြစ်နေတယ်။

ဝပုကတော့ သူ့ဖျော်ပေးတဲ့ လက်ဖက်ရည်ကို တစ်ငုံငုံရင်း သူ့မျက်နှာကို မသက်သာသလို ကြည့်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်မှာပဲ ကံကောင်းချင်တော့ . . .

"ဟော့ . . . တင်မောင်တည်"


လမ်းပေါ်လျှောက်လာတဲ့ ကျောင်းဆရာ တင်မောင်တည်ကိုမြင်တော့ ဝကြီးဝမ်းသာအားရလှမ်းခေါ်လိုက်တယ်။ ကျောင်းဆရာ တင်မောင်တည်ကလည်း ဝကြီးကိုမြင်တော့ ရွှင်ပြတဲ့မျက်နှာနဲ့ . . .

"ဟ . . . ပစဝက(ပွဲစားဝကြီး)ပဲ၊ ဘယ့်နှယ် အိမ်ရှေ့မှာ ထွက်ပြီး လက်ဖက်ရည်တွေ ဘာတွေ သောက်လို့။ ဘာခွင်ကောင်းတွေ မိထားပြန်ပြီလဲ"

ဆိုပြီး ဝကြီးတို့ရှိရာ လှမ်းလာတယ်။

ဒါကို ဝကြီးကလည်း ဝမ်းသာအားရပဲ . . .

"လာလေဗျာ၊ လာ . . . ကြုံတုန်း လက်ဖက်ရည်လေး မုန့်လေး ဝင်လွေးသွားပါဦး။ မုန့်တွေကလည်းစုံသဗျ။ ကျုပ်ဒါနပြုတာပါ"








စားပါးဝနေတဲ့ ကျောင်းဆရာလည်း ဝပုနားဝင်ထိုင်ပြီး . .

"ဒါနပြုတယ်ဆိုရင်လည်း ပါရမီဖြည့်ရတာပေါ့၊ ကဲ . . . စားပြီဗျ"

ဆိုပြီး အကောင်းဆုံးမုန့်တစ်ခုကို တစ်လုပ်တည်း ငွပ်ခနဲ ပါးစပ်ထဲ ထိုးထည့်လိုက်တယ်။

ဝကြီးကတော့ လက်ဖက်ရည်ဖျော်ပေးရင်း . . .

"ကျောင်းဆရာ လက်ဖက်ရည် ဘယ်လိုကြိုက်လဲ"

"ကျဆိမ့်ပါဗျာ။ ထုံးစံအတိုင်း နို့ဆီပိုထည့်"

ဝကြီးက ကျောင်းဆရာ ညွှန်ကြားတဲ့အတိုင်း လက်ဖက်ရည်ဖျော်ပေးတယ်။

"ရပြီဗျာ . . . ကျဆိမ့်လေး"

ကျောင်းဆရာက ဝကြီးဖျော်ပေးတဲ့ လက်ဖက်ရည်တစ်ငုံ ယူသောက်ရင်း . . .

"အား . . . ကောင်းတယ်ဗျာ။ ဂွတ်တော့(စ်)။ ခင်ဗျားသာ ပွဲစားမလုပ်ဘဲ လက်ဖက်ရည်ဖျော်စားရင် မိုးကြီးတို့ မွဲရချေသေးရဲ့ . . . ဟဲဟဲ"

ကျောင်းဆရာက သူ့ဝသီအတိုင်း ရရင်ရသလောက် ဖောတယ်။ ဝကြီးက သဘောကျသလို ပြုံးလျက်။

အဲဒီအချိန်မှာပဲ . . .

"ဟေး . . . ကျောင်းဆရာတို့၊ ဝကြီးတို့၊ ဝပုတို့ပါလား။ ဘာလုပ်နေကြတာလဲ"

ဆိုတဲ့ အော်သံကြားရတယ်။ လှည့်ကြည့်လိုက်တော့လမ်းထိပ်အသံသွင်းစတူဒီယိုက အသံဖမ်းဆရာကိုကိုလွင်။ ထုံးစံအတိုင်း ဖောက်သည် အောင်ကြီးနင်းလာတဲ့ ဆိုက်ကားပေါ်မှာထိုင်လို့



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . . ကိုကိုလွင်နဲ့ အောင်ကြီးတို့ပဲ။ လာကြ လာကြ လက်ဖက်ရည်ဝင်သောက်ကြပါဦး"

နှစ်ယောက်လုံးက တဟီးဟီးတဟားဟားနဲ့ . . .


"အလကားရတာပဲ သောက်ပေးရတာပေါ့။ ဟီးဟီးဟီး"

ဆိုပြီး သွားဖြီးကြီးတွေနဲ့ ဝကြီးတို့ဆီကို ဝင်လာကြတယ်။ ဝကြီးကတော့ ပြုံးရွှင်တဲ့မျက်နှာနဲ့ လက်ဖက်ရည်ဖျော်ပေးရင်း . .

"ရပါတယ်ဗျာ။ တစ်ရပ်ကွက်တည်းသားချင်းတွေပဲ။ ဒါနဲ့ ခင်ဗျားတို့က ဘယ်သွားကြမလို့လဲ"

ကိုလွင်က အောင်ကြီးဘက် မေးငေါ့ပြရင်း . . .

"ဟိုမှာလေ အောင်ကြီးက သူတို့အိမ်နားက မင်းသားပြုတ် မုဆိုးပြန်ရောက်လာပြီး သမင်သားပါလာလို့တဲ့။ အဲဒါ နည်းနည်း သွားဝယ်မလို့. . ."






ဝကြီးလာစကားရောဖောရောဖြင့် . . .

"ဘာလဲကွ . . . မင်းသားပြုတ်မုဆိုးဆိုတာ"

"ဪ . . . ဒီလို . . မုဆိုးက . . . အရင်ဗီစီဒီတွေ ဗီဒီယို တွေရိုက်နေရာက မအောင်မြင်လို့ လင်းခေးပြန်ပြီး မုဆိုးလုပ်နေတဲ့ လူ . . . အခုသူ သမင်ရလာလို့တဲ့ . . ."

ကိုလွင့်စကားကို ဘယ်နေရာကရရ ဝင်ဖောမယ်လို့ ဆုံးဖြတ်ထားတဲ့ ကျောင်းဆရာက . . .

"ဟုတ်တယ်ဗျ။ သမင်သားက သိပ်နူးညံ့တာ။ ကျုပ်လည်း ကျောင်းဆရာမလုပ်ခင်က မုဆိုးလုပ်ခဲ့တာ။ သားကောင်တော့ အကုန်ပစ်ဖူးရဲ့"

သူ့စကားကို ဆိုက္ကားသမားအောင်ကြီးနဲ့ ကိုလွင်တို့က ခါသွားတယ်။ ဒါပေမယ့် ဝကြီးကတော့ . . .

"ဟုတ်လား။ လုပ်စမ်းပါဦး။ ခင်ဗျားရဲ့ တောတောင် အတွေ့အကြုံ"

ဆိုတော့ မြှောက်ပေးသူရှိရင် ဘာတက်အောင် က,တယ် ဆိုလား။ အေး . . . အဲဒီလိုလူ ကျောင်းဆရာက . . .

"ကျား၊ ဆင်၊ သမင်၊ ပြောင် ပစ်တာတွေကတော့ ပြော မနေပါနဲ့ဗျာ။ အဲ . . . တစ်ခါတော့ တောအခြောက်ခံရတာ။ တော်ရုံလူဆို သွေးပျက်လောက်တယ်။ ကျုပ်မို့လို့ပေါ့ဗျာ။ ကျုပ်မို့ပေါ့။ ကျန်တဲ့သူဆို ရူးပြီ"

ကျောင်းဆရာက သူ့ရင်ဘတ်ပိန်ပိန်ကို တဗုန်းဗုန်းထုရင်း ပြောတယ်။ ဒီတစ်ခါတော့ သူ့စကားကို အားလုံးစိတ်ဝင်စားသွား ကြတယ်။

"လုပ်စမ်းပါဦးဗျ။ တောခြောက်တယ်ဆိုတာ. . ."



www.burmeseclassic.com

www.burmeseclassic.com



ကိုလွင်ရဲ့အမေး။ အောင်ကြီးနဲ့ ဝပုက သူ့ကို ငေးနေတယ်။

"တစ်ခါကဗျာ။ ကျုပ်လည်း တောတက်သွားပြီး ရေတံခွန်တစ်ခုရဲ့ဘေးမှာ သုတ်ကိုင်းထောင်ရင်း ဘာသားကောင်များ ရှိမလဲဆိုပြီး ချောင်းနေတုန်း ဖြုန်းဆို သမင်ဖိုကြီးတစ်ကောင်ပေါ်လာပါရောလား။ သမင်ဖိုကြီးကလည်း ကြီးသလားမမေးနဲ့ ကျုပ်တို့ ရင်ညွန့်လောက်ရှိမယ်။ အဲဒီမယ် ကျုပ်လည်းအပိုင်ပဲဆိုပြီး သေနတ်ကိုင့်ပြီး မောင်းအတင် လားလား. . . ခုနကသမင်ကြီးက ကျားကြီးဖြစ်သွားပါရောလား။ ကျုပ်ကလည်းကျုပ်ကိုးဗျ။ သူများမှမဟုတ်တာ ကျားဆိုလည်း ပစ်တော့မဟဲ့လို့ သေနတ်ကို အချိန်။ အဲဒီအချိန်ကျမှ ကျားကြီးက မတ်တပ်ထအရပ်။ အောင်မလေးဗျာ. . . အဲဒီကျားကြီးကနေ အမွေးအမှင်တွေ ထူလပျစ်နဲ့ရုပ်ဆိုးဆိုးနဲ့ အကြီးကြီး ကောင်ကြီးဖြစ်သွားပြီး ကျုပ်ကိုအစွယ်ကြီးဖြဲပြီး . . ဟမ်း . . ဆိုလုပ်ထည့်လိုက်တာ"

ကျောင်းဆရာရဲ့အာဝဇ္ဇန်းနဲ့ အားလုံးနောက်လန်ပြီး လန့်တုန်ကြတယ်။

သူ့စကားကို အားလုံး မျက်လုံးအဝိုင်းသားနဲ့ ငေးကြည့်နေကြတယ်။

"အဲဒီမှာ အဲဒီသရဲလိုကောင်ကြီးက ကျုပ်ဆီ ခုန်အထ။ ခုန် . . ခုန် . . ဟင်"

ကျောင်းဆရာ စကားကို ထပ်မဆက်ဘဲ မျက်လုံးကြီးပြူးပြီး ဝကြီး အိမ်ဘက်ကို ကြောက်လန့်တကြား ငေးကြည့်နေတယ်။ လက်ညှိုးလေးကလည်း ကွေးကွေးလေးထိုးလို့။

သူကြည့်နေရာကို အားလုံးကြောင်စီစီနဲ့လှည့်ကြည့်လိုက်တော့ . . .

"ဟင်"





"အလို. . ."

"ဘာကြီးလဲဟ"

ဆိုပြီး အာမေဍိတ်သံ ထွက်ကုန်တယ်။

ဝကြီး မသက်သာလို့ လှည့်ကြည့်လိုက်တော့ . . .

"အောင်မယ်လေးဗျ"

သူတောင် ယောင်ပြီး ခုန်ထသွားမိတယ်။

ဟုတ်တယ်။

အိမ်ပေါက်ဝမှာ သူ့ရဲ့ခယ်မသရဲဗလကြီး အိပ်ချင်မူးတူးဖြစ်ပြီး ထဘီရင်ခေါင်းစည်းကာ ဆံပင်ကြီးစုတ်ဖွားနဲ့ ပါးစပ်မှာလည်း အဖြူဖ[illegible]တွေကပ်ပြီး မျက်ချေးတွေချွေးတွေထွက်ပြီး ဆောင့်ကြောင့်ကြီးထိုင်နေတယ်။

ခုနက သရဲမကြောက်ဘူးလို့ ကြွေးကြော်နေတဲ့ ကျောင်းဆရာ တင်မောင်တည် ကိုင်ထားတဲ့ လက်ဖက်ရည်ခွက် ဂပ်ဂပ်ဂပ်ဂပ် မြည်အောင်တုန်နေတယ်။

အသံဖမ်း ကိုကိုလွင်ရဲ့ မျက်လုံးမှာ မျက်ရည်တွေ ဝိုင်းလာပြီး ဆို့တက်သွားတယ်။ ဆိုက္ကားသမားအောင်ကြီး မုန့်ထိုးထည့်တုန်းမို့ဖြစ်မယ်၊ ပါးစပ် ပြန်မပိတ်နိုင်သေးဘူး။ ဝပုမျက်နှာကြည့်တော့လည်း ရွှေသွားဆုပ်ပြီး မျက်လုံးကြီးသေနေတယ်။

အဲဒီအချိန်မှာပဲ သူ့ခယ်မ အိမ်ပေါက်ဝက ဆတ်ခနဲအထ. .

"အောင်မယ်လေးဗျာ ဆင်းလာပြီဗျ။ တောထဲကကောင်ကြီးလိုက်လာပြီဗျ"

"ဟ. . ဟ. . လုပ်ကြပါဦး၊ လုပ်ကြပါဦး"

"ငါ့ဆိုက္ကား ငါ့ဆိုက္ကား. . ."

ဆိုပြီး တင်မောင်တည်ရယ်၊ ကိုလွင်ရယ်၊ အောင်ကြီးရယ်



www.burmeseclassic.com

www.burmeseclassic.com



သုတ်ခနဲ ထပြေးကြတယ်။ ဝပု ကတော့ ကြောင်တောင်တောင် ဆိုင်လျက်။

ဟိုကောင်မရဲ့ မျက်နှာကလည်းဗျာ။ ဖြီးလိမ်းပြင်ဆင်ပြီးရင်တောင် လူကြောက်ပါတယ်ဆိုနေမှ အခုလိုအိပ်ချင်မူးတူးနဲ့ မပြင်ရမဆင်ရသေးတဲ့ အချိန်ဆိုတော့ စဉ်းစားသာကြည့်။ မယ်ကုဝဏ်ဖဲရှုံးနေတုန်း သံပုရာသီးကိုက်မိတဲ့ရုပ်မျိုး။ မြင်ဖူးနေကျသူတောင် လန့်တယ်။

ဝပုကတော့ ဘာကြောင့်ရယ်မသိဘူး။ လွန်းဒွေးဒွေးကို ကြောင်ငေးကြည့်နေတယ်။ ဘာပဲပြောပြော တစ်ယောက်ကျန်သေးတယ်ဆိုတော့ ဝကြီးဝမ်းသာသွားတယ်။

ဒါကြောင့် အရင်ဆုံးရောက်လာတဲ့ နောက်ဆုံးလက်ကျန် လူ့ခွင်းတောင်းကို အပြုံးတစ်ပွင့်နဲ့ ဖွင့်ခြွေလိုက်တယ်။

"အဟဲ. . ."

ဝပုက သူ့ကို မကြည့်ဘူး။ လွန်းဒွေးဒွေးကိုပဲ ကြည့်နေတယ်။ သေချာပြီ။ သေချာပြီ။ ဒီကောင် လွန်းဒွေးဒွေးကို မြင်မြင်ချင်းကြွေနေပြီ။ ဟိုက နံနက်အိပ်ရာနိုးကာစ ကပိုကယိုအလှကို ဒီကောင် စက်စက်ယိုပြီ။ မျက်လုံးကလည်း အရည်လည်လို့။

"ဒီမှာ. . . ဒီမှာ. ."

ဝကြီးက ထပ်ခေါ်တယ်။

ဝပု သူ့ကို လှည့်မကြည့်ဘူး။ လွန်းဒွေးဒွေးကို ငေးလျက်။

ဝကြီး အပျော်လွန်ပြီး . . .

"ဒီမှာ ဝပု"

ဆိုပြီး ပခုံးကို တို့လိုက်မှ ဝုန်းခနဲမြည်သံနဲ့ အတူ ဝပု နောက်ပြန်ကြီး ဖုန်းဆို လဲကျသွားတယ်။



"ဟာ. . ."

အဲဒီတော့မှ ဝကြီးလည်း သဘောပေါက်သွားတယ်။

ဝပု လွန်းဒွေးဒွေးကိုကြည့်နေတာ ကြွေလို့ကြည့်နေတာမဟုတ်ဘဲ၊ အကြောက်လွန်ပြီး ငုတ်တုတ်မေ့နေတာ။




www.burmeseclassic.com

www.burmeseclassic.com





နောက်တစ်နေ့ မနက်မှာလည်း ဝကြီး ထုံးစံအတိုင်း စားပွဲခုံလေးခင်း ထိုင်ခုံတွေချပြီး ထမင်းပါကြော်ထားသေးတယ်။

ဘာပဲပြောပြော ဒီကနေ့တော့ မျက်စိယဉ် လောက်ကြပြီလေ။ မျက်စိယဉ်သွားရင်ရပြီ။ ကျန်တာ ရှူအလိုလိုဖြစ်သွားလိမ့်မယ်။ သူတွေး နေတုန်းမှာပဲ မြင်လိုက်ရတာကတော့ လမ်းမဘက် ငိုက်စိုက်ငိုက်စိုက် လျှောက်လာနေတဲ့ ဝပု။

"ဟေး. . . ဝပု"

သူ့ရဲ့ ဝမ်းသာအားရ ခေါ်သံ။

သူ့အသံကြားတာနဲ့ ဝပု တွန့်ဝင်သွား



တယ်။ ပြီးတော့ အိမ်ဘက်ကြည့်လိုက်၊ သူ့ကို ပြန်ကြည့်လိုက်လုပ်ပြီး မျက်နှာမာကြီးနဲ့ . . .

"ဘာလဲ" ဆိုပြီး သံပြတ်ကြီးနဲ့ ပြန်မေးတယ်။

ဒါကို ဝကြီးက လွန်စွာပြုံးချိုသော မျက်နှာဖြင့် . . .

"ဒီမှာ မင်းကြိုက်တယ်ဆိုတဲ့ ထမင်း ငါကြော်ထားတယ်၊ ကြက်ဥနဲ့ ဝက်သားနိုင်းချင်းပါကွာ။ ထမင်းကိုက ထောပတ်ကလေး နဲ့ကြော်ထားတာ အိနေတာပဲ။ လာပါကွ. . ဟီးဟီး"

ထမင်းကြော်အသံကြားတော့ ဝပု စိတ်ဝင်စားသွားတယ်။ နောက်မှ သတိရသွားသလိုဟန်မျိုးနဲ့ ခြေလှမ်းကိုပြန်ပြင်လိုက်ပြီး. .

"မစားပါဘူးဗျာ။ ခင်ဗျားဟာစားရတာ နည်းနည်း။ ဟိုဟာ ကြီးနဲ့ ခြိမ်းခြောက်တာကများများ"

"ဘယ်ဟာကြီးနဲ့ ခြောက်မိလို့လဲ"

"ခင်ဗျား မသိချင်ယောင်ဆောင်မနေပါနဲ့။ အဲပုပ်ကောင် တုက်ထောင်ထားတဲ့ရုပ်နဲ့ဟာကို။ ကဲ. . . ကျွန်တော်သွားမယ်၊ လမ်း တွေ့ရင်လည်း ကျုပ်ကိုမခေါ်နဲ့၊ ဒါနောက်ဆုံးစကားပဲ"

ဆိုတော့ ဝကြီးက ဝပုရှေ့ ပိတ်ရပ်ရင်း . . .

"နေ . . . နေပါဦးကွာ၊ ငါပြောပါရစေဦး"

ဆိုပြီးကာထားတယ်။ ဒါကို ဝပုက သူ့ကိုလက်ညှိုးထိုးပြီး. .

"ခင်ဗျား ဖယ်ရင်ဖယ်နော်။ မဖယ်ရင်ရဲတိုင်မယ်. . . ဟင်း"

ဝပုစကားကြောင့် ဝကြီးကြောင်သွားတယ်။ အဲဒီအချိန်မှာပဲ ဝပုက သူ့ကိုကျော်တက်ပြီး . . .

"ဟာ . . . ဟေ . . . ဟေ့ . . ဝပု . . ဝပု"

သူတားချိန်တောင် မရလိုက်ဘူး။ ဝပုခမျာ နားနှစ်ဖက် ပိတ်ပြီး ခြေကုန်သုတ်တော့တာ။

www.burmeseclassic.com

www.burmeseclassic.com



ဝကြီး စိတ်ပျက်လက်ပျက် သက်ပြင်းချလိုက်တယ်။

အဲဒီအချိန်မှာပဲ နောက်တစ်ယောက်ကိုထပ်တွေ့တယ်။

"ဟေး . . . ကျောင်းဆရာ ကိုတင်မောင်တည်"

သူ့ခေါ်သံလည်းကြားရော ကျောင်းဆရာတင်မောင်တည် ပါလာတဲ့ သူ့လွယ်အိတ်ကို မျက်နှာကွယ်ပြီး ခြေကုန်သုတ်ပြန်တာ ပါပဲ။

တောထဲမှာ ကျားတွေ ဆင်တွေ မကြောက်မရွံ့ပစ်ခဲ့တယ် ဆိုတဲ့ တင်မောင်တည် ဘယ်လောက်ချောက်ချားစရာ တွေ့ရလို့လဲ မသိဘူး။ လှည့်ကို မကြည့်တော့တာ။

"ဟေး. . . ကိုတင်မောင်တည်. . ကိုတင်မောင်တည်"

သူတစ်ခါခေါ်တိုင်း တင်မောင်တည်ခမျာ တင်ပါးဆုံ တစ်ခါ ဖျန့်ဖျန့်သွားပြီး ခြေလှမ်းအရှိန်မြှင့်သွားတာ ပြေးသွားသလားတောင် အောက်မေ့ရတယ်။ သူ့ခမျာ မြို့ပေါ်နေရင်း တောခြောက်ခံထားရ တယ်နဲ့တူပါတယ်။

ဝကြီး သက်ပြင်းချလိုက်တယ်။ သူ့တက္ကနစ် မအောင်မြင် လို့လေ။ ဘယ်လိုဆက်လုပ်ရင်ကောင်းမလဲ စဉ်းစားနေတုန်းမှာပဲ ကိုလွင်နဲ့အောင်ကြီး ဆိုက္ကားကြီးနဲ့ . . .

"ဟေး. . ကိုလွင်၊ ဟား. . . အောင်ကြီး"

သူ့ရဲ့ ဝမ်းသာအားရခေါ်သံ။ ဟိုနှစ်ယောက် ခေါင်းကို ငုံ့ပြီး . . .

"ဟော့ကောင် နင်းပါဟ၊ မြန်မြန်နင်းပါ"

"ကျုပ်လည်း နင်းနေတာပဲဗျ၊ နင်းနေတာပဲ"

ဆိုပြီး ဆိုက္ကားကိုဒုံးပျံအမှတ်နဲ့ သွန်ချသွားတော့တယ်။ ဝကြီး သက်ပြင်းချရုံအပြင် ဘာမှမတတ်နိုင်တော့ဘူး။ သူ့ခမျာ တည်ထား





တဲ့ ထမင်းကြော်အိုး ကြည့်လိုက်။ စားပွဲပေါ်က လက်ဖက်ရည်ခွက် ကြည့်လိုက်နဲ့ ကြောင်နေတယ်။

အဲဒီအချိန်မှာပဲ . . .

"ဟာ. . . ကိုဝကြီး အိမ်ရှေ့မှာ ခုံတွေခင်းပြီး တွေတွေကြီး ရပ်လို့ပါလား။ ဘာဖြစ်လို့လဲ"

ကြည့်လိုက်တော့ စပါယ်ယာ အောင်သွေး။ သူ့အောက် မေးလေးထုတ်ပြီး ပြုံးပြုံးကြီးရောက်လာတယ်။

အောင်သွေးကိုလည်းမြင်ရော ဝကြီးဝမ်းသာသွားတယ်။ ဟုတ်တယ် ဒီကောင်လေးက အရက်မူးလေတိုင်း ကောင်မလေး တွေနဲ့ ပတ်သက်ရင် ဇ ရှိတယ်ဆိုပြီး နာမည်ကြီးတယ်။ သူကလည်း ဒီလို ဇ ကောင်မျိုးမှတွေ့ချင်နေတာ။ ဒါကြောင့် . . .

"ဟာ. . . ညီလေး အောင်သွေး။ ဘယ်သွားမှာလဲ။ လာဦး လေကွာ"

ဆိုပြီး ဖိတ်မန္တကပြုလိုက်တယ်။

အောင်သွေးက သူ့ရှိရာဝင်လာပြီး . . .

"ဘယ်ရမှာတုံးဗျ။ စပါယ်ယာပဲ။ ကားဆီသွားမှာပေါ့။ နို့ . . ဒါတွေက"

"အေး. . အဲဒါပြောမလို့။ ကိုယ်ဒါနပြုနေတာလေ။ လာ. . ထိုင်၊ ထမင်းကြော်စားသွားဦး"

ဆိုပြီး ခေါ်လိုက်တယ်။ ပြီးတော့ သူကိုယ်တိုင်ထမင်းကြော် ခူးခပ်ထည့်ပေးပြီး . . .

"ကဲ. . . ညီလေးစားနော်၊ အားမနာနဲ့ ကုန်ရင် အစ်ကိုထပ် ထည့်ပေးမယ်။ ဘော်ဘော်ချင်းတွေပဲကွာ စားသာစား အစ်ကို စိတ်မဆိုးဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ အောင်သွေး မျက်မှောင်ကြုတ်ပြီး . . . .

"နေစမ်းပါဦးဗျ၊ ခင်ဗျား အလှူလုပ်နေတာတော့ မဟုတ်ပါဘူးနော်"

"မဟုတ်ရပါဘူး ညီလေးရာ . . သိတယ်မဟုတ်လား အစ်ကိုက ပွဲစားဆိုတော့ တစ်ခါတစ်လေတော့ လိမ်လည်ပြီး ပြောရတာလည်းရှိတာပေါ့။ ပြီးတော့ ကုသိုလ်ရေးလေးကလည်း အလှမ်းကနည်းနည်းလေးလည်းဝေးနေတာနဲ့ ဒီနေ့တော့အစ်ကို မနေ့က ပွဲခမြိုးမြိုးမြက်မြက်လေးရထားလို့ လာသမျှလူ ဒါနပြုမယ်လို့ ဆုံးဖြတ်ပြီး ဒါနလေးပြုနေတာပါကွာ။ စားစား . . ညီလေးအားမနာနဲ့"

သူက စားဆိုတာပြောရသေးတယ်။ အောင်သွေး စားထားတာ တစ်ပန်းကန်ကုန်လုပြီ။

"ကောင်းတယ်ဗျာ။ ထမင်းကြော်ဆိုတာ ဒါမျိုး အီဆိမ့်နေမှ ထုပ်ပါဦးဗျ ကောင်းလွန်းလို့"

ဆိုတာနဲ့ ဝကြီးက ကမန်းကတန်း ပန်းကန်သွားဆွဲပြီး ထည့်ပြီးသား။

"စားသာစားပါ အောင်သွေးရာ။ အစ်ကိုက ကိုယ်တိုင် မစားနိုင်လို့ အဲလိုစားနိုင်သူတွေ့ရင် သိပ်အားကျတာ"

"စားဖို့ကိစ္စကတော့ စိတ်သာချ။ ကျွန်တော်တို့ စပါယ်ယာဆိုတာမျိုးက ပြေးရလွှားရနဲ့ နောက် ကားကခုန်တော့ ဗိုက်က အလိုလိုချောင်ပြီးသား ဒါကြောင့် . . ဒါကြောင့် . . ဟင် . . "

အောင်သွေး စကားကို ထပ်မဆက်ဘဲ ဇွန်းကြီးကိုက်ပြီးငြိမ်သွားတယ်။

သူလှည့်ကြည့်နေတာက အခုမှအိပ်ရာက အိပ်မှုန်စုံမွှားနဲ့ထလာပြီး ခေါင်းကိုတဗျင်းဗျင်းကုတ်နေတဲ့ လွန်းငွေငွေဆီကို။





လွန်းငွေငွေကအိမ်ပေါက်ဝမှာ ဆတ်ခနဲထိုင်ချလိုက်တာမြင်မှလန့်ပြီး . . .

"ဘာ . . ဘာကြီးလဲ . . ဘာကြီးလဲဟင်"

အောင်သွေးရဲ့ ကတုန်ကရင်အမေး။ ဝကြီး လှည့်ကြည့်လိုက်တော့ . . .

"အောင်မလေးဗျ . . . အား . . လန့်လိုက်တာ"

သူမြင်ဖူးနေကျလူတောင် ဆတ်ခနဲလန့်သွားသေးတယ်။ လွန်းငွေငွေကတော့ ပုံမပြောင်းဘူး။ မနေ့ကအတိုင်းပဲ ထဘီရင်ခေါင်းစည်းပြီး ပွယောင်းနေတဲ့ဆံပင်ကို ငုတ်တုတ်ထိုင်ပြီး သန်းဉဆွဲနေပုံက ပုပ္ပားတောင်က မယ်ဝဏ္ဏ ခွေးဝဲစား သေးဝင်ပန်းထားတဲ့ပန်းကို ရှိုက်နမ်းမိသလို မအီမလည်ရုပ်ကြီးနဲ့။

အောင်သွေး ဇွန်းကြီးကိုက်၊ ပန်းကန်ကလေး မ,ပြီး တုန်နေတယ်။ ပြီးတော့ကတုန်ကရင်နဲ့ . . .






www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို. . . အစ်ကို. . အဲဒါဘာကြီးရဲဟင်"

ပါးစပ်က ဖွန်းမဖြုတ်ရသေးတော့ စကားတောင်မပီဘူး။ ဒါကို ဝကြီးကဟန်မပျက်ပြုံးပြီး . . .

"အဲဒါ ငါ့ခယ်မလေ . . . သူ့အနေအထားနဲ့သူတော့ မဆိုးပါဘူး"

ဆိုတော့ အောင်သွေးက မျက်လုံးကလယ်ကလယ်နဲ့ . . .

"အင်း. . . ခင်ဗျားခယ်မဆိုတော့ လူပေါ့နော်"

"အေးပေါ့ကွ. . . မလှဘူးလားဟင်"

အောင်သွေး သက်ပြင်းချရင်း . . .

"ခါတိုင်းဆို ခင်ဗျားကျွေးထားတာအားနာပြီး လှတယ် ပြောမိမှာပဲ။ အခုတော့ ကျွန်တော်မပြောနိုင်ဘူး။ လှတယ်ဆိုတာကို ကျွန်တော်အာမခံပြီး ငြင်းရဲတယ်။ ကဲ. . . သွားပြီနော်. . . သွားပြီ . . . အောင်မလေး ကြက်သီးထလိုက်တာ . . . နော် . . ."

ဆိုပြီး ပါးစပ်ထဲထည့်ထားတဲ့ ထမင်းကြော်ဇွန်းတောင် ပြန်မထုတ်နိုင်ဘဲ ကုပ်ချိကုပ်ချိနဲ့ ထွက်သွားလေတော့တယ်။

ဝကြီးခမျာမှာ သူ့အကြံအစည် မအောင်မှန်းသိတော့ စိတ်ပျက်လက်ပျက်ဖြင့် . . .

တောက်. . . ဒီကောင်မရုပ်ကတော့ ငါတောင်လန့်တယ် . . . ဟုရေရွတ်ရင်းသာ. . . တကယ်ပါ . . . အင်မတန် မျက်စိယဉ် နေတဲ့ဝကြီးတောင်မှ ဖျပ်ခနဲတွေ့ရင် လန့်လန့်သွားအောင်ကို သူ့ရုပ် ကြီးကကြောက်စရာကောင်း လွန်းတဲ့နေရာမှာ ပါရမီကောင်းလွန်း နေတယ်။ ဟော်လီးဝုဒ်လိုနေရာကို ရောက်သွားရင်တော့ တော်တော့် ကို အလုပ်ဖြစ်မှာ . . . မကောင်းဆိုးဝါး သရဲတစ္ဆေကားတွေရိုက်ရင် မိတ်ကပ်တောင်လူးစရာမလိုတဲ့ရုပ်မျိုး။





ဝ : ဝှ ဖ နှ ဆ ဝ : ယ ဖ ဒါ ဆ



သစ်ရွက်လေးတွေ တဖြည်းဖြည်းကြွေနေသည်။ ဆောင်းလေကလည်း အေးအေးလေး။ ကိုယ့်အာခေါင်ထဲကအာငွေ့ ပြန်တွေ့ရသည်အထိ ချမ်းစီးလွန်းလှ၏။

နံနက်စောစောမို့ . . .

"ဟောဒီက . . . ပဲပြုတ်"

ဟူသောအသံများ နေရာအနှံ့ စီညံနေ၏။

ဒီအချိန်မျိုးမှာ ပွဲစားတန်းက ထုံးစံအတိုင်းလူရှင်းဆဲ။ နေ့လယ်နေ့ခင်းနှစ်နာရီလောက်မှ အလုပ်ကဖြစ်ကြတာကိုး။

ဒါပေမယ့် စီရီယကောင်းသူများက . . .

"အဲဒါ မင်းတကွန စ်များတာ. . ."

ပွဲစားချင်းအတူတူ ခယ်မကိစ္စနှင့် မျိုးမြင့်ထွန်း၏ ဆရာလွန်း



www.burmeseclassic.com

www.burmeseclassic.com



မှုကို ဝကြီး ခံနေရသည်။ ခံရမယ်ဆိုလည်းခံချင်စရာ။ သူလုပ်သမျှ တစ်ခုမှမအောင်မြင်တာကိုး။

"မိန်းမတစ်ယောက်ရဲ့အလှကို မနက်အိပ်ရာထမှာကြည့်ရမယ်ဆိုတာ အကြောင်းပြောထားတာမဟုတ်ဘူး။ အဲဒါ တမင်ကျပ်ထားတာ အဲဒီအချိန်မှာ သူတို့တွေက ရုပ်အဆိုးဆုံးဖြစ်နေလို့ကို ပြောထားတာ။ မနက်လင်းလို့အိပ်ရာထချိန်မှာ ကြည့်လိုက်. . . မိန်းမအကော်များများဟာ ဘယ်တော့မှမလှဘူး"

"မင်းဟာ. . . အခုဟာက မင်းခယ်မ နဂိုထဲက သရဲရုပ်ပေါက်နေတယ်ဆိုတာ သိရဲ့သားနဲ့ အဲဒါမကြီးကို မနက်ခင်းသွားပြတယ်ဆိုတော့ ပြန်စဉ်းစားကြည့်ပါဦး"

"အဲဒီတော့ ငါဘာလုပ်ရမလဲသာပြောပါကွာ. . ."

ဝကြီးက စိတ်ပျက်လက်ပျက်နှင့် ခေါင်းကုတ်ရင်းပြောသည်။ မျိုးမြင့်ထွန်းပြောလည်းပြောစရာ။ သူ့ခယ်မပုံကိုက . . .

မျှော်လင့်ချိုး၊ မျှော်စိတ်ဆုံး၏။
ကျားနှင့်ယှဉ်ပြိုင်၊ ဇွတ်သေပွဲ၏။
ကျွဲနှင့်နွားဆို၊ ကျွဲစိတ်တို၏။
မျောက်နှင့်ယှဉ်ဆို၊ ဖြောကြလို့လည်း
မျောက်ပင် အောင်ပွဲရလိမ့်မည်။

ဆိုသလိုမျိုးဖြစ်နေတာကိုး။

မျိုးမြင့်ထွန်းက သူ့ခုံကို ဝကြီးနှင့်နီးရာ ပြောင်းရွှေ့ထိုင်လိုက်ပြီး လေသံတိုးတိုးဖြင့် . . .

"ဒီမှာ ငါပြောပြမယ်"





"ပြော. . ."

"ယောကျ်ားတွေရဲ့ စိတ်ဟာ အရက်မူးလာရင် ပိုရဲတင်းလာကြတယ်ကွ။ မဟုတ်တာလုပ်ဖို့လည်း ပိုသွေးကောင်းကြတယ်"

"အခုဟာက မဟုတ်တာမှ မဟုတ်တာ"

"ငါက သဘောအဖြစ်ပြောတာ နောက်ပြီး ယောကျ်ားသားများ အရက်မူးလာပြီဆို တော်ရုံမိန်းမက လှလှသာတတ်တယ်ကွ။ မင်းလည်း ကြုံဖူးမှာပါ"

"အေး. . မင်းပြောတာ ဟုတ်သလိုပဲ။ ငါလည်း မိန်းမရတာ အရက်မူးပြီးမှားလို့ရခဲ့တာကွ။ နောက်မို့ရင် ဒီမိန်းမ ငါ့မျက်စိထဲ ချောလာမှာမဟုတ်ဘူး"

"အဲဒါကို ပြောတာကွ၊ အဲဒါကို ပြောတာကွ"

မျိုးမြင့်ထွန်းက စားပွဲခုံကို အားရပါးရပုတ်ပြီး ထောက်ခံသည်။ နောက် သူမှပင် . . .

"ပြီးတော့ မိန်းမသဘာဝကလည်း ညဘက် မှောင်မှောင်စမ်းစမ်းမှာ မြင်ရရင်ပိုပြီးလှလာတတ်တယ်ကွ"

မျိုးမြင့်ထွန်းစကားကို ဝကြီးက ခေါင်းကုတ်ပြီး . . .

"အဲဒါလည်း ဟုတ်တာပဲကွ။ ငါလည်း ငါ့မိန်းမနဲ့ ညဘက်မို့လို့ ညားတာကွ၊ နေ့ဘက်ဆို ငါအဲဒီစိတ်မျိုးပေါက်မှာမဟုတ်ဘူး"

ဝကြီးစကားကို မျိုးမြင့်ထွန်းက အရှေ့ကခုံကို အားရပါးရပုတ်ပြန်ကာ . . .

"အဲဒါကို ပြောတာကွ။ အဲဒါကိုပြောတာ။ မိန်းမတွေ လှလာချိန်နဲ့ ယောကျ်ားတွေအရက်မူးပြီး အမြင်မှောက်မှားချိန်ပေါင်းလိုက်ရင် ဒီကိစ္စပြတ်ကရောနေမှာ"

"အေး. . အဲဒါလည်း ဟုတ်သား ငါလည်း ငါ့မိန်းမသူ့ကော"



www.burmeseclassic.com

www.burmeseclassic.com



ကြီးနဲ့ ညားတာအဲဒီအတိုင်းပဲကွ၊ ငါကလည်း အရက်မူးနေ သူက လည်း ညဘက် အိမ်ပေါ်တက်အလာ အဲဒီမှာ မှားကုန်ကြတာပါပဲ"

ဝကြီးစကားကိုကြားတော့ မျိုးမြင့်ထွန်းက မြိန့်မြိန့်ကြီး ပြုံးပြီး . . .

"ကဲ. . . ဒါဆို မင်းလည်းအတွေ့အကြုံရှိနေတာပဲ။ အဲဒီ နည်းကို အွန်(0ဂ) လိုက်ရုံပဲရှိတော့တာပေါ့"

မျိုးမြင့်ထွန်းရဲ့အပြော။ ဒါကို ဝကြီးကဝမ်းသာအားရဖြင့်

"အေး. . . ဟုတ်တယ်။ အဲဒီနည်းအတိုင်းသုံးရမယ်။ အဲ, ဒါပေမယ့် အဲဒီနည်းရဲ့ကုန်ကျစရိတ်က နည်းမှာမဟုတ်ဘူးနော်"

"ဟာ. . . ဒါက ဒီလောက်တော့ အကုန်အကျခံရမှာပေါ့။ ရေရှည်ကိုတွက်လေ၊ ဒါကြီး ထွက်သွားရင် မင်းဘယ်လောက် သက်သာသွားမလဲ"

ဒီအရက်ဖိုးတွေက မင်းခယ်မကြီး မင်းပိုက်ဆံ နဲ့ဝယ်ထား တဲ့ ပုစွန်ခြောက်ပလောက်ပလောက်နဲ့ ကောက်ဝါးနေသလောက် မရှိပါဘူး"

မျိုးမြင့်ထွန်းပြောမှ ဝကြီး၏မျက်စိထဲ သူ့ကို စားစေချင် လွန်းလို့ နယ်ကအမေပို့လိုက်တဲ့ ပုစွန်ခြောက်ကို သူ့ကိုတော့ စည်းကမ်းနဲ့စားမှပိုခံမည်ဟု အကြောင်းပြကာ အခန်းထဲထည့် ပုလင်းသွတ်ပြီး ပလောက်ပလောက်နှင့် ပဲလှော်ဝါးသလို ဝါးနေသော သူ့ခယ်မသရဲဗလပ်ကြီးပေါ်လာ၏။


ထို့ကြောင့် ချက်ချင်းပဲ . . .

"လုပ်မယ်ကွ။ ဒီကောင်မကြီး အိမ်ကထွက်ဖို့ဆို တစ်ရပ် ကွက်လုံး အရက်တိုက်ပစ်မယ်"





ဟု ကြွေးကြော်ရင်း စိတ်ထဲမှာတော့ အရက်မူးလျှင် တကယ် မှားနိုင်ချေရှိသော လူစာရင်းကိုတွက်နေသည်။






www.burmeseclassic.com

www.burmeseclassic.com





**အရုပ်မှူးပြီး မိန်းမကိစ္စနှင့် မှားနိုင်ချေအရှိဆုံး**
လူစာရင်း၊ အလုပ်အကိုင်နှင့်
မှားခဲ့သမျှ အမှုစာရင်း

ကိုဆန်း(ပန်းတို) အဲလေ (ပန်းပု)
(တိုတာနဲ့ပုတာ အတူတူပါလေ)

ဘတ်စ်ကားပေါ်တွင် ဘယာကြော် ကုလားမကို အရှက်မရှိ ရည်းစားစကားလိုက်ပြောဖူးခြင်း၊ ငါးသည်တစ်ဦးနှင့် ညမှောင်မှောင် ဈေးထောင့်တွင်ချိန်းတွေ့စဉ် ပိုးစိုးပက်စက်





အနေအထားနှင့်လူမိဖူးခြင်း၊ ကွမ်းယာသည်၊ ပြောင်းဖူးသည်များနှင့် အခြားအမှုကြီးအမှုငယ် များစွာကျန်ရှိ။

## ချက်ဖောင်း (စားပွဲထိုး)

သူတို့ဆိုင်မှ ဆိုင်သာ်များအား အပျော်ခရီးအဖြစ် ချောင်းသာကိုပို့ရာ တစ်ခါမှမမြင်ဖူးသော မိန်းကလေးတစ်ယောက်ကို "နင်ငါ့ကိုသိလား၊ ငါ့နာမည် စိုးသက်ခိုင်"ဟု ထင်ရာမြင်ရာ ကောင်းနိုးရာရာနာမည်များကို ပြော၍ပြောင်ဝင်လုံးခြင်း၊ ငါးလုပ်နေသော ကောင်မလေးများထံ ပြိုတီတီနှင့်သွားပြီး ငါးနီတူကျောခွဲနည်းကအစ သင်ယူ၍ အရှက်မရှိဝင်လုံးခြင်း၊ လမ်းထိပ်က ဘိန်းမုန့်သည် ညဦးအချိန် အိမ်ပြန်ချိန်တွင် ကန်သင်းရိုးဘေး၌ ဝပ်၍ လက်ပြေးဆွဲခြင်း၊ အာဝါဟ၊ ဝိဝါဟကို တစ်ချိန်လုံးခေါင်းထဲထည့်ထားပြီး သံဝါသကိစ္စများမှလွဲ၍ ဘာကိုမှမတွေးတတ်သူ၊ အခြားပြစ်မှုမျိုးစုံကျန်ရှိ။

## ကောင်လေး (ပန်းရန်)

မည်သည့်မိန်းကလေးမဆို သူ့ကိုကြိုက်နေပါသည်ဟု အထင်ရှိပြီး၊ မြင်မြင်သမျှကို ကလိတတ်ခြင်း၊ သူတို့လမ်းထဲက ကောင်မလေးမည်သူ့ကိုမဆို စပ်မေးပါက ဆင်ခြောက်ကောင် ဖိနပ်တစ်ရံဝယ်ကန်တော့မည်ဟု တရားဝင်ကြေညာထားဖူးခြင်း၊ လမ်းထဲက ကျောင်းသူတစ်ယောက်၏အိမ်ကို ဖရဲသီးနှေ့စဉ်ပို့၍ ပိုးပန်းဖူးခြင်း၊ ဘုရားပွဲဈေး ညောင်ပင်အောက်တွင် ကောင်မလေး တစ်ယောက်ကို ထိုင်ကန်တော့၍ ရည်းစားစကားပြောဖူးခြင်း၊ အခြား ပြစ်မှုများစွာ။



www.burmeseclassic.com

### ထွန်းနိုင် . . . (၁၀၉၊၁၁၀)

တက္ကစီကားမောင်းသည်ဟု အကြောင်းပြပြီး ခပ်ပျက်ပျက် မိန်းကလေးများနှင့် တွဲခုတ်ဖူးခြင်း။ ပြောစရာရှိသည်ဟု ခေါ်ပြီး ကောင်မလေးတစ်ယောက်ကို ရည်းစားစကားပြော၍ ပါးကို ဒေါက်ဖိနပ်နှင့်ခုတ်ခံရဖူးခြင်း၊ ပွဲဈေးတွင် ကောင်မလေးတစ်ယောက်ကို ခလုတ်တိုက်ဟန်ဆောင်ပြီး မတော်တရော်နေရာအား ဆွဲမိ၍ ရပ်ကွက်ရုံးသို့သွားရောက်ဖြေရှင်းရဖူးခြင်း၊ အခြောက်ဟန်ဆောင်၍ ကောင်မလေးများ၏ လက်နှင့်အခြားအရာဝတ္ထုများ ရလျှင်ရသလို ထိကပါး ရိကပါးလုပ်ဖူးခြင်း၊ အခြားပြစ်မှုများစွာ။

### အောင်သွေး (စပါယ်ယာ)

အရက်မူးလာလျှင် တွေ့ကရာမိန်းမများ၏ အိမ်ပေါ်တက်၍ ချစ်အဖြေတောင်းတတ်ခြင်း၊ မိန်းမမည်လျှင် မည်သူ့ကိုမဆို သက်ဆောင်ပစ္စည်းဝယ်ပေးဖူးခြင်း၊ သင်္ဘောပင် ထဘီပတ်ထားလျှင် ဆောင် အမထင်၍ အဖုအထစ် ဝင်စမ်းတတ်ခြင်း၊ ကလေးမရှိပါဘဲ ကိုယ်ပိုင်ချိုလိမ် ဝယ်ယူသုံးစွဲခြင်းနှင့် အခြားပြစ်မှုများစွာ။

. . . စသည်ဖြင့်





### ယခင်လူများထက် တကျော့အင်အား မလျော့သော ခေါင်းခေါင်းခြေ ကိလေသာပိုင်ရှင်များ

ကိုလတ် (ကြို့ပင်ကောက်)
အောင်ကြီး (ဝက်လက်)
မျိုးထူးထက် (ရန်ကုန်)
တင်မောင်တည် (ကျောင်းဆရာ)

စသည်ဖြင့် တကျော့ရာဂပဒါန ကိလေသာထာဝရစရိယ ကာမသံဝါဇာဏ မဟာဘလက္ကာယကြီးများစာရင်းကို ပြုစုရရှိလေသည်။

www.burmeseclassic.com





စာရင်းစာရွက်ကို ကြည့်ပြီး ဝကြီး သဘောတွေကျနေသည်။ ဒီလူအင်အားနှင့်ဆို တစ်ယောက်မဟုတ် တစ်ယောက်တော့ မျက်စိ မှောက်လောက်ပြီ။ ကံကောင်းလျှင်နှစ်ယောက် ပြူး၊ သုံးယောက်ပြူးတောင် ဖြစ်နိုင်သေး၏။

"ဒီကောင်တွေ ငါ့ခယ်မကြီးကို မူးမူး နဲ့လုပြီး ခားထိုးမှုတွေဘာတွေတောင် ဖြစ်နေမှ အခက်" ဟုပင် တွေးပူမိသေးသည်။

အားလုံးကတော့ တကျာရာဂတွင် လက် မရှိချည်းသာ။ ရွှံ့မြေပျော့ပျော့ မြင်လျှင်တောင် ခလုတ်တိုက်ချင်ယောင်ဆောင်ပြီး ချော်လဲရော





ထိုင် မှောက်အိပ်ချင်သည့်လူများ။ ဂဏန်းညှပ်မှ ထခုန်ချင်ကြသူများ သာ။

ဤလူများနှင့်မှမစွံ မည်သူနှင့်စွံတော့မည်နည်း။

ဝကြီးတွေးရင်း အပျော်ကြီးပျော်ကာ ပြုံးလိုက်မိသည်။ နောက်မှ ဒီလူတွေအားလုံး လိုက်ဖိတ်ဦးမှပဲဟု အကြံရပြီး အိမ်ပေါ်မှ ဆင်းလိုက်သည်။

အိမ်ပေါ်မှ ဆင်းဆင်းချင်း မြို့ထဲက ငိုက်စိုက်ငိုက်စိုက်နှင့် ပြန်လာသော ပန်းပုကိုဆန်းကို တွေ့ရသဖြင့် နိမိတ်ကောင်းပြီဟု ဝမ်းသာသွားမိသည်။ ဟုတ်သည်လေ။ သူပထမဆုံး ရွေးချယ်ထားသူကလည်း ကိုဆန်းပဲ မဟုတ်ပါလား။

ထို့ကြောင့် ပျော်ရွှင်စွာဖြင့် . . .

"ဟေး . . . ကိုဆန်း အလုပ်က ပြန်လာတာလား"

ကိုဆန်းက ခြေလှမ်းရပ်ပြီး သူ့ကိုကြည့်ကာ . . .

"ဟုတ်ကဲ့အစ်ကို။ ဒီနေ့ အလုပ်အစောကြီးပြီးလို့ စောစောပဲ ပြန်ခဲ့တာ"

ကိုဆန်း၏အဖြေစကားကို နားထောင်ပြီး ဝကြီးက ကိုဆန်း ပခုံးကို ရင်းနှီးစွာဖက်ကာ . . .

"ကိုဆန်းကို ပြောစရာရှိလို့"

"ပြော . . အစ်ကို ပန်းပုကိစ္စလား"

ကိုဆန်းက သူနဲ့ဆိုင်တာကိုပဲ တွေးပြီးပြောသည်။

ဒါကို ဝကြီးက ခပ်ဟဟရယ်ရင်း . . .

"မဟုတ်ပါဘူး ကိုဆန်းရာ၊ အခုဟာက ဒါလုပ်ဖို့"

ဟုဆို၍ လက်သီးဆုပ်ပြီး လက်မကလေးကို ကကျွတ်ခနဲ စုပ်ပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . . အရက်တိုက်ဖို့ကိစ္စ ဟုတ်လား။ ဘယ်တော့လဲ အခုလား . . . ဂလု . . ."

ကိုဆန်းက အရက်ဆိုတဲ့အသံကြားတာနဲ့ ယောက္ခမကို ငွေထုပ်နှင့် တစ်ပြိုင်နက်တည်း မြင်လိုက်သလို . . .

"ပိုက်ဆံအိတ်က ကျွန်တော့်အတွက်လား။ အခေါ် ဘယ်တော့ပြန်မှာလဲ"

မေးသလို အငမ်းမရမေးသည်။ ဒါကို ဝကြီးက မှုမှုလေး မှုံးပြီး . . .

"အခုတော့ မဟုတ်ဘူး၊ ဒါပေမယ့် ဒီည"

"ဒီည ကြိုက်ပြီဗျာ။ ကိုယ်တော်ကိုယ်တိုင် ဆော်မယော့"

ကိုဆန်းက ဝမ်းသာအားရ ထအော်သည်။

ဒါကို ဝကြီးကပင် ဆက်၍ . . .

"ပြီး ဝမ်းသာစရာကောင်းတာက ကိုဆန်းတစ်ယောက်တည်း မဟုတ်ဘူး၊ အဖော်တွေနဲ့ဗျ"

"ဘယ် . . . ဘယ်သူတွေပါလဲ"

ကိုဆန်း၏ အငမ်းမရအမေး။

"ဘယ်သူတွေဆိုတာတော့ . . ."

ဝကြီးက လူစာရင်းမပြောသေးဘဲ ကိုဆန်းကိုကြည့်သည်။

ကိုဆန်းက ငေးလျက်။

ကိုဆန်း ပိုပြီးသိချင်နေတဲ့ အချိန်ကျမှ ဝကြီးက ကိုဆန်း ဝမ်းသာသွားအောင် လူစာရင်း ရေတွက်ပြလိုက်သည်။

"ကောင်လေးရယ်။ ချက်ဖေါင်းရယ်"

"တော်ပြီ . . . တော်ပြီ ကျွန်တော် မသောက်တော့ဘူး"

သူ့စကားပင်မဆုံး ကိုဆန်း ထတားလိုက်သဖြင့် ဝကြီး





အံ့အားသင့်သွားသည်။ နောက် သိချင်ဇောနှင့် . . .

"ဟင်. . . ဘာ. . ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲဗျ။ ဒီကောင်တွေက Generation နှာဘူးစစ်စစ်၊ ငယ်ဖြူနှာဘူး၊ ရာသက်ပန်နှာဘူးတွေ၊ ကျုပ်က Geneus အာဂန္တုနှာဘူး၊ ခဏတာနှာဘူးပဲရှိသေးတာ။ ဒီလိုနှာဘူးစစ်စစ်တွေနဲ့ တွဲမသောက်ချင်ဘူး"

ကိုဆန်း စကားကြားတော့. . ဝကြီး တစ်ဖက်…လည်း ဝမ်းသာ တစ်ဖက်ကလည်း ဝမ်းနည်းသွားသည်။

ဝမ်းသာသွားရသည်က ငယ်ဖြူနှာဘူး၊ ထာဝရနှာဘူး စစ်စစ်တွေကို သိလိုက်ရလို့၊ ဝမ်းနည်းသွားသည်က အာဂန္တုနှာဘူးက သူတို့နှင့် မလိုက်ဘူး မသောက်ဘူးဆို၍။

နို့ပေမယ့် သိတယ်မဟုတ်လား ပွဲစားဝကြီး။ ဝကြီးပွဲစားပဲ။ ဒီလောက်နှင့် အလျှော့ပေးရိုး ထုံးစံမရှိ။

ထို့ကြောင့် တစ်ဆင့်တက်ပြီး . . .

"လာခဲ့ပါကွာ၊ ငါက စေတနာနဲ့ တိုက်တာပါ"

"လာချင်ပါဘူးဗျာ"

"ဘာဖြစ်လို့လဲကွာ၊ ဆိမ်းဘူး ဒူးသာဒူးလိုက်စမ်းပါ"

သူ့စကားကြောင့် ကိုဆန်းတင်းသွားပြီး သူ့သေးကျဉ်းသော မျက်ပေါက်ကို မှေးစင်းစွေစောင်းကာ . . .

"ဘာလို့ ဒူးရမှာလဲဗျ။ ခင်ဗျား စမ်းကြည့်ချင်လို့လား"

"အဟဲ. . ငါပြောတာက အင်္ဂလိပ်လို same bull do the do လိုက်လို့ ပြောတာပါ"

အမှန်တော့ အမိပွါယ်ကဘယ်ရောက်သွားမှန်းမသိ။ သူတို့ချင်းတော့အဆင်ပြေနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒူးချင်ပါဘူးဗျာ"

"ဒူးလိုက်ပါကွာ"

"ဒူးဘူးဆို"

"ဒါဖြင့် ဒီလိုလုပ် . . ."

ဝကြီးက အကြံကုန် ငူငူနှ်ဆွားချက်ပြီ။

"ဘယ်လိုလဲ"

ကိုဆန်း အမေး . . .

"မင်းဒူးမယ်ဆို ငါကော့ပေးမယ်"

"ဘာဗျ ခင်ဗျားစကားက . . ."

"သဘောရိုးနဲ့ ပြောတာပါ။ မင်းဒူးသာဒူးလိုက် ငါကော့ပေးမယ်"

"ဟင် . . . ခင်ဗျားကြီး ပြောလေကဲလေပါလား။ ဒီလမ်းမှာ လက်သီးကြမ်းတယ်ဆိုတဲ့ လမ်းလက်သီး မောင်ဆန်းတဲ့ဗျနော်။ ခင်ဗျားစမ်းရဲ့စမ်းကြည့်။ လမ်းလက်သီးအကြောင်းသိသွားမယ်"

ကိုဆန်း လက်သီးထောင်ရင်းပြော၏။

ဒါကို ဝကြီးက ပျာပျာသလဲဖြင့် . . .

"အဲ . . . တစ်မျိုးမထင်နဲ့။ ငါက ကော့ပေးမယ်ဆိုတာ ကော့တေးတိုက်မယ်လို့ပြောတာ . . . ကော့တေး"

"ကော့တေး"

ကိုဆန်း၏မျက်လုံးထဲ မီးရောင်စုံများ လင်းလက်သွားသည်။ လက်လည်းလက်ချင်စရာ၊ သူ့လို ပန်းပုဆရာတစ်ယောက် အနေနှင့် ကော့တေးကို ဘယ်သို့သောက်နိုင်အံ့နည်း။

ထို့ကြောင့် . . .

"ကျွန်တော် ဒူးမယ်ဆို ခင်ဗျားတကယ် ကော့ပေးမယ်နော်"





"ကော့ကို ကော့စေရမယ်"

"ဒါဆို ဒူးပြီဗျာ"

ကိုဆန်း အဖြေလည်းရရော ဝကြီးဝမ်းသာအားရ လက်သီးနှစ်လုံးကို ခါးတစ်ဖက်တစ်ချက်သို့ဆွဲချ၍ ကီသွင်းကာထအော်သည်။

"ယာစ့်"



www.burmeseclassic.com

www.burmeseclassic.com





"ဘာဗျ"

"တိုဆန်းရယ်၊ ချက်ဖောင်းရယ်၊ထွန်းနိုင်ရယ်၊ အောင်သွေးရယ်ပါမယ်"

"မကောင်းဘူးလား"

"မကောင်းဘူး၊ ဒီလူတွေပါရင် ကျုပ် မလိုက်ဘူး"

ကောင်လေး၏ မျက်ကလဲဆန်ပြာအော်သံ။

"ဟင်. . . ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမလဲဗျ၊ ဒီလူတွေက အရက်လေးများဝင်ရင် မ,စိတ်ကတယ်မွှန်ပြီး ဆတ်ဆလူးထကြ





တာကိုး၊ ကျုပ်တို့လို သမ္မာရင့်တွေ၊ ကွန့်နဲ့ဘူးတွေသိက္ခာကျတာပေါ့"

ကောင်လေးစကားကြောင့် ဝကြီး ပျော်လည်းပျော်၊ မပျော်လည်းမပျော် ဖြစ်သွားရ၏။ ပျော်သွားရခြင်းအကြောင်းရင်းက သူ့လူရွေးမှန်မှုကြောင့်။ ကြည့်လေ. . . ဒီလူတွေအားလုံး အချင်းချင်းပင် တစ်ယောက်ကိုတစ်ယောက် ကြောက်ရလောက်သူများ မဟုတ်ပါလား။ မပျော်ရသည်က နှာဂိုဏ်းချုပ်ကြီး (နှာဘူးနှစ်သိန်းအား)ဟု သမုတ်ခံနေရသောကောင်လေး မလိုက်နိုင်ပါဟု အ[illegible]ကြာက်အကန်ငြင်းဆန်နေ၍။

ဒါပေမယ့် သိတယ်မဟုတ်လား။ ပွဲစားဝကြီးလေ။ စကားအရာမှာသေသွားမယ်။ မသေရင်တောင်လေလောက်တော့ ဖြတ်သွားမယ်။ သူလိုချင်တာကိုတော့ မရရအောင်တော့ပြောရမှာပေါ့။

"လုပ်ပါဗျာ။ ခင်ဗျားမှမလိုက်ရင် ကျုပ်တစ်သက်လုံး စိတ်ခဲကောင်းမှာ မဟုတ်ဘူး"

"နေပေါ့ စိတ်မကောင်းလည်း လဲသေပေါ့"

ကောင်လေးက မေးရိုးကားကြီးနှင့် လမိုင်းမကပ်သော အိုက်တင်နှင့် တစ်ဖက်လှည့်မှုနေ၏။ ဒါကို ဝကြီးက ခေါင်းကုတ် အကြံထုတ်ပြီး . . .

"ဟိုလေဗျာ . . . ဒီကိုဆန်းတို့၊ ချက်ဖောင်းတို့ဆိုတာ ကိုကောင်လေးနဲ့ ယှဉ်လိုက်ရင် ဘာမှမပြောပလောက်တဲ့ မော်လီကျူး နှာဘူးလေးတွေပါ။ လမ်းထဲလောက်မှာ လက်သီးသရမ်းရဲတဲ့ လမ်းလက်သီးလေးတွေပါ။ ကိုကောင်လေးတို့လို ထုနဲ့ထည်နဲ့ အပီ အပြင်ဘူးခဲ့တဲ့ လမ်းမှာလူကြီး၊ လမ်းလူကြီးကောင်လေး ဆိုတဲ့နာမည်ကောင်းမျိုး တစ်ခါမှမရခဲ့ပါဘူး။ သမိုင်းမတင်ဘူးပေါ့ဗျာ. . နော်"

ဝကြီးစကားကြောင့် ကောင်လေး စိတ်ကြီးဝင်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဟိုက သူ့ကိုအပ်အပြင် မ,နေတာကိုး။

"အဲဒီလို မဟုတ်ဘဲ ကိုကောင်လေးတို့လို သမိုင်းတွင်၊ သမိုင်းဝင်မယ့် လူမျိုးကို သူတို့ခမျာလည်း အရက်လေးအတူသောက်ပြီး နှာရဝပြု . . အဲလေ ဂါရဝပြုချင်ကြမှာပါလေ ဟုတ်ဘူးလား"

ဂါရဝဆိုသည့် တစ်လုံးပါလာသည်နှင့် ကောင်လေးခေါင်း ထောင်တက်လာ၏။ သူ့ခမျာလည်း တစ်သက်နှင့်တစ်ကိုယ် မည်သူကမျှ အဖက်လုပ်ပြီး အရေးတယူပြုခြင်း ခံခဲ့ရသည်မှမဟုတ်တာ။ ထို့ကြောင့် ထိုအစီအစဉ်ကို ကောင်လေးစိတ်ဝင်စားသွားသည်။

သို့သော် ဤမျှလောက်နှင့် ကျေနပ်လိုက်ပါလျှင် သူ့အား လူလယ်ကောင်တွင် ဆတ်ဆလူးထလုချေဟူ၍ ကဲ့ရဲ့ခံရမည်စိုး၍ . .

"ဟင် . . . မ . . . မလိုက်ချင်ပါဘူးဗျာ"

ဟု မူလိုက်သေး၏။

ဒါကို ဝကြီးက ကောင်လေး၏ပခုံးကို ခပ်နွဲ့နွဲ့လေး ကိုင်လှုပ်တာ . .

"လိုက်ခဲ့ပါ ဆိုက္ကားနဲ့ခေါ်မှာပါ"

"အောင်မယ် . . ဆိုက္ကားနဲ့ခေါ်တိုင်း လိုက်တဲ့အတန်းအစားထဲကများမှတ်နေလား"

ကောင်လေးက ခါးပေါ်လက်နှစ်ဖက် နောက်ပြန်ထောက်ရင်း ရန်တွေ့တယ်။ ဒါကိုဝကြီးက သွားဖြဲကြီးနဲ့ . . .

"အဟဲ . . မထင် . . မထင်ပါဘူး။ ဟိုလေ . . ကော့တေး တိုက်မှာပါ"

"ကော့တေး. . ."

ကော့တေး အသံကြားသည်နှင့် ကောင်လေး မျက်လုံးအရည်လဲ့သွား၏။ ပြီးသည်နှင့် ညောင်နာနာအသံဖြင့် . . .



"ဒါဖြင့်ရင် ဒူးပြီဗျာ . . ဒူးပြီဗျာ"

သူ့စကားကို ဝကြီးက ဖြည့်စွက်၍ . . .

"ကော့တေးကိုတောင် အိမ်မှာရှိတဲ့ ဂန်ဖလားနဲ့ ဒူးရမှာ။ ဒါကြောင့် . . . ကော့တေးဂန်ဒူး"

ရယ်သံများ စီညံသွား၏။

ထို့အတူ ချက်ဖောင်းနှင့် ထွန်းနိုင်တို့သည်လည်း . . .

"ဒူးပြီဗျာ။ ဒူးပြီ။ ကော့တေးဂန်ဒူးနဲ့ကို ဒူးကြမှာ"



www.burmeseclassic.com

www.burmeseclassic.com





ဝကြီးအကြံအစည် အောင်တော့မည်မို့ လေကလေးတချွန်ချွန်နဲ့ သူလုပ်စရာရှိသေးသည်ကို ပျော်ရွှင်စွာလုပ်နေ၏။ ဒါကို သူ့မိန်းမက အခန်းထဲမှ ဆောင့်ကြီးအောင့်ကြီးထွက်လာပြီး . .

"ဒီမှာ . . . ကိုဝကြီး၊ ရှင် အခုတလော ဘာတွေဖြစ်ပြီး ဘာတွေကြံစည်နေတာလဲ ပြောစမ်း"

ဝကြီးမိန်းမ အာနိုးဗလ သူဇာ၏အမေး။

(အာနိုးဗလဆိုသည်မှာ သရဲဗလထက်လည်းသေး၍ လူသားထဲမှာ အကြီးဆုံးဖြစ်သော ဗလမျိုးဖြစ်သဖြင့်အာနိုးဗလဟု ပေးထားခြင်းဖြစ်၏)



ဒါကိုဝကြီးက တစ်ဖက်ကဝီစကီ၊ တစ်ဖက်က ရမ်ပုလင်းကို အရက်ပေါင်းစုံ လောင်းထည့်ထားသော ဇလားကြီးထဲသွန်ချပြီး . . .

"ငါ ဘာများလုပ်နေလို့လဲ ဇာကြီးရဲ့"

"ခြော် . . . ရှင်လုပ်နေတာရှင်မသိဘူးလား။ ဟင် . . . တလောကလည်း မနက်စောစောစီးစီး အိမ်ရှေ့မှာခုံချပြီး တွေ့သမျှ မြင်သမျှလူ ရှင်လက်ဖက်ရည်ဖျော်တိုက်နေတာလေ။ အခုလည်း . . ဟင် . . . ရှင်အရက်အစုံတွေရောပြီး ညှော်သည်တွေခေါ် အရက်တိုက်မတဲ့ . . . ရှင်ဘာကြံစည်နေတာလဲ"

"မင်း မသိပါဘူး ဇာကြီးရဲ့"

"အေးလေ မသိလို့မေးနေတာပေါ့"

"မသိရင် တိတ်တိတ်နေစမ်း။ ဒီအိမ်မှာ ပိုက်ဆံရှာရတာငါလား၊ နင်လား"

ဝကြီး၏ ခပ်ငေါက်ငေါက်စကားသံ။

ငွေရှာတာရှင့်ပေါ့
. . . ဒါပေမယ့်ရှင့်ငွေမှ
မသုံးတတ်တာ
ကျွန်မသုံးပေးလို့
ရှင့်ငွေတွေကုန်နေတာကို
. . . ရှင်ကမကျေးဇူးမတင်
တဲ့အပြင်



www.burmeseclassic.com

"ငွေရှာတာရှင်ပေါ့ . . . ဒါပေမယ့် ရှင်ငွေမှမသုံးတတ်တာ . . ကျွန်မသုံးပေးလို့ ရှင့်ငွေတွေကုန်နေတာကို . . . ရှင်ကျေးဇူးမတင်တဲ့အပြင် . . . ဒီကတစ်နေ့တစ်နေ့ သူရှာတဲ့ငွေကို ဘယ်လိုသုံးရမယ်ဆိုတာကို မနည်းအကွက်ချပြီး စီမံသုံးစွဲနေတာကို . . "

သူ့မိန်းမ အာနိုးဗလကြီး ပွစိပွစိပြောရင်း အခန်းထဲဝင်သွား၏။

ဝကြီးက ဤသို့ပင် မိန်းမကိုတော့နိုင်သည်။

"ဒီညမှ အကြံအစည် မအောင်ရင် ဘယ်တော့မှ အောင်မြင်မှာမဟုတ်တော့ဘူး"

ဟု ရေရွတ်ရင်း ပြင်းမေ့ဆိုသော အရက်ဦးရေအဆီကို ဧလားထဲ လောင်းထည့်လိုက်လေသည်။





ည ခုနစ်နာရီခန့်တွင် ဝကြီး၏အိမ်သို့ ချိန်းထားသည့် လူစွမ်းကောင်းများ လက်နက် အစုံတပ်ဆင်၍ရောက်လာကြ၏။ သူတို့၏ လက်နက်မှာ အလကားရသည့် ပါးစပ်နှင့် ကပ်ပါနေသည့် လျှာများသာ။

"ဟာ, . . . လာကြ လာကြ၊ ကျုပ်ကခင်ဗျားတို့အားလုံး လူစုံမှလာပါ့မလားလို့ စိုးရိမ်နေတာ"

ဝကြီးအိမ်ပေါ် တက်လာသူများ အားလုံး တစ်ယောက်ကို တစ်ယောက် စွေစောင်းကြည့်ကြသည်။

www.burmeseclassic.com



၁။ ကိုဆန်း
၂။ ကောင်လေး
၃။ ချက်ဖောင်း
၄။ ထွန်းနိုင်
၅။ အောင်သွေး
၆။ ကိုလတ်
၇။ ဖောင်ကြီး
၈။ မျိုးထူးထက်
၉။ တင်မောင်တည်
အားလုံးပေါင်း ကိုးနဝင်း။

"အောင်အတိတ် အောင်နိမိတ်က ပြုပြီဗျို့"

ဝကြီး ဝမ်းသာလုံးတွေဆို့နေသည်။

လာသမျှလူတွေကလည်း အားလုံးဆရာကောင်းတွေချည်း ဖြစ်၍ တစ်ယောက်ကိုတစ်ယောက် အလွတ်မပေးဘဲ ကြည့်နေကြသည်။

ဒါကို ဝကြီးမှပင်စ၍ . . .

"ကဲ, ဒီနေ့ ကျွန်တော့်ရဲ့ဧည့်ခံပွဲကို ကြွရောက်လာကြတဲ့ လူကြီးမင်းများကို ကျွန်တော်ကိုယ်တိုင် စပ်ဟပ်ထားတဲ့ အကောင်းဆုံး ကော့တေးနဲ့ဧည့်ခံပါမယ်။ အားလုံးပျော်ရွှင်စွာသောက်သုံးပြီး အတွေ့အကြုံများ ဖလှယ်ကြရအောင်။ ကဲ, စပြီဗျာ"

ဆိုပြီး အားလုံးကို အရက်တစ်ခွက်စီ မောက်မောက်ထည့်ပေးလိုက်တယ်။ ပြီးတော့ သူကိုယ်တိုင်က ခွက်သေးသေးလေး သာယူထားပြီး သူ့ခွက်သေးကိုမြှောက်ပြီး . . .

"ကိုင်း. . . ချီးယားစ် အားလုံးခွက်တိုက်ပြီး အရက်မကုန်ဘဲ ခွက်ပြန်မချကြပါနဲ့။ အရက်မကုန်ဘဲ ခွက်ပြန်ချရင် အရက်သမား





သိက္ခာကျပါတယ်။ ရေစုန်မျောပါတယ်။ ဒါကြောင့် ခွက်ကိုမချကြေးထည့်ထားတဲ့အရက်ကို အကုန်သောက်ကြေးလုပ်မှာပါ၊ ကိုင်း . . . စပြီဗျာ"

ဆိုပြီး ခွက်ကိုချွင်ခနဲတိုက်ပြီး သူကိုယ်တိုင်ဦးဆောင်ကာ ခွက်တစ်ခွက်လုံးကုန်အောင် သောက်ချလိုက်သည်။ ကျန်ဖိတ်ကြားထားသော ဂျလေဘီဧည့်သည်တော်များကလည်း သူပြောသည့်အတိုင်း ခွက်ကိုယူကာ တစ်ရှိန်ထိုးမော့ချလိုက်ကြသည်။

"ဟား. . ."

ဟူသော ,ရေရွတ်သံနှင့်အတူ အားလုံးမျက်ခွက်ကြီးများ နီတက်လာကြသည်။ ဝကြီးက အားလုံးကိုပြုံးပြုံးကြီးဝေ့ကြည့်ပြီး . . .

"ဘယ့်နှယ်လဲ ဝကြီးရဲ့ကော့တေးကောင်းရဲ့နော်"

ဆိုတော့ ငတိတွေကလည်း ကော့တေးဆိုတာ ဘယ်လိုလဲ ဘယ်သူမှ ဟဟ သောက်ဖူးတာမဟုတ်တော့ အသီးသီးခေါင်းညိတ်ပြီး . . .

"ကောင်းရဲ့ဗျာ"

"လည်ချောင်းထဲကို မီးစထိုးထည့်လိုက်သလားမှတ်ရတယ်"

"အက်ဆစ်အတိုင်းပဲ"

"ဂွဒ်တေ့စ်ပါဗျာ"

"အလွန်မှည့်"

စသည်ဖြင့် ရေရွတ်ကြကုန်သည်။ စိတ်ထဲတွင်တော့ . .

"ဩော်, ကော့တေးဆိုတာ အရက်သမားတွေ ကော့နေအောင် တေးထားတဲ့အရက်ပါလား"

ဟုတွေးမိနေကြသည်။

"ကဲ, ဟောဒီမှာမြေပဲဗျား။ ရှရှားအရက်သမားတွေဆို



www.burmeseclassic.com

www.burmeseclassic.com



ဒီအတွဲအစပ်ကို သိပ်ကြိုက်တာဗျ။ ကော့တေးနဲ့မြေပဲလောက် လိုက်ဖက်တာ ကမ္ဘာပေါ်မှာမပေါ်သေးဘူး"

ဟုဆို၍ မြေပဲဆားလှော်ထုပ် နှစ်ထုပ်ချပေး၏။ သူ့သဘောတတော့ အရက်သာများများသောက် မြန်မြန်မူးအေးရော ဆိုပြီး လုပ်နေတာပါ။ အရက်မူးလာပြီဆို တစ်ခါတည်း တန်းအဆင်ပြေအောင် . . . ဝတ္ထုတွေထဲမှာ ပြစ်မှုအကျူးလွန်ဆုံးဇေ့ ဆိုတဲ့ အိမ်သာထောင့်ကိုတောင် တံမြက်စည်းလှည်းကျင်း ရှင်းလင်းပြီးသား။ ဒီခယ်မဆိုတဲ့ဟာကြီး ဒါမှလင်မရရင် ဒီတစ်သက်ရမှာမဟုတ်တော့။ မရလို့မဖြစ် ရကိုရရမည်။ ပစဝကြီးတဲ့ကွ။ ဝက်ဇီးတင်တာတောင်ပွဲအား လုပ်ခဲ့တဲ့ကောင်။ ဒင်းတို့မူးရင်ပြီးပြီ ။ ဟွင်း . . . ။ မြန်မြန်မူးမှ သူ့အကြံအစည် အောင်မြင်မှာကိုး။ ဟိုကောင်တွေ တလည်း ဝကြီးဒကာခံထားတာမို့ ဘာမှမပြောသာဘူး။ အောင့်သက်သက်နှင့် မြေပဲတစ်စေ့စ၊ နှစ်စေ့စ ဆွဲယူပြီးစားကြရသည်။ ဒါကို ဝကြီးက ခွက်အသီးသီးကို အရက်မောက်မောက်စီထည့်ပေးပြီး . . .

"ကဲ, လုပ်ကြပါဦး။ ကော့တေးကောင်းတော့ သူ့အလိုလို အရမ်းချိုကိုးဗျ။ ကဲ, သောက်လိုက်ကြရအောင် ချီးယားစ်"

အားလုံးခွက်မြှောက်ပြီး ချွင်ခနဲတိုက်ကာ မော့မျိုချရပြန်လေသည်။ အမြည်းမရှိတော့ အာပူသား။

ဒီတစ်ခွက်မှာတော့ လူတိုင်းထိသွားပြီ။ အားလုံး မျက်နှာကြီးများ ခရမ်းချဉ်သီး ခြင်းပိများလို ရဲပဒေါင်းထွက်ကုန်ပြီ။ ဒါကို ဝကြီးက မျက်နှာရိပ်မျက်နှာခြည်ကြည့်ပြီး အရက်ကိုထပ်ငှဲ့ပေးပြီး

"နေစမ်းပါဦးဗျ။ ဒီလာသမျှဧည့်သည်တွေထဲမှာ ကိုကောင်လေးက တယ်စွံဆိုပြီး ကြားဖူးပါရောလား။ လုပ်စမ်းပါဦး ကိုကောင်လေးရဲ့ မြာအတွေ့အကြုံ"





ဆိုတော့ အရက်ကလေးကလည်း ထွေနေ။ နောက်သူနဲ့ယှဉ်ဖော်ယှဉ်ဖက်ဘူးတွေကြားမှာမှ သူ့ကိုအရင် စဗျူးတာဆိုတော့ ကောင်လေးလည်း မာန်တက်သွားကာ သူ့ရင်ဘတ်ပြားကြီး ရှေ့ထုတ်ပြီး . . .

"စွံချက်ကတော့ ပြောမနေပါနဲ့ဗျာ၊ ကျုပ်အကြောင်း ကို ဝတ္ထုဖွဲ့ပြီး ရုပ်ရှင်ရိုက်မယ်ဆိုရင် (စွံချက်ကတော့ကမ်းကုန်ပဲ) ဆိုပြီး နာမည်ပေးရမယ် . . . ဟဲ . . ဟဲ . . . ဟဲ . . . ကြည့်လေ ကျုပ်အခုတွဲနေတဲ့ ကောင်မလေးက ကျုပ်ရဲ့နှစ်ဆယ့်လေးယောက်မြောက် ရည်းစားဗျ"

"ဩော်, ဟုတ်လား"

ဝကြီးက အားရပါးရထောက်ခံသည်။ ကျန်တဲ့လူတွေက မျက်နှာရှုံ့မဲ့ကုန်၏။ ဒါကိုမသိချင်ယောင်ဆောင်၍ ကောင်လေးက ဆက်ပြီး . . .

"ဟုတ်တယ်ဗျ။ ကောင်မလေးရဲ့မျိုးရိုးက သိပ်ချမ်းသာတာ ဆွေကြီးမျိုးကြီးတွေပေါ့ဗျာ"

သူ့စကားကို ထွန်းနိုင်ကကြားဖြတ်ပြီး . . .

"ဘာဆွေကြီးမျိုးကြီးလဲ။ လမ်းထိပ်ဆိုက်ကားဂိတ်မှာ ခဏခဏတွေ့နေလို့ ကျုပ်ကတက္ကစီပေါ်တင်ပြီး လုံးမလို့ကြံတုန်း ခင်ဗျားပဲ ကျုပ်ကိုဖိနပ်တစ်ရံ ကန်တော့ပြီး ငါလုံးပါရစေဆိုပြီး လုပ်သွားတာမှတ်မိလား"

ထွန်းနိုင်စကားကြောင့် ကောင်လေးကျုံ့ဝင်သွား၏။

ထွန်းနိုင်ပြောတာအမှန်။ ဒီကောင်မလေးကို ဆိုက္ကားဂိတ်မှာ ခဏခဏ တွေ့ရလွန်းလို့ ထွန်းနိုင်က မသက်ာဖြစ်နေတုန်း ကောင်လေးက ထွန်းနိုင်ကို ဆင်ခြောက်ကောင်ဖိနပ်တစ်ရံ ကန်တော့ပြီး



www.burmeseclassic.com

www.burmeseclassic.com



စည်းရုံးသွားတာ။ သူ့ခမျာ ဘယ်လိုပြန်ပြောရမှန်းမသိ ဖြစ်နေသည်။ သို့သော် သူက သူ့ကိုယ်သူ လူလည်လူပါးဆိုပြီး သတ်မှတ်ထားတဲ့သူ မဟုတ်လား။ ဒါကြောင့် စကားကိုပြန်ဆက်ပြီး . . .

"အဲဒီဆိုက်ကားဂိတ်မှာ တွေ့တွေ့နေတာ သူ့အစ်ကိုလူမိုက်ကလေးကို သူ့အဖေအမွေဖြတ်ပြီးပစ်ထားလို့ သူကလာကြည့်တာပါကွာ။ သူ့အစ်ကိုက ခဏအခြေမျက်ပြီးဆင်းရဲသွားတာကွ။ အမှန်တော့ သူ့အဖေ . . ."

"သူ့အဖေဦးအောင်သောင်းလေ မြင်းခွာသံရိုက်တာ။ အခု ရန်ကုန်မြို့မှာ မြင်းလှည်းမရှိတော့လို့ အလုပ်ပြောင်းပြီး ဖိနပ်လိုက်ချုပ်နေရတာ ဘယ်တုန်းက ချမ်းသာဖူးလို့လဲ"

သူ့စကားတောင်မဆုံးသေးဘူး ကိုဆန်းက ထကလပ်ပြန်သည်။ အားလုံးက မြွေမြွေချင်းခြေမြင်ဓနကြသူမို့ တော်ရုံနဲ့လှည့်လို့မရနိုင်။ ဒါပေမယ့် ကောင်လေးကလည်း ကောင်လေးပဲလေ။ ဘယ်အလျှော့ပေးချင်လိမ့်မတုံး . .

"သူ့အဖေက ဆင်းရဲပေမယ့် သူတို့မျိုးရိုးက . . ."

"ထောင်ထဲမှာလေ။ ထောင်ထဲမှာကတစ်ဝက်၊ ကျူးကျော်ရပ်ကွက်တွေထဲက တဲစုတ်တွေဘေးမှာ ကပ်ရပ်ပြီးနေနေတာက တစ်ဝက်"

ကောင်လေးစကားမဆုံးခင် ချက်ဖောင်းက ထပြောပြန်သည်။ ကောင်လေးက ဟိုဘက်လည်းလှည့်မရ၊ ဒီဘက်လည်းလှည့်မရဖြစ်နေသည်။ သို့သော်သူက ဒီလိုလူတွေကြားထဲ တော်ရုံနဲ့တော့ အလျှော့မပေးချင်တာကြောင့် . . .

"မင်းတို့က သူ့အဘိုးမှမသိတာ၊ သူ့အဘိုးကသင်္ဘောသားကွ"





"အဲဒါတော့ဟုတ်တယ်၊ သူ့အဘိုးက သင်္ဘောသားစစ်စစ်ဗျ"

ဒီတစ်ခါတော့ သူ့စကားကို တင်မောင်တည်က ထောက်ခံသည်။ ဒါကြောင့် ကောင်လေးမာန်တက်ပြီး . . .

"အဲဒီ သူ့အဘိုးဆီက အမွေတွေရတော့. . ."

"ဘာ, သူ့အဘိုးဆီက အမွေရရမှာလဲ၊ သူ့အဘိုးက ဒလနဲ့ ရန်ကုန်ပြေးနေတဲ့ သင်္ဘောပေါ်ကလက်မှတ်စစ် သူ့ဘာသာသူ စီတောင် ငတ်သေတာ ဘာအမွေပေးနိုင်မှာလဲ"

တင်မောင်တည် ဆက်လိုက်သောစကားကြောင့် ကောင်လေးမျက်နှာ ဆီးရွက်လောက်သာကျန်တော့သည်။

အတန်ကြာမှ . . .

"ဒါပေမယ့် သူ့လက်ထက်မှာ ရိုးသားကြိုးစားပြီးချမ်းသာချင်ချမ်းသာမှာပေါ့ကွ . . . အဲဒါမျိုးတွေက လောကမှာ ဒုနဲ့ဒေးဟာကို . . ."

သူ့စကားကို အောင်ကြီးက . . .

"ဘာကိစ္စချမ်းသာရမှာလဲဗျ။ ဆိုက်ကားဂိတ်မှာ ယောက်ျားသားတွေနဲ့ တရုန်းရုန်းတွေ့လို့ ရဲကတောင် ကျော်စောနဲ့ဖမ်း ခံဝန်ထိုးခိုင်းပြီး ပြန်လွှတ်ထားတာ။ အခု သူ့ခမျာဟိုဟာလည်းလုပ်မရ ဒီဟာလည်းလုပ်မရနဲ့ ဖရဲသီးနေ့ပြန်တိုးယူပြီး ရောင်းနေရတဲ့ဟာကို"

အောင်ကြီးစကားကို မျိုးထူးယက်ကပါ . . .

"ဒါပေမယ့် သူတို့မျိုးရိုးက သန့်ပါတယ်"

သူ့စကားကို ကောင်လေးက ခေါင်းထောင်ထလာပြီး . .

"အဲဒါပြောတာ၊ မျိုးထူးယက်ပြောပြလိုက်ပါဦး မင်းပြောမှ နားဝင်မဲ့ကောင်တွေ . . ."



www.burmeseclassic.com

မျိုးထူးထက်က ကောင်လေးကို မျက်စောင်းထိုးကြည့်ပြီး

"ဟုတ်တယ်။ သူတို့မျိုးရိုးကသန့်တယ်။ လူကောင်းတစ်ယောက်မှ အရောမခံဘူး။ လူစုတ်ချည်းသက်သက် သန့်သန့်လေး စုနေတာ"

ကောင်လေးအမိမဲ့သား ရေနည်းငါးလို ပါးစပ်လေး ဟစိဟစိဖြစ်သွားသည်။ ဒီလူအားလုံးက ရပ်ကွက်ထဲ မိန်းမတစ်ယောက်ရှောက်တာနဲ့ ခရေစေ့တွင်းကျသိနေသူချည်းမို့ ဘာမှလိုမှ်လို့မရ။ ဒါကို ဝကြီးမှပင်ကြားဝင်၍ . . .

"ကဲလေ ဘာပဲပြောပြော ရည်းစားရှိတယ်ဆိုကတည်းက ဘယ်ဂုဏ်ငယ်တော့မှာလဲ ဟုတ်ဘူးလား။ ဒါနဲ့ ကိုဆန်းကရော"

သူ့စကားကို ကိုဆန်းက ဘာမှမဟုတ်သလိုဟန်မျိုးနဲ့ သွားလေးဖြီး သူ့ပေါင်သူရိုက်ရင်း . . .

"ကျွန်တော်ကတော့ ဘာမှမဟုတ်ပါဘူးဗျာ။ တစ်ယောက်နှစ်ယောက်တည်းနဲ့ပါ . . . ဟီးဟီး . . ."

သူ့စကားစတာနဲ့ အောင်ကြီးက . . .

"အမှုဖြစ်ခဲ့တာကို ပြောတာမဟုတ်လား။ ဘယ့်နှယ်ဗျာ ငါးကျပ်တန် ဘိန်းမုန့်ဝယ်ပြီး အမှောင်ထဲမှာ ဈေးထဲကငါးသည်ကို ဘိန်းမုန့်ခွံ့ပြီး ရည်းစားစကားပြောရတယ်လို့ . . . သူမို့ "

ဆိုပြီး စ ကစ်သည်။ ဒါကို ကိုဆန်းက . . .

"အဲဒါ အမှုမဖြစ်ပါဘူးကွာ။ မင်းကလည်း ဟီးဟီး . . ."

"ဘယ်ဖြစ်မှာလဲ ရပ်ကွက်ရုံးမှာတင် ငွေဆယ့်ငါးကျပ်ပေးပြီး ကျေအေးခဲ့တာကိုး"

သူ့စကားကို တစ်လုံးမှဝင်မပြောသေးတဲ့ ကိုလတ်က ဝင်ညှောင့်တယ်။ ဒါကို ကိုဆန်းက . . .



"ဆယ့်ရှစ်ကျပ်ပါကွာ။ မင်းကလည်း ဈေးမလျှော့ပါနဲ့"

သူပြောလို့တောင် မဆုံးသေးဘူး ကောင်လေးက . . .

"အောင်မာ သုံးကျပ်တောင်တိုးသွားသေး။ ဆယ့်ငါးကျပ်ကိုတောင် ခြောက်ကျပ်စီနှစ်ခါခွဲပေးပြီး ကျန်တဲ့သုံးကျပ်အတွက် အခုအချိန်အထိ ရှောင်နေရတယ်မဟုတ်လား"

"မင်းတို့ကလည်းကွာ တစ်ခါတည်းပါ ဟီးဟီး . . ."

သူ့စကားကို တင်မောင်တည်က . . .

"ဘာတစ်ခါတည်းပါလဲ။ တလောကလည်း ပါရမီဘတ်စ်ကားပေါ်မှာ ကုလားမကြီးတစ်ယောက်ကို အနောက်က ဘာသွားလုပ်လို့လဲမသိဘူး။ ဟိုက လက်ဆုပ်လက်ကိုင်မိဖမ်းပြီး ရုံးအပ်ခဲ့တာလေ။ ကျပ်တောင် ခင်ဗျားအတွက် အာမခံပေးခဲ့ရသေးတယ်။ နောင် မသရမ်းစေရပါဘူးဆိုပြီး"

"မဟုတ်ပါဘူးကွာ။ အဲဒါမျိုးထူးထက်ပါ . . . ဟော့ကောင်"

ဆိုပြီး မျိုးထူးထက်ဘက် လှည့်ရမ်းတယ်။

မျိုးထူးထက်က တွန့်လျက် . . .

ကိုဆန်း မျက်ပေါက်ကြီးပိတ် မျက်ခွံးတွေသုတ်ပြီး ပြုံးချင်ယောင်သာ ဆောင်နေလိုက်သည်။ ဘာမှဆက်မပြောတော့။ ဆက်ပြောနေလျှင် ဒီလူတွေနဲ့ ခံရဖို့ချည်းရှိသည်ကိုး။ ဒါကို စကားဝိုင်းမစည်မှာစိုးသည့် ဝကြီးက . . .

"ကဲ, အဲဒါတွေထားပါတော့ ကိုချက်ဖောင်းကရော"

သူခွင့်ပေးလိုက်သည်နှင့် ဘာဖြစ်ဖြစ်ပြောမည်ဟု စိတ်ပိုင်းဖြတ်ထားသည့် ချက်ဖောင်း ရင်ကော့ ကော်လံထောင်၍ စကားစမည် ကြံတုန်းမှာပင် . . .

"ကျွန်တော်က . . ."



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် . . ."

အားလုံးထံမှ ပြိုင်တူထွက်ပေါ်လာသော အသံကြောင့် ချက်ဖောင်း အပြုံးနှင့်လက်တို့ လေထဲမှာတန့်သွားသည်။ နောက် နဂို ပြုံးလျက်သား မျက်နှာကြီးနှင့်ပင် ဟိုကြည့်ဒီကြည့်လိုက်ကြည့် သည်။ ပြီးမှ သူ့လက်သူ ပေါင်ထဲဝှက် နဂိုတိုပြီးသားဂုတ်ကို ထပ်တို ကာ ပြုံးဖြီးဖြီးနှင့် . . .

"ပြောစရာမရှိပါဘူး။ ကျွန်တော့်မှာ မယားကြီးဆုံးပြီး ကတည်းက ဘာမှပြောစရာမရှိပါဘူး ဟီးဟီး . . ."

ဆိုပြီး ငြိမ်သွားသည်။ ပြောလို့မရဘူးလေ။ သူပြောလိုက် တာနဲ့ သူ့ငယ်ကျိုးငယ်နာတွေ အကုန်ပေါ်ကုန်မည်ကိုး။

ရန်ကုန်မြို့ထဲ ကော်ဆွဲခြင်းအဲ့ဟောင်းကြီးဆွဲပြီး ကောင်မ လေးများ ရှေ့ရောက်လျှင် ထိုဆွဲခြင်းထဲမှ ဖိနပ်အကောင်းနှင့် ဖိနပ် အဟောင်းလဲစီးကြောင်း၊ ဒလသဘော်ပေါ်တွင် ကောင်မလေးရှေ့ တိုင်တန်းနှစ်မင်းသားလို သဘော်ဦးပေါ်သွားတက်ရပ်မိ၍ ရေထဲ ဇောက်ထိုးကျခဲ့ရာ သမ္ဗန်သမားများ အသဲအသန် ကယ်မမှုကြောင့် သာ အသက်ဘေးမှသီသီကလေး လွတ်ခဲ့ကြောင်း၊ သူနှင့် အရွယ် မတော်သော ကိုဆန်း၏ဂျင်းဘောင်းဘီကို ခိုးပြီးဂုန်နီအိတ်ကြိုးနှင့် စည်းဝတ်သွားပြီး သူ 'နောက်' ယူမည့်ကောင်မလေးနှင့်တွေ့မှ ဂုန်နီ အိတ်ကြိုးပြတ်ကျ၍ အရှက်နှစ်ခြမ်း တခွမ်းခွမ်းကွဲခဲ့ရကြောင်း စသည်ဖြင့် ပြစ်မှုပေါင်းများစွာ ပေါ်လာကုန်မည်ကိုး။

ထို့ကြောင့် ဘာမှမပြောဘဲ ငြိမ်နေတာကမှ သိက္ခာရှိဦးမည် ဟု တွေးပြီး အသာငြိမ်နေလိုက်ရသည်။

သူတို့အားလုံးကိုကြည့်ပြီး ဝကြီးက . . .






"ကဲကဲ၊ ပြောတာလည်းပြော သောက်တာလည်း သောက် နှင့်ကြဦး"

ဆိုပြီး အရက်တွေလိုက်ငှဲ့ပေး၏။ အားလုံးကလည်း ပြော စရာစကားမရှိပြီမို့ အရက်သာဖိတွယ်နေကြသည်။

ဤသို့ဖြင့် . . .






www.burmeseclassic.com

www.burmeseclassic.com





ညကလည်း 'ချိပ်ချိပ်နက်' နေပြီ။ ပတ်ဝန်းကျင်တစ်ခုလုံး အားယားကြီးမှောက်တိတ်ဆိတ်နေပြီ။ အရက်သောက်နေသူ ဘူးကိုးနဝင်းလည်း ဇက်ကျိုးနေကြပြီ။ ဇက်ကျိုးရင်လက်ထိုးအနိမ်မယ်ဆိုသော တင်မောင်တည်ပင်လက်ထိုးအနိမ်နေပြီ။ အူမပေါက်မှ သီလစောင့်မယ်ဆိုသော ကိုဆန်းလည်း မျက်နှာကြီးအဆီပြန်နေပြီ။

ဝကြီးက အပိုင်ကြံသူဆိုတော့ ဒီအခြေအနေကိုစောင့်နေတာ . . .

"ငါတို့ကိုးယောက်ပေါင်းပြီး ထောင်းလဲမောင်းချေလိုက်ရင် မြန်ပြည်တစ်ခွင်ပြုံပြုံစင်ပြီပေါ့ကွာ။ ဟုတ်ဘူးလား။ ငါတို့ကိုးယောက်အားက အိပ်ဇောကိုးလုံးအားလောက်ရှိတော့ တော်ရုံလူဘယ်ယှဉ်နိုင်တော့မှာလဲ"

ကောင်လေး၏ အာလေးလျှာလေးအသံ။ အရက် အမူးလွန်လာတော့ တစ်ယောက်ကိုတစ်ယောက် ကြည့်လို့တင့်တယ်လာပြီ။ ပေါင်းလို့တည့်လေပြီ။

"ဟုတ်တယ်ဗျ။ ကျုပ်တို့ ကိုးယောက်သာ ပေါင်းကြံလိုက်လို့ကတော့ . . . ဟွင်း . . ."

အောင်ကြီးက ထောက်ခံသည်။ ဝကြီးက အားလုံးကိုဝေ့ကြည့်ရင်း . . .

"ကဲ, စကားလည်းပြောကြ။ သောက်လည်းသောက်ကြဦး။ ဒီမှာ တစ်ဇလားကြီးရှိသေးတယ်။ ဒီအရက်မှမကုန်ရင် ကျုပ်လည်းစိတ်ကောင်းမှာ မဟုတ်ဘူး"

ဆိုပြီး ကုန်သမျှခွက်တွေကို လိုက်ငှဲ့ထည့်ပေးသည်။ ပြီးနောက် အားလုံးကို ပြန်ဝေ့ကြည့်ပြန်သည်။

"အင်း. . . ငါခယ်မနဲ့ ဘယ်သူသင့်တော်ပါမလဲ"

မျိုးထူးထက်တို့ ကိုလတ်တို့ဆို မဆိုးဘူး။ ဒီကောင်တွေက အငုံးလေးတွေ။ ဒါပေမယ့် ဒီကောင်တွေက အလုပ်ကို လက်ကြောတင်းအောင်လုပ်ချင်တာ မဟုတ်ဘူး။ အောင်ကြီးနဲ့ချက်ဖောင်း ဆိုရင်ရော။ ဒီကောင်တွေက အားကောင်းမောင်းသန်တော့ဖြစ်ပါရဲ့။ ဒါပေမယ့် ဝင်ငွေတွေက ကောင်းလှတယ်မဟုတ်ဘူး။ ဟိုကောင်ထွန်းနိုင်တို့ အောင်သွေးတို့ကရော ဒီကောင်တွေကလည်း ဘာထူးလို့လဲ။ စားဖို့မရှိလို့ ဟိုအိမ်ကပ်နေ ဒီအိမ်ကပ်နေ နေနေရတဲ့သူတောင်းစားလောက်ကောင်တွေ။ အဲ, ကိုဆန်းတို့ ကောင်လေးတို့ကတော့ မဆိုးဘူး။ အလုပ်အကိုင်လည်းရှိတော့ ခံသာတာပေါ့။



တော်ဝင်မြို့မစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် အကျင့်တစ်ခုပဲ ပြောစရာရှိတယ်။ အကျင့်ကမကောင်းတာတော့ မဟုတ်ဘူးပေါ့။ မွေးရာပါပျက်နေတာ။ အို၊ ဘာပဲဖြစ်ဖြစ် ငါ့ခယ်မကြီး လင်ရပြီး တစ်အိုးတစ်အိမ်ထူထောင်သွားပြီး အိမ်မျက်စိနောက် သက်သာရင်ပြီးတာပဲ။ မူးတဲ့ကောင်ဆွဲ စိမယ်ဟု စိတ်ပိုင်းဖြတ်ပြီး ငဲ့ကြည့်လိုက်တော့ . . .

တင်မောင်တည် . . .

အမူးလွန်ပြီး ဇက်ပင်ကျိုးကျနေပြီ။ လူကလည်း ထိုင်နေရင်းနဲ့ ဆတ်ခနဲ ငိုက်သွားလိုက် . . . ဇတ်ခနဲလန်သွားလိုက်နဲ့ ရှိလာကိုစတာစီးသလို ယိုင်ထိုးယိုင်ထိုးဖြစ်နေသည်။

ပိုင်ပြီ။ ဒီတစ်ခါတော့ပိုင်ပြီဟု စိတ်ထဲကကြွေးကြော်ပြီး . . .

"ဟာ၊ ကိုတင်မောင်တည် အတော်မူးနေပြီပဲ။ အိပ်ချင်နေပြီဖြစ်တယ်။ ကျွန်တော်အိပ်ရာထဲ လိုက်ပို့ပေးမယ် ဒီမှာပဲအိပ်"

ဆိုပြီး တင်မောင်တည်ကို အတင်းထတွဲသည်။ တင်မောင်တည်ကလည်း အမူးသမားတို့ရဲ့ ထုံးစံအတိုင်း . . . ခေါင်းကြီးစိုက်။ လုံချည်တွေကျွတ်ပြီး . . .

"ကျုပ်မမူးသေးပါဘူးဗျ။ ဒီလောက်နဲ့ မူးလို့ရကြေးဆို တင်မောင်တည်တို့ အသည်းကြီးပြလိုက်မယ်။ ဘာမှတ်လဲ ရပ်ကွက်ထဲ အီးပေ တင်မောင်တည်ဆိုတဲ့အမည် အလကားရထားတာမှ မဟုတ်တာ"

ဆိုပြီးငြင်းတယ်။ ဒါကို ဝကြီးကလည်း အကြံသမားမို့ . .

"လာပါ ကိုတင်မောင်တည်ရာ အိမ်လည်းပြန်မနေနဲ့တော့ ဒီမှာပဲအိပ်။ ကျွန်တော်အခန်းထဲ တွဲပို့မယ်"

ဆိုကာ တင်မောင်တည်ကို ချိုင်းကနေမထူသည်။

တင်မောင်တည်ကလည်း . . .





"ရပါတယ်ဆို ဝကြီးရာ ငါ့ဖာသာငါလျှောက်နိုင်ပါတယ်"

လျှောက်နိုင်ပါတယ်သာဆိုတယ် လူက လေးဖက်ကြီးထောက်လို့။

"ဗျာ . . . ကိုတင်မောင်တည် . . ကျွန်တော်တွဲပါ့မယ် . . ."

"ဟေ့ . . . လူသားမှန်ရင် ဘာမှတွဲစရာမလိုဘူး . . . မွေးလာကတည်းက တစ်ယောက်တည်းတွဲလာတဲ့ တင်မောင်တည်ပါဗျ . . ."

ဆိုပြီး ဝကြီးဆွဲခေါ်ရာ လုံချည်မနိုင် ပဝါမနိုင် ပါသွားသည်။ ဟုတ်သည်တစ်ယောက်တည်းကိုတွဲနေသည်။ ပခုံးပေါ် ခေါင်းတင်ရင်း ပြောပါတယ်။ ဝကြီး၏ စိတ်ထဲတွင်တော့ . . .

ပိုင်ပြီ . . ပိုင်ပြီ . . ဒီတစ်ခါတော့ တကယ်ပိုင်ပြီဟုတွေးမိရင်း ကိုယ့်ရဲ့ယောက်ဖတော်လောင်းကြီးကို အာပွားပင် ကကျွတ်ခနဲပေးမိရင်း အူမြူးနေသည်။

သူ့အကြံအစည်က ဒီလိုပါ။ အမူးလွန်နေသူကို သူ့ခယ်မ အခန်းထဲတွဲပို့ထားမယ်။ အခန်းထဲရောက်လျှင် အအိပ်ကြီးလှသော ခယ်မနံဘေးသိပ်ထားမည်။ ပြီးလျှင် လူကြီးစုံရာခေါ်ပြီး ခယ်မအခန်းထဲတွင် လက်ပူးလက်ကြပ်မိပါသည်ဆိုပြီး အတင်းလက်ထပ်ပေးမည်။ မည်သူငြင်း၍ရအံ့တော့နည်း။

ယခုတော့ တစ်ယောက်ပါလာပြီ။ အချဉ်တစ်ကောင်တော့ ပိုင်ပိုင်ကြီး မိပဟ။

"လွှတ်ပါဗျ ကျွန်တော့်ကိုမတွဲပါနဲ့။ ကျွန်တော် ကိုယ့်ဖာသာကိုယ်တွဲနိုင်ပါတယ် . . . ယုဇနပင် ပန်းချုံအောက်မှာ . . . မင်းတို့အမေရှိမယ် မကောင်းတဲ့အကြံဆိုးနဲ့ ဖမ်းဖို့ကြံထားတယ် . . အေ . . အရပ်လူကြီးနဲ့ပေါင်းပြီးကြံတာမို့ မရှောင်နိုင်ရင်တော့ခက်မယ်



www.burmeseclassic.com

www.burmeseclassic.com

. . ဟင်း . . . တွေ့လား ကျုစ်သီချင်းတောင်ဖြောင့်အောင် ဆိုနိုင်သေးတယ် . . . အော့ . . .”

ကျောင်းဆရာတင်မောင်တည်က အမူးသမားတို့ ဖြစ်လေ့ဖြစ်ထရှိသော ဇာတိရုဏ်နှင့်ပြောသည်။ ဒါကို ဝကြီးကလည်း ပစ်မှတ်ကို တည့်တည့်မရောက်မည်စိုး၍ . . .

“ရပါတယ်ဗျာ။ ခင်ဗျားအခန်းမသိမှာစိုးလို့ပါ။ ကျွန်တော်က အရောက်ပို့မှာပါ”

ဟုတ်တယ်။ သူကအရောက်ပို့မှာ။ သူ့ခယ်မအခန်းထဲ အရောက်ပို့မှာ။ အခန်းထဲရောက်ရင် အပြင်ကချက်ထိုးထားခဲ့မည်။ ပြီးပြီ။

ဝကြီးအူမြူးကာ တင်မောင်တည်ကို တွဲထားရင်းအခန်းဘက်ခြေဦး လှည့်လိုက်သည်။ အခန်းဝရောက်တော့ . . .

“ဘယ်အခန်းလဲ ဒီအခန်းလား?”

တင်မောင်တည် ဗွလုံးဗထွေးအမေး။ ဒါကို ဝကြီးက . . .

“အစစ်ပေါ့ဗျ။ ခင်ဗျားဒီမှာအိပ်ရင် အိပ်မက်လှလှပါမက်ပြီ . . ဟီဟီ လာ အခန်းထဲဝင်”

ဟုဆိုရင်း တွဲအပို့ . . .

“ရပါတယ်ဗျ . . . ကျုပ်ဖာသာကျုပ် ကျုပ်ကျက်လိပ်ပါမယ် ယုဇနပင်ပန်းချီအောက်မှာ မိန်းတို့အမေရှိ . . ရှိ . . . ဟင် ဟင်၊ ဘာ . . ဘာကြီးလဲဟ”

အမူးလွန်နေသော တင်မောင်တည်၏ အလန့်တကြားအော်သံ။ ခုတင်ပေါ်ကြည့်လိုက်တော့ . . .

“ဟင် အို၊ ဘယ်လို . . ဘာကြီးပါလိမ့်”

ဝကြီးပင် ကြောက်လန့်တကြားအသံထွက်သွား၏။ သူတို့



ရှေ့ ခုတင်ပေါ်တွင် ဗောက်စ်ဝက်ဂွန်းကားကို အရှေ့တည့်တည့်မှ မြင်နေရသောမြင်ကွင်းမျိုးနှင့် အိပ်စက်နေသော ဝကြီးခယ်မ သရဲဗလ။ ပေါင်ကြီးနှစ်ချောင်းနှင့် ဗိုက်ခုံးခုံးကြီး မြင်နေရသည်မှာ ဗောက်စ်ဝက်ဂွန်းကားကြီး လေတင်းပြီးရပ်ထားသည့် အတိုင်း။ ဒါတောင် ကားကအသစ်မဟုတ် မှန်တွေက မည်းမှောင်နေသည်။ ဒီကြားထဲ အိပ်ဇောထဲမှ ‘ဂွီ’ ဆိုသည့် အသံကြားရသေး၏။ ထိုအသံကြောင့်ပင် တင်မောင်တည် အမူးပြေသည့်အပြင် မျက်လုံးပါပြူးသွားပြီး ဝကြီးလက်ကို အားကိုးတကြီးဖက်ထားရင်း . . .

“အောင်မယ်လေးဗျ။ လုပ်ကြပါဦး။ လုပ်ကြပါဦး။ ဘာကြီးလဲဟ။ ခင် . . ခင်ဗျားကျုပ်ကို ဘာလုပ်မလို့လဲ . . ဘာလုပ်မလို့လဲ သေကြောင်းကြံတာလား . . .”

ဝကြီးက တင်မောင်တည်လက်ကို နှစ်သိမ့်သည့်သဘောနှင့် အတင်းဆွဲရင်း . .

“ဘာမှမလုပ် ဘာမှမလုပ်ပါဘူး။ အခုဟာ အခုဟာက . .”

သူ့စကားမဆုံးမီ တင်မောင်တည်မှ . . .

“ကယ်ကြပါဦးဗျို့။ ကျုပ်ကို ဗောက်စ်ဝက်ဂွန်းကားနဲ့ လိုက်တိုက်နေပြီ။ ကယ်ကြပါဦး”

ဟုအော်ရင်း ဝကြီးလက်ကို ဆောင့်တွန်းကာ အခန်းပြင်ပြေးထွက်ပြီး တံခါးကို ဒုန်းခနဲ ပိတ်ချလိုက်သည်။ အခန်းထဲမှာ ဝကြီးနှင့် သရဲဗလနှစ်ယောက်ထဲ . . . နှစ်ယောက်ထဲကမှ တင်မောင်တည်တွန်းလိုက်သောအရှိန်နှင့် သရဲဗလ၏ ခုတင်ခြေရင်းတွင် မှောက်လျက်သားကြီး။ ဗောက်စ်ဝက်ဂွန်းမှ ဝကြီးအား ကြွက်ကလေး၊ ငှက်ကလေးဖမ်းသလို ဖမ်းယူကြိတ်မျိုခံရတော့မည့် လက်တကမ်း အနေအထား . . ထိုတော့မှဝကြီးလည်း ကြောက်သွားပြီး



www.burmeseclassic.com

www.burmeseclassic.com



ဆတ်ခနဲခုန်အထ . . . ဖောက်စ်ဝက်ဂွန်းကြီးရဲ့ အိတ်ဇောမှလည်း ဗြိုး . . . ဖွတ် ဖုတ် ဖွတ် ဖုတ် ဆိုသော ညံစီသည့် ဒေါသနှင့် စက်နှိုးသံကြီး . . .

"အား . . . နေပါဦးဟ တံခါးဖွင့်ပါဦး"

ဝကြီး သံကုန်ဟစ်ရင်း တံခါးကိုထုသည်။ တစ်ယောက်တည်း ကျန်မှ သူလည်း ဖောက်စ်ဝက်ဂွန်းကားကြီး ထဲထွက်လာမှာ ကြောက်နေမိသည်။ မရဲတရဲနှင့်လှည့်ကြည့်ရင်း ဝကြီးကြောက်လန့်တကြား ထအော်မိပြန်သည်။

"အား . ."

ဘင်အောင်တည်ကတော့ စကားမေးပင်မရတော့။ အိမ်ပေါ်မှ ဘစ်ခါတည်းခုန်ချပြီး ခြေကုန်သုတ်လေပြီ။

"ဘော့ . . ဟော့ အပြင်က တံခါးဖွင့်ပေးပါဦး။ တံခါးဖွင့်ပေးပါဦး"

ဝကြီး တံခါးကိုတဒုန်းဒုန်းထုပြီး သံကုန်ခြစ်အော်သည်။ ကြောက်လွန်း၍ နဖူးမှဇောချွေးများပင် စိမ့်ထွက်နေသည်။

"လုပ် . . လုပ်ကြပါဦးဗျ၊ ဒီမှာ . . ဒီမှာ . ပိတ်မိနေပြီ . . . ပိတ်မိနေပြီကယ်ကြပါဦး"

ဝကြီး ကယောင်ကတမ်းအော်သံ။

ထိုအချိန်ကျမှ အပြင်မှာ မုးယစ်သောက်စားနေသော ကိုဆန်းတို့ ကောင်လေးတို့ကလည်း . . .

"ဟ ဟ၊ ဟိုအခန်းထဲမှာ ဝကြီး ဘာဖြစ်နေလဲမသိဘူး။ သွားကြည့်ရအောင်"

ဆိုပြီး တံခါးပြေးအဖွင့် . . .

ထိုအချိန်ကျမှ တဒုန်းဒုန်းခြေသံကြား၍ လွန်းဒွေးဒွေး





လန့်နိုးပြီး ထအထိုင် . . .

"အား . ."

"အား . ."

"အား . ."

"အား . ."

သံကုန်ခြစ်အော်သံများ စီညံသွားရ၏။ ပြီးတော့ တိုင်ပင်ထားသည့်အလား . . .

"ဘာကြီးလဲဟ . . . ကြောက် . . . ကြောက် . . ."

ဆိုပြီးအားလုံးဖနောင့်နှင့်တင်ပါး တစ်သားတည်းကျအောင် အိမ်ပေါ်မှ ခုန်ပေါက်ပြေးဆင်း ကြကုန်လေသည်။

ဝကြီးပင် ယောင်တောင်တောင်နှင့် အနောက်ပြန်လှည့်ကြည့်တော့

"အား . ."

ဖောက်စ်ဝက်ဂွန်းကားဘဝမှ မျောက်ဝံဘဝသို့ကွန်ပျူတာ အဖက်နှင့်တဖြည်းဖြည်းပြောင်းနေသလို ပုံမျိုးနှင့်လွန်းဒွေးဒွေး ငုတ်တုတ်ထထိုင်နေတာ မြင်တော့ ဝကြီးလန့်အော်မိသည်။ နောက်မှ သတိရကာ တံခါးကို ဒုန်းခနဲပိတ်ပြီး ရင်ဘတ်ကိုဖိကာ အခန်းတံခါးကိုမှီ၍ ဖြည်းဖြည်း လျှောချရင်း ငုတ်တုတ်ထိုင်ကာ အကြောက်ပြေနေရလေတော့သည်။ဘယ်ကဘယ်လို ဘယ်လိုထွက်ကျလာမှန်း မသိတဲ့ဇောချွေးများကလည်း နှပ်နဲ့ပင်လုံးလို့ . . ။

၌



www.burmeseclassic.com

www.burmeseclassic.com





"အဲဒါ မင်း တက္ကနစ်မှားတာ၊ တက္ကနစ်မှားသွားတာ"

မျိုးမြင့်ထွန်းရဲ့စကား။ဒါကိုဝကြီးက . .

"ဘာ တက္ကနစ်မှားတာလဲကွ။ မင်းပဲ အရက်တိုက်ပါဆိုပြီး ပြောလို့ ငါလည်းသူတို့ကို အရက်တိုက်ပြီး စည်းရုံးတာပဲ"

ဝကြီးက အိပ်ချင်မူးတူး စုတ်တိစုတ်ဖွာနှင့် ဖြေရှင်းသည်။ ဒါကို မျိုးမြင့်ထွန်းက ဆရာကြီးအိုက်တင်နှင့် . . .

"မင်းကအရက်ကို ဒီအတိုင်းအစိမ်းကြီး တိုက်လိုက်တယ် . . ဒါပထမအမှား။ ပြီးတော့





အစိမ်းကြီးပြလိုက်တယ် . . . ဘယ် . . . ဟိုက အရောင်းထိုင်းပစ္စည်းကြီး ရုတ်တရက်မြင်လိုက်တော့ လန့်ပြေးတော့တာပေါ့"

"ဟ, အဲလိုမှမပြရင် ဘယ်လိုပြရမှာလဲ . . . ကန့်လန့်ကာကလေးဆင်ပြီး တအိအိဆွဲတင်ပြီးပြရမှာလား . . စက်ခလုပ်နှိတ်ပြီး ဖွင့်ပွဲလုပ်ပြရမှာလား . . ."

"အာ . . . မင်းကလည်း . . . ဒုန်းဝေးလိုက်တာ ဒီလိုကွ"

မျိုးမြင့်ထွန်းက စကားမဆက်သေးဘဲ စားပွဲခုံကိုခေါက်နေသည်။ အတန်ကြာမှ . . .

"မင်း နိုက်ကလပ်တွေဘာတွေ သွားဖူးလား"

မျိုးမြင့်ထွန်းအမေးကို ဝကြီးက ကိုက်ခဲနေသော သူ့ခေါင်းကို လက်မနှစ်ဖက်နှင့် ဖယ်ဖယ်နယ်နယ်နှိပ်ရင်း . . .

"သွားဖူးတယ်လေ ဘာဖြစ်လို့လဲ။ ဟိုတလောက ကားတစ်စီး အရောင်းအဝယ်ဖြစ်လို့တောင် ကလပ်သွားပြီး အောင်ပွဲခံလိုက်သေး"

"အေး . . . အဲဒါကိုပြောတာ"

မျိုးမြင့်ထွန်းက စားပွဲခုံကို အားရပါးရပုတ်ရင်းပြောသည်။ ဒါကို ဝကြီးက . . .

"ဟင်, ဘာမှလည်းမပြောရသေးဘဲနဲ့များ"

"အခု ပြောမှာလေ။ ဒီလိုကွ မင်းအဲဒီတွေကိုသွားတော့ ကောင်မလေးတွေက မလှနေဘူးလား"

"လှတာပေါ့ကွ မြင်မြင်သမျှ လှမှလှ"

"အေး . . အဲဒီကကောင်မလေးတွေ မင်းအပြင်မှာရော မြင်ဖူးလား"

ဝကြီး မျက်မှောင်ကြုတ်စဉ်းစားရင်း . . .



www.burmeseclassic.com

www.burmeseclassic.com



"မြင်ဖူးသားပဲ. . ဘာဖြစ်လို့လဲ?"

"အေး . . အဲလို ကလပ်ထဲမှာမြင်ရတာနဲ့ အပြင်မှာမြင်ရတာ ဘာကွာလဲ"

"ဘာကွာလဲဆိုတော့. ."

ဝကြီးက စကားကိုမဆက်သေးဘဲ သူ့မေးစေ့သူပွတ်ပြီး စဉ်းစားနေသည်။ အတန်ကြာသည်အထိ စဉ်းစားကြည့်ပြီးမှ. . .

"ဘာကွာလဲဆိုတော့ ဩော်, မှတ်မိပြီ ကောင်မလေး တစ်ယောက်ကွာ ကလပ်ထဲမှာမြင်ရတာ မြန်မာရုပ်ပြထဲက စနေမလိုလို၊ Kill Bill ထဲက မင်းသမီး အူမာသာမင်းလိုပဲကွ အရမ်းဆွဲဆောင်မှုရှိတာ၊ ဆံပင်ကတစ်ခြမ်းစောင်းနဲ့ အသားအရေကလည်း နတ်သမီးအတိုင်းပဲ ဝင်းမှည့်နေတာ"

"အပြင်မှာပြန်တွေ့တော့ရော"

မျိုးမြင့်ထွန်းက ထောက်ပေးသည်။ ဝကြီးက ဆက်၍. . .

"အပြင်မှာမြင်ရတော့ကွာ. . ဟီးဟီး. . သူ့ဆံပင် တစ်ခြမ်းဖုံးထားတဲ့ဘက်က မျက်လုံးက တိမ်စွဲနေတာကွ၊ အသား့အရေကလည်း မွဲခြောက်နေတာပဲ၊ ဝဲကွက်မည်းမည်းတွေကပါသေး။ ဘယ်လိုမျက်စိမှောက်ပြီး အဲဒီညမှာ လှနေတယ်မသိပါဘူးကွာ. . . ဟီးဟီး"

"အဲ့ဒါပဲ အဲဒါပဲ အဲဒါကိုပြောတာ"

မျိုးမြင့်ထွန်းက အားရပါးရထောက်ခံပြန်သည်။ ဒါကို ဝကြီးက . . .

"မင်းဆိုလိုတာက . . ."

"အဖြေကရှင်းနေပြီလေ၊ အဲဒီကလပ်တွေမှာ မိန်းမတွေက လှပြီး အပြင်မှာဘာလို့မလှလဲဆိုတဲ့ လျှို့ဝှက်ချက်"

မျိုးမြင့်ထွန်းစကားကို ဝကြီးက သံယောင်လိုက်ကာ . .





"လျှို့ဝှက်ချက် လျှို့ဝှက်ချက်ကဘာလဲ?"

မျိုးမြင့်ထွန်းက မြိန်မြိန်ကလေးပြုံးပြီး တိုးတိုးလေးပြောလိုက်သည်။

"lighting"

"လိုက်တင်. . ."

ဝကြီးက သံယောင်လိုက်သည်။ ဒါကို မျိုးမြင့်ထွန်းက . .

"ဟုတ်တယ်၊ အဓိက လူကိုမြူစားသွားတာ အရက်တစ်ခုတည်း မဟုတ်ဘူး၊ လိုက်တင်ပါ ပါတယ်"

ဝကြီးက မျိုးမြင့်ထွန်းကိုငေးကြည့်နေသည်။ မျိုးမြင့်ထွန်းကသာဆက်၍ . . .

"မင်းစဉ်းစားကြည့်လေ မီးရောင်တွေက နီတစ်လှည့်၊ စိမ်းတစ်လှည့်၊ပြာတစ်လှည့်၊ ဝါတစ်လှည့်နဲ့ ဖျတ်ဖျတ်ကိုပြေးနေတော့ လူတွေရဲ့ မျက်နှာပေါ်မှာ အရောင်တွေစုံပြီး မျက်စိမှောက်ကုန်တာကွ"

ဝကြီးမျက်စိထဲ သူကလပ်ရောက်သွားတုန်းက အဖြစ်အပျက်တွေ ပြန်မြင်နေမိ၏။

ဟုတ်တယ်။ လိုက်တင်ကြောင့်ပဲ။ အဖြူဆိုလည်း ပိုပြီးဖြူဖွေးသွားတာ လိုက်တင်ကြောင့်ပဲ။ အဝါနဲ့ အပြာပေါင်းပြီး စိမ်းသွားစေတာလည်း လိုက်တင်ကြောင့်ပဲ။ လက်တစ်ချက် မှောင်တချို့နဲ့ မြင်မြင်သမျှလှနေတာလည်း လိုက်တင်ပဲ။

"ဟုတ်တယ်ကွ လိုက်တင် . . လိုက်တင်ပဲ . . လိုက်တင်နဲ့လှည့်စားရမယ် . . . လိုက်တင်မှောင်းရင် ငါ့ခယ်မထွက်ပြီ . . . ငါ့အိမ်တစ်ခြမ်းပေါ့သွားပြီကွ . . ."

သူ့ရဲ့ဝမ်းသာအားရစကားကို မျိုးမြင့်ထွန်းကလက်ကာပြီး



www.burmeseclassic.com

www.burmeseclassic.com



"နေဦး ကျန်သေးတယ်"

"ဘာကျန်သေးလို့လဲ"

"တီးလုံးလေ လူတွေစိတ်ကိုနှိုးဆွစေတဲ့ တီးလုံးတီးကွက်မျိုး။ အသံကြားတာနဲ့ ရင်ခုန်နေစေရမယ့် တီးလုံးမျိုး"

"ဟာ, ဟုတ်ပါ့ငါ့ကောင် . . . ငါတောင်တစ်ခါမှမစဉ်းစားမိဘူး၊ မှန်လိုက်လေကွာ"

ဝကြီးက ဝမ်းသာအားရထောက်ခံသည်။

"အဲဒီလိုတီးလုံးရယ် . . အဲဒီလို ဒစ္စကိုလိုက်မီးရယ် ပေါင်းလိုက်ရင် မင်းခယ်မအပေါ် လူတွေရဲ့စိတ်မပြောင်းရင် ကြိုက်သလိုပြော . . . မင်းခယ်မသံရဲမကို မာရီလင်မွန်ရိုးလို့ပါ ထင်မှတ်မှားသွားမယ် . . . ဟင်းဟင်း . . ."

ဝကြီး ဝမ်းသာအားရပြုံးပြီး ခေါင်းညိတ်သည်။ ပြီးမှသတိရသွားသလိုဖြင့် . . .

"တီးလုံးအတွက် ငါ့အိမ်မှာ ခွေရော၊ ဆောင်းဘောက်တွေရောရှိတယ်ကွ . . ."

"ဒါဆိုပြီးပြီလေ"

မျိုးမြင့်ထွန်းရဲ့ ထောက်ခံသံ။ ဒါကို ဝကြီးက . . .

"ဒါပေမယ့် ငါ့မှာဟိုလေ ကလပ်တွေမှာလို ဒစ္စကိုလိုက်မရှိဘူးကွ"

"မင်း အဲဒါတွေခက်တာပေါ့"

သူ့စကားမဆုံးခင် မျိုးမြင့်ထွန်းက အားမလိုအားမရ ထအော်သည်။ ဒါကို ဝကြီးကအူကြောင်ကြောင်နှင့် . . .

"ဘာလဲ ဒစ္စကိုလိုက်ဝယ်ရမှာလား။ ဒါကြီးတွေက ဈေးနည်းမှာမဟုတ်ဘူးနော်"





ဆို၍ပြောသည်။ ဒါကို မျိုးမြင့်ထွန်းက ဝကြီးနားထင်ကို လက်ညှိုးထိုး၍ . . .

"ငတုံး ဒီအချိန်ဟာ ဘာအချိန်လဲသိလား"

"ဟင့်အင်း မသိဘူး"

"အေး . . မသိရင်မှတ်ထား။ ဒီအချိန်က ဇာတ်ပွဲတွေဇာတ်ခေါင်းကွဲတဲ့အချိန်ကွ"

"အဲဒီတော့ . . ."

"ဇာတ်ပွဲတွေမှာက အဲဒီလို ဒစ္စကိုမီးတွေ ဇာတ်တိုင်းရှိတယ်ကွ။ အဲ, ကလပ်တွေမှာလောက်တော့ မကောင်းဘူးပေါ့ကွာ"

"အဲဒါကို ငါသွားဝယ်ရမှာလား"

မျိုးမြင့်ထွန်းက ပြုံး၍ခေါင်းခါပြီး . . .

"ဝယ်စရာမလိုဘူး"

"ဘယ်လို?"

ဝကြီး၏အမေး။ ဒါကို မျိုးမြင့်ထွန်းက . . .

"အပေါင်ခံလိုက်ရုံပဲပေါ့ကွ . . . ပွဲစားငတုံးရ . . ."

"ဟုတ်ပြီကွ . . . အတိုးလည်းရ . . . လိုက်တင်လည်းရ . . ဝကြီး ခယ်မလင်လည်းရ . . . အဲဒီညကို . . . မာရီလင်မွန်ရိုး ညလို့ နာမည်ပေးရမယ် . . . ဟွား . . . ဟွား . . ."

ဝကြီး၏ဝမ်းသာအားရ ရယ်သံကြားရ၏။

မျိုးမြင့်ထွန်းက လည်းပြုံးသည်။ ဒီဘာမှမစိုက်ရတဲ့ ဇာတ်ပွဲက မီးလုံးတွေ အပေါင်ခံဖို့ ကဒီးကဒီးလာပြောနေတာ ခုတော့ပွဲစားအချောင်းချောင်း ထည့်လိုက်နိုင်ပြီ၊ ပွဲစားအချောင်းချောင်း ပွဲခပြန်စားနိုင်ပြီလေ။ ဟွန်း ပွဲစားတဲ့သေသွားမယ်။



www.burmeseclassic.com

www.burmeseclassic.com





အိမ်မှာ ဒွန်ကိုလိုက်ကြီးကို အားရပါးရ ဆင်နေတဲ့ဝကြီးကိုကြည့်ပြီး သူ့မိန်းမသူဇာ အံ့အားသင့်သွားတယ်။ ဒါကြောင့် မျက်လုံးပြူးမျက်ဆန်ပြာနဲ့ . . .

"ဟင်, ရှင့် ရှင် ဒါကြီး ဒါကြီးဘာလုပ်ဦးမလို့လဲ"

သူ့မိန်းမသူဇာရဲ့အမေးကို ဝကြီးက သူ့အလုပ်သူလုပ်ရင်း လှည့်မကြည့်ဘဲ . . .

"ပါတီလေ . . ပါတီ . . . ပါတီကျင်းပမလို့ . . ."

"ပါတီကျင်းပမလို့ . . ."





သူ့အဖြေစကားကြောင့် သူ့မိန်းမမျက်လုံး ပိုပြူးသွားတယ်။ နောက်မှ သတိရသွားသလိုနဲ့ . . .

"ပါတီ ဟုတ်လား ဘယ်သူတွေနဲ့ ကျင်းပမှာလဲ"

"ရပ်ကွက်ထဲကလူတွေနဲ့ ကျင်းပမှာပေါ့ဟ မင်းကလည်း"

သူ့စကားကြားတာနဲ့ ဝကြီးမိန်းမသူဇာ ဒေါသထွက်သွားပြီး

"ဘာ, ရပ်ကွက်ထဲက လူတွေနဲ့ကျင်းပမယ် ဟုတ်လား"

"အေး . . ."

"ဒီမှာ ကိုဝကြီး"

"ဟိုမှာ မိသူဇာ"

"ဘာလဲကွာ"

"ရှင် . . ရှင် အခုတလော ဘာဖြစ်နေတာလဲ"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲ တလောကလည်း အိမ်ကိုလာသူတိုင်း လက်ဖက်ရည်တိုက်။ မနေ့ညကလည်း ရပ်ကွက်ထဲ နာမည်ပျက်ရှိတဲ့ ကိုဆန်းတို့ ကောင်လေးတို့ကို အရက်ခေါ်တိုက်ပြန်။ အခုလည်း ပါတီကျင်းပဦးမယ် . . . ဟုတ်လား"

"အေး ဟုတ်တယ် ဘာဖြစ်လဲကွာ"

"ဘာဖြစ်ရမှာလဲ ရှင် အဲဒီလိုလုပ်နေရင် ကျွန်မမနေဘူးနော်။ ရှင်ပဲရူးနေလား . . . ကျွန်မပဲရူးသွားမလား . . . တစ်ခုခုတော့ ဖြစ်တော့ဖြစ်နေပြီ . . . ဒီအတိုင်း ကျွန်မမနေဘူးနော်"

သူ့မိန်းမ မသူဇာစကားကြားတော့ ဝကြီးဝမ်းသာသွားတယ်။ သူ့မိန်းမ အိမ်ပေါ်ကဆင်းသွားရင် သူ့ခယ်မသရဲ့ဗလကြီးပါသွားမယ်။ ဒါဆိုမျက်စိ နောက်သက်သာပြီ။ ဒါကြောင့် ဝမ်းသာအားရပဲ

"မနေနိုင်ဘူးဆိုတာ အိမ်ပေါ်ကဆင်းမယ့်လို့ပြောတာလား"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး၊ ကျွန်မအမေပါခေါ်ပြီး ရှင့်ကိုဆုံးမခိုင်းရမယ်"

"အမ်"

သူဇာ့စကားကြောင့် ဝကြီးကြက်သေသေသွားတယ်။ မျက်စိထဲမှာလည်း သူဇာ့အမေ ဘီလူးဗလကြီးရုပ်က ကွက်ခနဲပေါ်လာတယ်။

သွားပြီ . . သွားပြီ။ ဘီလူးဗလပါ ရောက်လာရင် သူနေစရာတောင် ရှိတော့မှာမဟုတ်။ ဘီလူးဗလက သရဲဗလထက် ဗလကြီးပြီး သရဲဗလထက်ပိုပြီး ပျာယာခတ်သေး မိုဂရောင်ရိုက်သေး။ အခုသရဲ ဗလတစ်ယောက်နဲ့တင် မျက်စိနောက်၊ နားနောက်နေပါတယ်ဆိုမှ။

သေပြီ ဘီလူးဗလ၊ သရဲဗလ၊ အာနိုးဗလ သုံးယောက်ပေါင်းရင် သူ့ကို လူသားစားလူရိုင်းတောထဲပစ်ချတာကမှ ဆက်သာပေဦးမည်။

အာနိုးဗလကတော့ သူ့သမီးမယ့်အောင်ဗလလေးကို ခါးထစ်ခွင်ပြီး သူ့အမေ ဘီလူးဗလကြီးသွားခေါ်ဖို့ဆင်းသွားလေရဲ့။

တေပြီ . . . တိန် . . . ။

သေပြီ ဘီလူးဗလ၊ သရဲဗလ၊ အာနိုးဗလ
သုံးယောက်ပေါင်း ရှင်
သူ့ကိုလူသားစားလူရိုင်းတောထဲပစ်ချတာကမှ
ဆက်သာပေဦးမည်။







ဒီညမှ အကြံမရအောင်ရင် သူ့ဘဝက မစဉ်းစားရဲစရာပါပဲ။ ဆင့်ခြေအောက်က ဖားလို နင်းပြားဖြစ်တော့မယ်။

မိန်းမများဟာ တစ်ယောက်တည်းဆို အကြောင်းမဟုတ်ဘူး။ နှစ်ယောက်ဆုံလာရင် လူတွေဟာ သူတို့အတွက် ပတွတ်ပတွတ်နဲ့ ပြောစရာဖြစ်လာတယ်။ သုံးယောက်ပြည့်ပြီဆိုတာနဲ့ သူတို့အားလုံးဟာ ကျားတွေဖြစ်ပြီး လူတွေကို ဒုက္ခပေးဖို့ပဲ အမြဲကြံ နေကြတော့သတဲ့။

အခုတော့ သုံးယောက်ဆုံပြီ။ ဆုံတာမှ အကြီးကြီးတွေဆုံတာ။ ဘီလူးဗလ၊ သရဲဗလ၊



www.burmeseclassic.com

www.burmeseclassic.com



အာနိုးဗလ၊ သုံးယောက်လုံးက သူ့အဆင့်နဲ့သူ အပြာသမားချည်းပဲ။ သူတို့သုံးယောက်ဆုံရင် ရိုလာကိုစတာ သွားထိုင်ကြည့်တာကမှ မျက်စိသက်သာဦးမယ်။ စိတ်ရှုပ်ပါတယ်ဆိုမှ လမ်းဘေးဖုန်းပြင်တာနဲ့ တွေ့သလိုဖြစ်နေပြီ။ ရှုပ်လိုက်တဲ့ဝါယာတွေ သပွတ်အူအဖေခေါ် လောက်ရဲ့။ အဲသည်လောက်ကို ချာလပတ်ရမ်းအောင် ပြာတာ။ ပြာတဲ့နေရာမှာ ခါးပတ်နက် အဆင့်ချည်းပဲ။

နောက် စားလိုက်မယ့်အစားကလည်း ကျော့ချမ်းစရာဖြစ်ပေတော့မယ်။ နှစ်ယောက်တည်းတောင် လက်ဆောင်ရထားတဲ့ ပုစွန်ခြောက် ပဲလှော်ဝါးသလို ပလောက်ပလောက်နဲ့ ထည့်ဝါးလိုဝါး။ အိမ်ရှေ့ကပြတ်သွားတဲ့ မုန့်သည်မှန်သမျှကို မလွတ်တမ်းဝယ်ဝါး။ ဈေးသွားရင်တောင် အိမ်မှာချက်စားဖို့က နည်းနည်း။ သူတို့အပျော် ပါးစပ်က ခြင်းပြည့်လုပ်နေတာ။ အခု သူတို့ထက်ဆိုးတဲ့ သူတို့အမေကြီးပါ ရောက်လာမယ်ဆိုတော့ စဉ်းစားသာကြည့်တော့။ ဒါကြီးက ဒီတလေးတွေကို ဒီအကျင့်ရအောင် အနီးကပ်ကြီးကြပ်သင်ပေးလိုက်တဲ့ ပုပ္ပစရိယကြီး။ အိမ်မှာ ခြေချစရာမရှိတော့တဲ့အပြင် အိတ်ကပ်ထဲမှာလည်း ငွေဘယ်တော့မှ ထည့်လို့ရတော့မှာမဟုတ်တော့။ သူတောင်းစားအလုပ်ပြုတ်တာကမှ ချမ်းသာဦးမယ်။

ဒါကြောင့် နောက်ဆုံးနည်းကိုသာ ဝကြီးအသုံးပြုဖို့ဆုံးဖြတ်ရပြီ။ ဒါကတော့ . . .

ခယ်မကို လင်ရအောင်ပေးစားကိုပေးစားရမယ်။ ပြီးရင် သူ့အမေကြီးကိုပါ သူနဲ့အတူပါအောင် ညှပ်ထည့်ပေးလိုက်မယ်။ ငါ့လက်ကလွတ် သီတင်းကျွတ်ကိုဖြစ်ရမယ်။

အေးရော။

❀







ညဦးပိုင်းကတည်းက ဝကြီးအိမ်မှာ တီးလုံးသံတွေဆူညံနေတယ်။ ကကြခုန်ကြသူတွေတော့ မရှိသေးဘူး။ အားလုံးက နည်းနည်းစောနေသေးတော့ မီးပေါင်တင်နေတုန်းပဲ။ သိတယ် မဟုတ်လား ပွဲစားချင်းပွဲခပေးပြီး အပေါင်ခံထားတဲ့ ဒစ်စကိုလိုက်တွေကတော့ စိမ်းတစ်ခါ ဝါတစ်လှည့် နီတစ်ဖုံ ပြာတစ်ချက်နဲ့ မသေမရှင် ငါးပြေမလို ဖျတ်ဖျတ်ကိုလူးလို့။

အားလုံးဆိုတာ သိတယ်မဟုတ်လား။ မနေ့က တကျော့ဝေမှာ ထိတိုင်းရှသူ ကိုလေသာ အားကောင်းမောင်းသန်တွေချည်း။ အဲ့ ဒါပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



တင်မောင်တည်တော့ မပါရှာတော့ဘူး။ မနေ့ညကတည်းက သူ့ကို ဗောက်စ်ဝက်ဂွန်းကားနဲ့သေကြောင်းကြံပါတယ်ဆိုပြီး လန့်ဖျားဖျားနေတာ ဘယ်လိုမှခေါ်လို့မရတော့ဘူး။ ဒါကြောင့် ဒီညမှာရှစ်ယောက်တည်းရှိတယ်။ အဲ, သူပါဆိုရင်တော့ ကိုးနဝင်းပေါ့။

ဝကြီးအားလုံးကို အကဲခတ်ပြီးကြည့်နေတယ်။ နည်းနည်းအရှိန်ရကြပြီလားလို့။ အရှိန်ရလာပြီဆိုတာနဲ့ ဒစ္စကိုလိုက်ကိုဖွင့်အစွမ်းကုန်အရှိန်မြှင့်ပစ်မယ်။ သူ့ခယ်မကို အကြောင်းမရှိအကြောင်းရှာပြီး ဂါဝန်အဖြူအရှည်ဝတ်ခိုင်းပြီး ဖြတ်လျှောက်ခိုင်းမယ်။ ရုတ်တရက် ဒစ္စကိုလိုက်မီးရောင်ရဲ့ ကံစွပ်ကံစပ် သူ့ခယ်မသရဲဗလ ရုပ်လုပြီး တွဲကချင်သူပေါ်ရင်တော့ပွဲသိမ်းပြီ။

သူ့စိတ်ထဲမှာလည်း အမိကပစ်မှတ်အနေနဲ့ ကိုဆန်းနဲ့ ကောင်လေးကို ဦးတည်ထားတယ်။

ဒီလူနှစ်ယောက်က ဘတ်စ်ကား လူကျပ်ကျပ်ကြားမှာတောင် ကုလားမသော ဘာသောမရှောင် လက်ကမြင်းတတ်ကြတယ်မဟုတ်ပါလား။ ကုလားမတောင် လူထူထူကြား မှိုတ်တုတ်မှိုတ်တုတ်မီးရောင်အောက် ဒီလူတွေလုတယ်ထင်နိုင်ကြတာဆိုတော့ သူ့ခယ်မသရဲဗလကတော့ ဖြစ်နိုင်ချေ လေးဆယ်ရာခိုင်နှုန်းလောက်တော့ရှိတယ်ပေါ့။ ဒါကြောင့် ခြောက်ဆယ်ရာခိုင်နှုန်းအထိ တက်လိုတက်ငြား အရက်တွေချည်းဖိတိုက်နေတယ်။ သိတယ်မဟုတ်လား ခြောက်ဆယ်ရာခိုင်နှုန်းဆို ဂုဏ်ထူးမရရင်တောင် အောင်မှတ်ကသေချာနေပြီ။

ဟိုလူတွေကလည်း အလကားရတဲ့ အရက်၊ ကံစမ်းမဲပါလိုပါငြား အဖုံးဖင်တောင် ဖွင့်ခဲ့တဲ့လူတွေပဲ။ ဒါမျိုးကြိုက်မှကြိုက်ပေါ့။ နောက်ပြီးဒီလူတွေက ဇာတ်နောက်လိုက်ပြီး လူကြမ်းယောင်ယောင်





ကားဆွဲယောင်ယောင် လုပ်ခဲ့ကြသူတွေဆိုတော့ ကချင်ခုန်ချင်စိတ်ကလည်း တယ်ကြီး။ အခုတောင် တီးလုံးသံတွေ ကြားတာနဲ့မသိမသာခိုးပြီး လက်ချိုး ခြေချိုးတွေဖြစ်နေကြပြီ။ ဒါကြောင့်. . .

"ကဲ, အခုချိန်ကစပြီး ကျွန်တော်တို့အားလုံး မတ်တတ်ရပ်ပြီးပျော်ပျော်ပါးပါး ကခုန်သောက်စားကြရအောင် . . . ရဟူး . . . ဝူးလာလာ . . . ဂျီသုသုကျ . . ."

ဆိုပြီးဗလုံးဗထွေးနဲ့ အပျော်သံတွေဖန်တီးပြီး မြူးလိုက်တော့ အားလုံး မတ်တတ်ရပ်လိုက်ကြတယ်။ ဒါကို ဝကြီးက သူ့ခွက်သူမြှောက်ပြီး. . .

"ချီးယားစ်. . . ဂျီး . . . သုသုကျ . . ."

အမှန်တော့ သူ့ဘာသူလည်း ဘာ ဘာသာစကားမှန်းမသိ . . . မြူးပြီးရောဆိုပြီး အာလုပ်ကြီးနဲ့လျှောက်အော်နေတာ . . .။

ခွက်ကိုမြှောက် အားလုံးခွက်နဲ့ ချွင်ခနဲတိုက်လိုက်တယ်။ အားလုံးလည်း ဝကြီးနဲ့အတူ အရက်ခွက်ကို ပြိုင်တူမော့ချလိုက်တယ်။ အဲဒီ အချိန်ကျမှ ဝကြီးကသူ့အကြံအစည်အတိုင်း မီးချောင်းတွေကိုမှိတ်ပြီး ဒစ္စကိုလိုက်မီးကို သက်သက်ဖွင့်လိုက်တယ်။

"ဟာ. ."

"မောင်. ."

အားလုံး အံ့အားသင့်ကုန်တယ်။ ပြီးတော့ ပျော်ရွှင်ပြီး . . .

"ဟေး . . . ဝူးလာလာ . . ဂျီသုသုကျဟေ့ . . ."

အော်ကာ စတင်ကခုန်ကြတော့တယ်။ ဝကြီးကတော့ မကဘူး။

ကနေသူတွေလက်ထဲ ကုန်နေတဲ့အရက်ခွက်ကို လိုက်ဖြည့်ပေးတယ်။ ဟိုကောင်တွေကလည်း ဒုန်းဒုန်းဒိုင်းဒိုင်း တီးလုံးသံကြား



www.burmeseclassic.com

www.burmeseclassic.com



ဒစ္စကိုမီးလုံးအောက် အရက်သောက်ပြီး ဝှန်းဝှန်းညံအောင် ပျော်ပျော်ပါးပါးကခုန်နေကြတယ်။

တွေ့ကြပြီပေါ့ကွာ။ သူတောင်းစားတောင် ထမင်းဝရင် ဘာဖြစ်ဆိုလားပဲ။ ဒီထမင်းဝတဲ့ကောင်တွေ ထမင်းဝလို့ကတော့ အပုတ်ကောင်တုတ်ထောင်. . အဲလေ ရုပ်ဆောင်ထားသော ဘာသောသိတော့မှာမဟုတ်တော့ဘူး . . . ဟွင်း တွေ့ကြပြီပေါ့ကွာ။

"ကိုကောင်လေး ပျော်ရဲ့လား"

"ပျော်ပါတယ် ပျော်ပါတယ်ဗျာ"

"ကိုဆန်းရော ပျော်ရဲ့လား"

"ပျော်တယ်ဗျို့ ပျော်တယ်ဗျို့ . . . ဝူးလာလာ . . ဂျီသုသုတာ့တော့ . . ."

"ကိုချက်ဖောင်းရော"

"ရှယ်ပျော်ပေါ့ဗျ . . . ဝူးလာလာ . . ."

အားလုံးပျော်နေပြီဆိုတော့ ဝကြီး သူ့အကြံ အကောင်အထည်ဖော်ဖို့ စဉ်းစားပြီး အခန်းထဲဝေ့ကြည့်လိုက်တယ်။ ကိုဆန်းကမြန်မာသူငယ်တော်အကနဲ့ ကောင်လေးရဲ့အန်ဒါဂရောင်း ပေါင်းနေပြီ။ ချက်ဖောင်း၊ အောင်သွေးတို့က မျက်နှာချင်းတွေဆိုင်ပြီး တစ်ယောက်ကိုတစ်ယောက် ဘာလုပ်ပြနေကြသည်မသိ။ ကိုလတ်နဲ့မျိုးထူးထက်က ကြမ်းပြင်ပေါ်ဆောင့်ကြောင့်ထိုင်ပြီး ကြက်ဖခွပ်ပြိုင်နေတယ်။

အခြေအနေက အားလုံးကောင်းနေပြီ။ ဒီအချိန်မှာမှ ဒီထက်ပိုပြီး ဆူညံပေါက်ကွဲတဲ့သီချင်းနဲ့ သူ့ခယ်မကိုပွဲထုတ်ရမယ်။ သူ့ခယ်မကိုလည်း ညနေကတည်းက . . .

ညကျရင် ဧည့်သည်တွေလာမယ်။ အဖြူရောင်ဝမ်းဆက်ဝတ်ထားလို့မှာကြားပြီးသား။ အဖြူရောင်ကလူတွေရဲ့ ကိလေသာစိတ်ကို နှိုးဆွစေတယ်မဟုတ်ပါလား။ ဒါကြောင့် သတိုးသမီးတိုင်းဟာ အဖြူရောင်ဂါဝန်ကိုဝတ်ကြတာပေါ့။ ကဲ ဒီကိစ္စမြန်မြန်ပြတ်အောင် ခယ်မအခန်းတံခါးကိုခေါက်ပြီး . . .

"ဟိတ်, လွှမ်းဌေးဌေး နင့်အခန်းအပြင် ခဏထွက်ခဲ့"

လို့မှာပြီး ဇာတ်ရှိန်ပိုမြင့်စေရန် တီးလုံးသံပိုမြင့်တဲ့ သားစိုးရဲ့ရောသမမွှေခွေကို ကောက်ချိန်းလိုက်ရာ . . .

"လူ့လောက၌၊ ကာမယောဂီ၊ လောကီဘုံသား၊ လူယောက်ျားတို့ မယားဟူဘိ၊ ထိုက္ကတ္တိနှင့်၊ မရှိမကောင်း ရှိမကောင်း၊ မပေါင်းလည်းခက် ပေါင်းလည်းခက်၊ စစ်ထွက်ယောက်ျား၊ မြွေသမားနှင့်"

အစချီ တရားခွေ . . . ခွေမှားဖွင့်မိပြီ . . .

အားလုံး မြူးနေရာမှ တရားခွေကြီးပေါ်လာတော့ အားလုံးကြောင်ငေးကြကုန်တယ်။ အဲဒီအချိန်မှာပဲ ဖျတ်ခနဲပွင့်လာတဲ့ တံခါးတံခါးနဲ့မဆံ့မပြဲဖြစ်နေတဲ့ ဝဝပြဲပြဲ မည်းမည်းမွဲမွဲသဲသဲ ခန္ဓာကိုယ်တစ်ခုက အဖြူရောင် ဂါဝန်ရှည်ကို လမိုင်းမကာပ်စွာ သွပ်လို့ . . .။




www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့၊ ပလုတ်တုတ် ဘာကြီးလဲဟ"

"အား . . ."

"လုပ် . . လုပ်ကြပါဦး"

"ဟင်၊ ဒါ ဒါဘာကြီးလဲ ဒါကြီးမှာ . . . ဂျီးသုသုကျကြီး"

ဆိုပြီး ကြောက်လန့်တကြားနဲ့ နီးစပ်ရာ လှမ်းဖက်ထားကြတယ်။ ဝကြီးလည်း မသင်္ကာလို့လှည့်ကြည့်လိုက်တော့ . . .

"ဟဲ့၊ အောင်မယ်လေး ဘာကြီးလဲ ကလူ ကလူ"

သူ့ပါလန့်ပြီး ထအော်မိတယ်။ ဟုတ်တယ်။ သူ့အနောက်ပေါက်ဝမှာ အဖြူရောင်ဂါဝန်ကြီးဝတ်လို့ မျက်နှာသေနဲ့ရပ်နေတဲ့ သူ့ခယ်မသရဲဗလ။ လင်းတစ်လှည့် မှောင်တစ်လှည့် မီးရောင်အောက်မှာရပ်နေပုံက နဂ္ဂနာဘာဝကိုမှ ပြန်သေပြီး သရဲဖြစ်နေတဲ့သရဲသေလို့ပြန်ဖြစ်တဲ့ နှစ်ပြန်သေသရဲရုပ်မျိုးကြီး။ အသားကနက်ပါတယ်ဆိုမှ အဖြူရောင်ဝမ်းဆက်ကြီး ဝတ်ထားတာဆိုတော့ အားလုံးသေးထွက်မတတ် ကြက်သီးဖျန်းဖျန်းထပြီး ငြိမ်ကုန်ကြတယ်။

ဒါကို အမြဲမြင်နေကျ ဝကြီးက သူ့ခယ်မမှန်းသိတာနဲ့ . .

"ဘာ . . ဘာမှမဟုတ်ပါဘူးဗျာ ကျုပ်ခယ်မပါ။ ခွေးကမှားဖွင့်လိုက်မိတော့ . . . သ . . သရဲထင်သွားတာ"

ဆိုပြီး ဟန်မပျက် တီးလုံးခွေပြန်ထည့်လိုက်တယ်။ အုန်းဒိုင်း အုန်းဒိုင်းနဲ့ ပြန်ဆူညံကုန်တယ်။ တီးလုံးခွေပြန်ထည့်လိုက်မှ ဒရက်ကူလာ ဇာတ်ကားနောက်ခံတီးလုံးထည့်လိုက်သလို ပိုကြောက်စရာကောင်းသွားပြီးဟိုအဖွဲ့တွေ ပြန်မြူးကြွမလာနိုင်တော့။တစ်ယောက်ကို တစ်ယောက်ဖက်ပြီး ကတုန်ကရင် ကြက်သေသေနေကြတယ်။





အဲဒီအချိန်မှာပဲ လွန်းငွေငွေကလည်း ဝမ်းတွင်းရူးမဟုတ်လား။

"ရဟူး . . ."

လို့အော်ပြီး ခုန်စဝင်လာတော့ . . .

"အောင်မယ်လေးဗျ လာပြီဗျ"

"ဟာ၊ လုပ်ကြပါဦး လုပ်ကြပါဦး ဖုတ် . . . ဖုတ် . . ."

"ဟာ၊ ဘာကြီးခုန်ဝင်လာတာလဲ"

ဆိုပြီး အားလုံးခုန်ရှောင်ကြတယ်။ လွန်းငွေငွေကတော့ ဘယ်သူ့မှဂရုမစိုက်တော့ဘူး။ အပီအပြင်ကို ကတော့တာ။ သူ့ကပုံကြီးကလည်း အလျှုခံရှေ့တွေမှာရှိတတ်တဲ့ ရသေ့ပုံတွေ ဘိုးတော်ပုံတွေထဲလူဝင်ကနေတဲ့အရုပ်ကြီးအတိုင်းပဲ။ မတ်မတ်ကြီးနဲ့ လက်နှစ်ဖက်ရမ်းလို့ ခုန်ဆွခုန်ဆွဖြစ်နေတယ်။

ကရင်းခုန်ရင်း သူပြေးသွားတဲ့ နေရာတွေဆီ လူရှဲရှဲသွားကြတယ်။ နောက်ဆုံးတော့ ဝကြီးရဲ့အနောက်မှာဝင်ပုန်းပြီးကြောက်လန့်တကြားနဲ့ ကြည့်နေကြတယ်။ အားလုံးပါးစပ်လေးတွေဟ မျက်လုံးတွေကြောင်လို့။

ဒါကိုတောင် ဝကြီးက ကောင်လေးကိုဆွဲခေါ်ပြီး . . .

"ကိုကောင်လေး ခင်ဗျားပြောတော့ အရက်မူးလာရင် တော်ရုံမိန်းမ လှလှလာတယ်ဆို။ ကျုပ်ခယ်မကမလှလာဘူးလား"

ဆိုတော့ ကောင်လေးက မျက်လုံးလေး ကလယ်ကလယ်နဲ့

"ကျုပ် . . . ကျုပ် . . . အဲလောက်ထိမူးအောင်မ . . . မသောက်နိုင်ပါဘူးဗျာ . . . လုပ် . . . လုပ်ပါဦး အရက်ကလေးပေးပါဦး" တဲ့။

သူ့လက်တွေကိုင်ကြည့်တော့ လက်ဖျားတွေအေးစက်နေ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ကျန်တဲ့လူတွေကြည့်တော့လည်း မျက်စိစုံမှိတ်အံကြိတ်နေသူနဲ့၊ ရှူးကြောင်မူးကြောင်ဖြစ်ပြီး သတိလက်လွတ်နဲ့ အရက်တွေစွတ်သောက်နေသူနဲ့၊ လက်အုပ်ချီပြီး ဘုရားစာတွေ တတွတ်တွတ်ရွတ်နေသူနဲ့ ပုံစံကိုစုံရောပဲ။ ကိုယ့်မှာတော့ သူတို့ပျော်အောင် ဒစ္စကိုလိုက်နဲ့ ကလပ်ပုံစံဖြစ်အောင်လုပ်တာပါ။ အခုဟိုကောင်မကြီး ခုန်ဝင်လာမှ ကလပ်ကနေ တစ္ဆေကြီးပွဲဖြစ်သွားတယ် အားလုံးကိုငြိမ်နေတော့တာ။

ဝကြီးခယ်မသရဲဗလဝမ်းတွင်းရှူးတစ်ယောက်သာ နှစ်ခါသေမသာကြီး ဖုတ်ဝင်လာတဲ့အတိုင်း တောင့်တောင့်ကြီးခုန်လို့ ပျော်လို့မြူးလို့။ သူတစ်ချက် ခုန်လိုက်တိုင်း အိမ်ကြီးက တုန်တုန်ဆင်းသွားတယ်။ ဒီလိုနဲ့ပဲ . . .

ကျုပ် . . . ကျုပ် . . .
အဲလောက်ထိမူးအောင်မ . .
မသောက်နိုင်ပါဘူးဗျာ . . .
လုပ် . . . လုပ်ပါဦး
အရက်ကလေးပေးပါဦး



ဒီလိုနဲ့ပဲ အားလုံးအကြောက်လွန်ပြီး သောက်လိုက်ကြတာ အိမ်ကပြင်ကအစ အိမ်နောက်ဖေးအဆုံး အတုံးအရုံးကိုလဲကုန်ကြရောဆိုပါတော့။

ဝကြီးလည်း ရလိုရငြား အခန်းထဲဆွဲထည့်ကြည့်ပါတယ်။ ဘယ်သူမှ မလိုက်တဲ့အပြင် အိမ်တိုင်မှာ ကိုယ့်လုံချည်နဲ့ ကိုယ့်ခြေထောက်ချည်ပြီး စားလုံးပက်လက်ကိုအိပ်နေကြတယ်။

ဝကြီးခယ်မ သရဲဗလလည်း မောမောနဲ့ အခန်းထဲအိပ်နေပြီ။ ဝကြီးတစ်ယောက်သာ စိတ်ပျက်လက်ပျက်နဲ့ ထိုင်နေတုန်း။ သူအပေါင်ခံထား

www.burmeseclassic.com

တဲ့ ဒစ္စကိုလိုက်မီးရောင်ကြီးကလည်း လင်းတစ်လှည့် မှောင်တစ်လှည့်

မထချင်ထချင်နဲ့ပဲ သူ့အိပ်ခန်းကိုထထွက်လိုက်တယ်။

မနက်မိုးလင်းတာနဲ့ သူ့ဘဝက မတွေးရဲစရာ။

ဘီလူးဇလ၊ သရဲဇလ၊ အာနိုးဇလ၊ မယ်အောင်ဇလ . . .

ပြီးပြီ။ သေပြီ။ မသေရင်တောင် လေဖြတ်တော့ဖြတ်ပြီ။ လေမဖြတ်ရင်တောင် ဒေါင့်သန်းလေးဖက်နာလောက်တော့ဖြစ်ပြီ။ ဒီသရဲ ဇလကြီးကလည်း ဘယ်လိုမှရှောင်းလို့မထွက်။ မနက်ဖြန်ဆို လူ့တာစုံပြီ။

ဝကြီး သက်ပြင်းနာနာချကာ သူ့အခန်းထဲသို့ လေးပင်သော ခြေလှမ်းများနှင့်ဝင်လိုက်သည်။

အခန်းထဲရောက်တာတောင် အိပ်လို့မရသေး။ ရှေ့ဖြစ်လာမယ့် အိမ်တွင်းဆူနာမီဘေးကိုတွေးရင်း ရင်တွေလေးနေတယ်။

မနက်မိုးလင်းတာနဲ့ သူ့ရဲ့ဘဝက တစ်နည်းတစ်ဖုံပြောင်းလဲပြီ။ အိမ်မှာက ဟိုသုံးယောက် မျာယာခတ်ပုံနဲ့က ဘယ်လိုမှနေလို့ဖြစ်တော့မှာမဟုတ်။ တစ်နေကုန် လမ်းပေါ်မှာအချိန်တွေဖြုန်း ကုန်ဆုံးရမယ့်အချိန်ပေါင်းများစွာ ဒီဇမ္ဗူတစ်ခွင်မှာ . . . အဲလေ . . . ဘာတွေကယောင်ကတမ်းတွေ တွေးနေမိပါလိမ့် . . . ဘာပဲပြောပြော ဝကြီးက ဂျစ်ပဆီလိုနေရတော့မလိုဖြစ်နေပြီ။ ပွဲစားတန်း ပူပူလောင်လောင်ကြီးထဲမှာလည်း တစ်နေကုန် အဲဒီထက်ကိုပူဦးမယ်။ ကျောပူ နားပူ မျက်စိပူ . . . အို . . . အကြီးကြီးကိုပူရတော့မှာပါလား။ အိမ်မှာကလည်းနေနိုင်မှာမဟုတ်။ ဒါဆိုသူ့ဘဝက နတ်ပြည်သွားတက်နေရုံသာရှိတော့မယ်။ နတ်ပြည်ရောက်ရင်လည်းသေပြီ။ မသေရင်တောင် လေဖြတ်ပြီ။ လေတောင်အကြီးကြီးဖြတ်ပြီ။

အတွေးတွေက ကဘောက်တိကဘောက်ချာဖြစ်နေတယ်။





ဒါကြောင့် ခုတင်ပေါ်ဟိုဘက်လှိမ့် ဒီဘက်လှိမ့်နဲ့ အိပ်မပျော်နိုင်ဖြစ်နေတယ်။ သူဘာဆက်လုပ်ရမယ်ဆိုတာ စဉ်းစားမရဖြစ်နေပြီ။

အဲဒီအချိန်မှာပဲ . . .

"ဟင်"

အိမ်ထဲက ချွတ်နင်းသံ။ ခြေသံကတိုးတိုးဖွဖွလေး။ သူအသေအချာထပ်ပြီးနားစွင့်ကြည့်တယ်။ ဟုတ်တယ်။ ခြေသံမှ ခြေသံစစ်စစ်။

တစ်ယောက်ယောက်များ နိုးလာတာလား။

မဟုတ်ဘူး။ အရက်မူးပြီး နိုးလာတဲ့ခြေသံမျိုး မဟုတ်ဘူး။ အရက်မူးပြီး နိုးလာရင် ခြေသံကပြင်းရမယ်။ အတိုးအကျယ်မညီဘူး ယိုင်ထိုးယိုင်ထိုးဖြစ်နေရမယ်။ အခုဟာက အငြိမ်။

"ဟာ. . ."

သူစဉ်းစားနေတုန်းမှာပဲ ခြေသံကရပ်သွားတယ်။ နောက်တစ်ခုခုကို ထုပ်ပိုးနေသလို တချွတ်ချွတ်အသံ။

သေချာပြီ တစ်ယောက်ယောက်ပဲ။ ဘယ်ကောင် သစ္စာဖောက်ပြီလဲမသိဘူး။

ဝကြီးစဉ်းစားမိပြီး အိပ်ရာပေါ်က အသာအယာထလိုက်တယ်။

ဟုတ်တယ်။
ခြေသံမှ ခြေသံစစ်စစ်။



www.burmeseclassic.com



ညည့်ခန်းထဲမှာက ကောင်လေးတို့ ကိုဆန်းတို့ ကိုယ့်ခြေထောက် ကိုယ့်လုံချည်နဲ့ ကိုယ့်တိုင်နဲ့ကိုယ်ချည်ကာ တုံးလုံးပက်လက်။

ထွမ်, အကျင့်ယုတ်အကောင်တွေ။ အိပ်တာတောင် အဆဲလေးနဲ့အိပ်တဲ့ ကောင်တွေ။

ဝကြီး တစ်ချက်ပျို့တက်သွားပြီး . . .

မဖြစ်သေးပါဘူး။ အနောက်ဘက် သွားကြည့်ဦးမှဆိုပြီး ထွက်ခဲ့တယ်။

အနောက်ဘက်မှာလည်း မထူးခြား။ ကိုလတ်နဲ့မျိုးထူးထက်တို့ မှောက်တချို့ လန်တချို့။ အိမ်ရှေ့ကပြင် လှမ်းကြည့်လိုက်တော့လည်း ချက်ဖောင်းတို့ အောင်သွေးတို့ လေလံတင်နေကြပြီ။

ဒါဆို ဘယ်ကအသံလဲ?။

ဝကြီး ကြမ်းပြင်ကိုကပ်၍နားထောင်ကြည့်တယ်။ ဟုတ်တယ် အသံက ကြားနေရတုန်းပဲ။ သူ့အခန်းထဲကတော့ မဖြစ်နိုင်။ သူအခုပဲ အခန်းထဲကထွက်ခဲ့တာပဲ။ ဒါဆို . . .

ဟုတ်ပြီ။ သူ့ရဲ့ခယ်မ သရဲဗလအခန်းထဲကပဲ ဖြစ်မယ်လို့ စဉ်းစားမိပြီး ခြေဖွနင်းကာ လွန်းဒွေးဒွေးအခန်းနားကပ်လိုက်တယ်။

ဒီကောင်မကြီး အဝတ်အစားတွေဘာတွေထုပ်လို့ ဘာလုပ်မလို့ပါလိမ့်. . . မဟုတ်မှလွဲရော ကိုယ့်အကြောင်းကိုသိပြီး အလိုက်တသိ အိမ်ပေါ်ကဆင်းပေးတော့မယ်ထင်ပါ့။

ပြီးတော့ အခန်းတံခါးကို အသာအယာတွန်းဖွင့်ကြည့်လိုက်တော့. .

"ဟင်. . ."

သူအကြီးအကျယ် အံ့အားသင့်သွားတယ်။

လူစိမ်းတစ်ယောက် အကျီဗလာကျင်းနဲ့ လွန်းဒွေးဒွေး

အခန်းထဲ ဟိုရှာ ဒီရှာနဲ့ အလုပ်ရှုပ်နေတယ်။ သူ့ခေါင်းပေါ်မှာလည်း အထုပ်တစ်ထုပ်နဲ့။ ပွပြီ . . . ပွပြီ . . . ဂျိုးသုသုကကျပြီ။

ဝကြီး တုံ့ဆိုင်းမနေတော့ဘဲ တံခါးကိုတွန်းဖွင့်ကာ . . .

"ဟိတ်, မပြေးနဲ့"

သူ့အော်သံကြောင့် အခန်းထဲကကောင် တုန်တက်သွားတယ်။ ပြေးစရာ အပေါက်ကလည်းမရှိဘူး။ ပြတင်းပေါက်ကလည်း သံဆန်ကာနဲ့အခိုင်အမာ လုပ်ထားတော့ပြေးလို့မရဘူး။

"မင်း. . မင်း ဘာလုပ်တာလဲကွ ဟေ"

ဝကြီးရဲ့အော်သံ။ အခန်းထဲကကောင် ကတုန်ကရင်နဲ့ သူ့ဘက်လှည့် လက်အုပ်ချီရင်း . . .

"ကျွန်တော့်ကို ကျွန်တော့်ကို ချမ်းသာပေးပါ။ ကျွန်တော် သူခိုးမဟုတ်ပါဘူး။ မရှိလို့ ဒီတစ်ခါပဲလုပ်မိတာပါ။ ခွင့်လွှတ်ပါ။ ကျွန်တော် သူခိုးမဟုတ်ပါဘူး။ ကျွန်တော်သူခိုးမဟုတ်ပါဘူး . . ."

သူခိုးမဟုတ်ပါဘူး အသံကြားတော့ ဝကြီးခေါင်းထဲ လက်ခနဲ အကြံရသွားတယ်။ ဟုတ်ပြီ။ ပိုင်ပြီ။ ဒီတစ်ခါ တကယ်ပိုင်ပြီ။

သူ့ဖာသာသူ စဉ်းစားပြီး ဝမ်းသာအားရပြုံးကာ . . .



www.burmeseclassic.com

www.burmeseclassic.com



"အေးပါကွာ မင်းသူခိုးမဟုတ်ဘူးဆိုတာ ဥပမိရုပ်ကြည့်ကတည်းက ငါသိပါတယ် . . ."

"ဗျာ"

အခန်းထဲကလူ သူထင်သလိုမဟုတ်တဲ့ ဝကြီးစကားကြောင့် အံ့အားသင့်သွားတယ်။ ကြည့်လေ။ သူခိုး ခိုးနေတာမြင်ရဲ့သားနဲ့ အိမ်ရှင်ကိုယ်တိုင်က သူခိုးမဟုတ်ဘူးဆိုပြီး ပြောနေတော့ ဝမ်းလည်းသာသွားတယ်။ ဒါကြောင့် ခေါင်းကိုခပ်သွက်သွက်ညိတ်ကာ . . .

"ဟုတ် . . ဟုတ်ကဲ့ အစ်ကို . . . အစ်ကိုက သဘောပေါက်လွယ်သား . . . ဟီး ဟီး ဟီး . . . ကျွန်တော်ဘာမှမခိုးဘူး . . ."

ဆိုပြီး ခေါင်းပေါ်ကအထုပ်ကို ဘုတ်ခနဲပစ်ချပြီး ဟီလာပါတိုက်ပြနေသေး။ ဒါကို ဝကြီးကလည်း သူ့အကြံနဲ့သူဆိုတော့ မြိန့်မြိန့်ကြီးပြုံးပြီး . . .

"အေးပါ ငါသိပါတယ်။ အသွေးအမွေး ကြည့်တာနဲ့ကို မိကောင်းဖခင်သားသမီးဆိုတာသိပါတယ်။ ဒါနဲ့ ငါ့ခယ်မနဲ့မင်း မေတ္တာမျှနေတာကြာပြီလား"

"ဗျာ . . ."

ဝကြီးရဲ့ မဆီမဆိုင်အမေးကြောင့် သူခိုးကြောင်သွားတယ်။ ပြီးမှ နားမရှင်းသလိုဟန်မျိုးနဲ့ . . . .

"အစ်ကိုဘာပြောလိုက်တယ်"

"ဩော်, ငါ့ခယ်မနဲ့ မင်း ရည်းစားဖြစ်နေတာ ကြာပြီလားလို့"

ခပ်မြန်မြန်ပြောလိုက်တဲ့ ဝကြီးစကားကို သူခိုးလည်းအဖမ်းမခံရ ပြီးရောသဘောနဲ့ ချော်လဲရောထိုင်လုပ်ကာ . . .

"ဟီးဟီး . . . လေးနှစ်တည်းပါ အစ်ကိုရာ"





"ဟာ, လေးနှစ်တောင်လား။ အတော်တောင်ကြာပြီပဲ"

ဆိုပြီး အခန်းဝနား အိပ်နေတဲ့ကောင်လေးကို ခြေနဲ့ကန်နှိုးလိုက်တယ်။

"ကိုကောင်လေး . . ကိုကောင်လေး ထပါဦး"

ကောင်လေးလည်း ရှုံ့ကြောင်မှုံ့ကြောင်နဲ့ . . . "

"ဟေ, ဘာလဲကွ"

ဆိုပြီး ထလာတယ်။

"ဟင်"

အခန်းထဲက သူခိုးကိုမြင်တော့ ကောင်လေးအံ့အားသင့်သွားတယ်။ ဒါကို ဝကြီးက . . .

"ခင်ဗျားတို့ ကျုပ်ခယ်မကို ရည်းစားမရှိဘူးလေးဘာလေးနဲ့ မို့ချိုးမျှစ်ချိုး ပြောခဲ့တယ်မဟုတ်လား"

ကောင်လေးက ခေါင်းညိတ်ရင်း . . .

"အေးလေ ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲဗျ . . . ဒါ ကျုပ်ခယ်မရဲ့ချစ်သူဗျ . . . အခုကျုပ်တို့အမူးလွန်ပြီးသတိလစ်တုန်းလာချိန်းတွေ့တာ . . . ချစ်ခဲ့တာ ဘယ်နှနှစ်လဲ"

ဆိုပြီး သူခိုးဘက်လှည့်မေးတယ်။

သူခိုးကလည်း သူလွတ်ရင်ပြီးရောဆိုပြီး သွားလေးဖြဲ လက်ကလေး လေးချောင်းထောင်ပြီး . . .

"ချစ်ခဲ့တာလေးနှစ် . . အပြစ်မဲ့ဘာဝေးလွှင့် . ."

ဒါကို ဝကြီးက ကောင်လေးသိအောင် သူခိုးကိုလက်ညှိုးညွှန်ပြပြီး . . .

"တွေ့တယ်မဟုတ်လား လေးနှစ်တဲ့လုံး ဒီလိုခိုးကြောင်



www.burmeseclassic.com

ခိုးဝှက်တွေ့နေရတာ ဘယ်လောက်ကြီးမားတဲ့မေတ္တာလဲ . . . အဲဒီ ဒုက္ခတွေကင်းဝေးရအောင် မပေးစားသင့်ဘူးလား . . .”

ကောင်လေးကလည်းကြောင်တောင်တောင်နဲ့ . . .

“ဩော် . . . အင်း . . ဟုတ်ကဲ့ ပေးစားသင့်တာပေါ့ . . .”

ဆိုတော့ ဝကြီးအားရသွားပြီးသူခိုးဘက်လှည့်ကာ . . .

“ကဲ . . . ညီလေး . . . ဘာမှမပူနဲ့တော့ နောက်လည်း ငါ့ခယ်မကို ဒီလို ခိုးကြောင်ခိုးဝှက်မတွေ့ရအောင် အစ်ကိုကိုယ်တိုင် တစ်ခါတည်းပေးစားမယ်”

“ဗျာ, ဘယ်သူနဲ့”

ဝကြီး ရင်ဘတ်တဲဘုန်းဘုန်းပုတ်ပြီး ပြောလိုက်တဲ့စကားကြောင့် သူခိုးကြောင်သွားတယ်။ ဝကြီးကလည်း အချောင်ရရှိတဲ့ အခွင့်အရေးကိုလက်လွှတ်မခံဘဲ . . .

“ငါ့ခယ်မ မင်းချစ်သူနဲ့လေ . . . ဟော့ . . . လွှန်းငွေငွေ ထထ . . . ဒီမှာ နင့်ကိုကိုရောက်နေတယ်”

ဆိုပြီး ခြေကန်နှိုးလိုက်တော့ လွှန်းငွေငွေလည်း စောင်ပုံကြားက လန့်ပြီးငုတ်တုတ်ထအထိုင် . . .

“အောင်မယ်လေး ဘာကြီးလဲဟ”

သူခိုး ကြောက်လန့်တကြားထအော်တယ်။

ဒါကို ဝကြီးက . . .

“ဒါ မင်းရဲ့ချစ်သူ လွှန်းငွေငွေလေကွာ”

ဆိုတော့ သူခိုး ဒူးတွေတဂတ်ဂတ်တုန်၊ မျက်ရည်တွေဝိုင်းပြီး ခုန သူပစ်ချလိုက်တဲ့ အထုပ်ကိုခေါင်းပေါ်ပြန်ရွက်ကာ . . .

“ကျွန်တော်သူခိုးပါဗျာ သူခိုးအစစ်ပါ။ ဒါတွေ ကျွန်တော်လာခိုးတာပါ . . . မနေ့ညကလည်းဟိုဘက်ရပ်ကွက်မှာခိုးခဲ့ပါတယ် ဟိုတစ်ခါအိမ်က ခိုးထားတဲ့ ကက်ဆက်ကိုလည်း ကျွန်တော့်အိမ် ထပ်ခိုးမှာဝှက်ထားပါတယ် . . . ကျွန်တော့်အဖေလည်းသူခိုးပါပဲ . . . မျိုးနဲ့ရိုးနဲ့ခိုးတဲ့သူခိုးမို့ ခွင့်မလွှတ်ကြပါနဲ့ ရိုက်ပုတ်ဆုံးမပြီး ရဲစခန်းကိုမြန်မြန်ပို့ကြပါလို့ . . . တောင်းပန်ပါတယ်ဗျာ . . .”

ဆိုပြီး တောင်းပန်တယ်။ ဒါကို ဝကြီးကလည်း ပြတ်တယ်။

“ဟားဟားဟား . . . မရဘူးလေ . . . ဝကြီးကို ဒီလိုပတ်လို့ မရဘူး . . . ပြောပြီးစလစ်နံပါတ်တစ်ပဲ . . . မင်းနဲ့လွှန်းငွေငွေနဲ့ ရည်းစားလို့ပြောတာ ကိုကောင်လေးကြားတယ်နော် . . .”

ဆိုပြီး သက်သေခေါ်လိုက်တယ်။ ဒါကိုကောင်လေးကလည်း ဒီသူခိုးနဲ့မှသူ့ခယ်မ မညားရင် သူ့ဘက်ပြန်လှည့်လာမှာစိုးရိမ်ရတာကြောင့် ခေါင်းကိုခပ်သွက်သွက်ညိတ်ပြီး . . .

“ဟုတ်တယ် ဟုတ်တယ် ချစ်ခဲ့တာလေးနှစ် အပြစ်မဲ့စွာ ဝေးလွင့် ပြောပြီးစလစ် နံပါတ်တစ်”

“ဗျာ”

ကောင်လေးကပါ စွတ်ဆက်ထောက်ခံနေတော့ သူခိုး မျက်ရည်တွေ ပိုဝိုင်းသွားတယ်။ ပြီးတော့ ဘုရားတောဇာတ်ထဲက ဘုရားရှင်ကိုယ်တော်မြတ်က ညီတော်အာနန္ဒာကို ချွတ်ချင်လို့ပြသခဲ့တော်မူတဲ့ မီးလောင်သစ်ငုတ်တိုပေါ်က မျောက်အိုမကြီးလို ခုတင်ပေါ် ဆောင့်ကြောင့်ထိုင်တစ်စမ်းမဲ့ထိုင်စောင့်နေတဲ့ ဝကြီးခယ်မကိုတစ်လှည့် အပေါက်ဝကို တစ်လှည့်ကြည့်ရင်း . . .

“ဒါဖြင့်လည်း ဒီလိုလုပ်ပါလား”

“ဘယ်လိုလုပ်ရမှာလဲ”

“အစ်ကိုတို့ အပေါက်ကို နည်းနည်းလေးပဲဟပေး”

“ဟပေးရင် . .”

www.burmeseclassic.com



"ဟပေးရင် ကျွန်တော် ဟောဒီအထုပ်ခေါင်းရွက်ပြီး ရဲစခန်းမှာ ကျွန်တော်သူခိုးပါဆိုပြီး သွားရောက်အဖမ်းခံပါ့မယ် အစ်ကိုရာ။ ဒါ ဒါကြီးကိုတော့ မယူပါရစေနဲ့ အဟီးဟီး . . . အီး . . ပူး . ."

ငိုပြီ။ သူခိုးငိုပြီ။ ငိုတာမှ ရှိုက်ကြီးတငင်ကိုငိုတာ။ မျက်ရည်တွေ အတောင့်လိုက်ထွက်အောင်ကိုငိုတာ။ ဒါကို ဝကြီးက မသနားအားပါဘူး။ ဒါမျိုး . . ဒီအချိန်မျိုးမှာ ကိုယ့်ကိုယ်ကိုယ်ထက် ဘယ်သူ့မှမသနားနိုင်ဘူး။ ခါးကိုတောင် ခပ်မတ်မတ်ထောက်ပြီး . . .

"အောင်မာ ငါ့ခယ်မကိုများ မစားကောင်းတဲ့ ဘိန်းမုန့်မှတ်နေလို့လား . . . ရဲစခန်းမသွားရဘူး . . ငါ့ခယ်မပဲ ယူရမယ်"

သူခိုးက မျက်ရည်လည်ရွဲ နှပ်တွဲလဲနဲ့ . . .

"အဘိုးလည်းသူခိုး . . . အဖေလည်းသူခိုး . . . ကျွန်တော်လည်း သူခိုးပါဗျာ . . . ထောင်ထဲမှာလည်း ကျွန်တော်တို့အမျိုးတွေ အများကြီးရှိပါတယ် . . . ဒါကြီးကိုယူမယ့်အစား အမျိုးတွေရှိတဲ့ ထောင်ထဲကိုသာ လည်ပတ်ခွင့်ပေးပါဗျာ . . . ဟီး . . တကယ် တောင်းပန်တာပါ Really တောင်းပန်တာပါ အဟီး . . ဟင့်"

"အောင်မာ . . . တယ်အဆင့်မြင့်တဲ့သူခိုး အင်္ဂလိပ်လိုပါ ကြားညှပ်ပြောလိုက်သေး"

"ဒါက . . . ပညာတတ်သူခိုးကိုး . . . အစ်ကိုရဲ့ ကျွန်တော့်ကို မကြပ်ပါနဲ့အစ်ကိုတို့ရာ . . . ကျွန်တော့်ကို သွားခွင့်ပြုပါတော့နော်နော် . . ."

သူခိုးကငိုပြီး ရှိခိုးတောင်းပန်လိုက်တယ်။ ဝကြီးကလည်း မရဘူး။ ဖြတ်တယ်။

"ထောင်ထဲမပို့ဘူး၊ အိမ်ထောင်ပဲချပစ်မယ်၊ ငါ့ခယ်မနဲ့ အိမ်ထောင်ပဲချပစ်မယ်၊ မင်းလို တကယ်ခိုးတာကို ခိုးပါတယ်လို့ ဝန်ခံ





ရဲတဲ့ မင်းလိုစိတ်ထားဖြူစင်တဲ့ သူခိုးမျိုးကိုသူခိုးအဖြစ်လည်း ငါမသတ်မှတ်နိုင်ဘူး"

"သူခိုးပါဆိုနေဗျာ . . ."

"မင်းသူခိုးမဟုတ်ဘူး . . ."

သူ့စကားကို သူခိုးက မျက်လုံးလေး ကလယ်ကလယ်နဲ့ . .

"အင်းဝဘုရင် သတိုးမင်းဖျား သိလားအစ်ကို"

သူခိုးက ဝကြီးကိုဖြတ်မေးတယ်။ ဒါကိုဝကြီးက မျက်မှောင်ကြုတ်ပြီး . . .

"သိတယ်လေ ဘာဖြစ်လို့လဲ"

"သူ့အစ်ကို ရမည်းသင်းစား သီလဝနော် စကားသိပ်နည်းတာလေ"

"အဲဒါ ဘာဖြစ်လဲ"

"ဘာဖြစ်ရမှာလဲအစ်ကိုရာ အဲဒီသတိုးမင်းဖျားကြီး ကိုယ်တိုင် ဆင်းဖမ်းခဲ့တဲ့ သူခိုးကြီးငတက်ပြားဆိုတာ ကျွန်တော်တို့ အဘေးရဲ့ အဘိုးပါပဲအစ်ကိုရာ . . . မျိုးနဲ့ရိုးနဲ့ သူခိုးပါဗျာ . . . အင်းဝခေတ်ထဲကနေ ဒီခေတ်အထိ ရပ်ရွာကိုဒုက္ခပေးပြီး ကဒီးကဒီးနဲ့ခိုးခဲ့တဲ့မျိုးရိုးပါ . . . ဟီးဟီး . . Really အစစ်အမှန် ဝန်ခံတာပါဗျာ . . သူခိုးဖြစ်ကြောင်း လိုင်စင်လုပ်ပေးတဲ့ဌာနရှိရင် ကျွန်တော်ပထမဆုံးလိုင်စင်ရမယ့်သူခိုးပါဗျာ . . . အဟီး . . ဟင့်"

အောင်မာ . . အဆင့်မြင့်သူခိုး စာတတ်ပေတတ်သူခိုးနဲ့မှလာတွေ့နေရသေး။ ဒါပေမယ့်ဝကြီးကသိတယ်မဟုတ်လား။ မရဘူးဆို အစတူးလို့တောင်ရတာမဟုတ်ဘူး။ ဒါကြောင့် . . .

"အဲဒါတွေ ငါမသိဘူးကွာ၊ မင်းငါ့ခယ်မကို ယူကိုယူရမယ်၊ ကဲ့, ကောင်လေး သူတို့ချစ်သူနှစ်ယောက်ကို လက်ထပ်ပေးရအောင်



www.burmeseclassic.com

www.burmeseclassic.com



ရပ်ကွက်လူကြီးသွားခေါ်။ ဟိုကောင်တွေနိုးပြီး စာချုပ်တွေ၊ တံဆိပ်ခေါင်းတွေဝယ်"

ဆိုတော့ ကောင်လေးက ကျန်တဲ့လူတွေကိုလိုက်နှိုးတယ်။ အဲဒါလည်းမြင်ရော သူခိုးက . . .

"အစ်ကို ကျွန်တော့်ကို အဲလိုတော့အကျပ်မကိုင်နဲ့။ အကျပ်ကိုင်ရင် ကျွန်တော်အော်လိုက်မှာနော်"

"မင်းက ဘယ်လိုအော်မှာလဲ"

"သူခိုး သူခိုးလို့အော်မှာပေါ့ဗျ . . . လူတွေရောက်လာရင် ကျွန်တော်သူခိုးပါဆိုပြီး အဖမ်းခံလိုက်မယ်ဒါပဲ"

သူခိုးကမျက်ရည်သုတ်ရင်း ခပ်ပြတ်ပြတ်ပြောတယ်။ သူ့စကားကြားတော့ ဝကြီး ပျာပျာသလဲဖြစ်သွားတယ်။ သူခိုးက သူခိုး သူခိုးလို့အော်လိုက်ရင် သူခိုးကသူခိုးပဲ ပြန်ဖြစ်သွားပြီး သူ့အကြံမအောင်ဖြစ်သွားတော့မှာကိုး။ နောက်မှသတိရသွားပြီး သူခိုးနားတပ်ကာ . . ."

သူခိုးက
သူခိုး သူခိုးလို့အော်လိုက်ရင်
သူခိုးကသူခိုးပဲပြန်ဖြစ်သွားပြီး
သူ့အကြံ မအောင်ဖြစ်သွားတော့မှာကိုး။



"မင်းနာမည် ဘယ်လိုခေါ်လဲ"

"ကျော်ကိုပါ"

"ဘယ်မှာနေလဲ"

"ဘိုကလေးမြို့ မနော်ဟာရီလမ်း"

"အေး . . ငါမှတ်ထားပြီးပြီ . . မင်းငါ့ခယ်မကိုမယူဘဲ သူခိုးလို့အော်ရင် မင်းကိုလိမ်လည်မှုနဲ့မုဒိမ်းမှုပေါင်းပြီး ထောင်ထဲပို့ပစ်မယ်"

"အမ်"

ဝကြီးစကားကြောင့် သူခိုးကြောင်သွားတယ်။ နောက်အိပ်ချင်မူးတူးနဲ့ ကြောင်တောင်တောင်ထိုင်နေတဲ့ လွန်းငွေငွေတစ်လှည့် ဝကြီးတစ်လှည့်ကြည့်ရင်း . . .

"ခင်ဗျားဗျာ အတော်နောက်တဲ့လူ။ ဒီရုပ်ကြီး မုဒိမ်းကျင့်မယ်ဆို ဘယ်တရားသူကြီးကယုံမှာလဲ . . . ဟားဟားဟား"

သူခိုးစကားကြောင့် ဝကြီးအကျပ်ရိုက်သွားတယ်။ ဟုတ်တယ်။ သူ့ခယ်မရုပ်က မုဒိမ်းကျင့်ဖို့မပြောနဲ့ ရုပ်မြင်တာနဲ့ ရှိနေတဲ့အာသဝေါကုန်ခမ်းပြီး ဈာန်သမာပတ်ပါရသွားနိုင်တယ်။ ဒါပေမယ့် သိတယ်မဟုတ်လား ဝကြီးပဲ။

"စကားမရှည်နဲ့ ငါ့ဦးလေး တရားသူကြီးရှိတယ်။ ငါ့စကားသူယုံမှာပဲ။ နောက်ပြီး နာမည်ကြီးမင်းသမီးတစ်ယောက်ရဲ့ ဝေါလ်ရှိကို မျက်နှာမှာကပ်လိုက်ရင် ဒီအမှုကသေချာပေါက်ဖြစ်နိုင်တယ်။ အို ဖြစ်ကိုဖြစ်မယ်ဆိုတာ ငါအတပ်ပြောရဲတယ် . . . ကဲ . . . ပြောနေကြာတယ်ကွာ . . . သက်သေခံလုပ်ဖို့ နန္ဒာလှိုင်ပြက္ခဒိန်ကို ဆုတ်ပြီကွာ . . ."

ဝကြီးက ပြောပြောဆိုဆိုနှင့် နံဘေးမှာကပ်ထားတဲ့ပြက္ခဒိန်



www.burmeseclassic.com

www.burmeseclassic.com



ထဲက နန္ဒာလှိုင့်ပုံကို မျက်နှာပဲကွက်၍ဆုတ်လိုက်သည်။

"ဟမ်. . ."

သူခိုး ခေါင်းကုတ်သွားတယ်။ သူ့ခမျာလည်း ဒါကြီးမရဖို့ ဘယ်လိုရှင်းပြရမှန်းမသိဖြစ်နေတယ်။ အဲဒီအချိန်မှာပဲ အမူးလွန်နေတဲ့ လူတွေအားလုံး နိုးလာပြီး . . .

"ဟာ, လွန်းငွေငွေးချစ်သူက ဒီကောင်လား"

"အေးနော် ရုပ်ကမဆိုးဘူး . . . သူခိုးရုပ်ပဲ"

"ဒီလောက်ပိန် ဒီလောက်မည်းနေမှတော့ သူခိုးပဲလုပ်စားသင့်တယ်"

ဆိုပြီး ဆူညံကုန်တယ်။ ဒါကို သူခိုးက ရလိုရငြား . . .

"အစ်ကိုပြောတာတောင်နောက်ကျသေး . . . ကျွန်တော်က"

ဆိုတာနဲ့ ဝကြီးကဝင်ပြီး . . .

"မင်းကိုယ်စား အစ်ကိုပဲရှင်းပြလိုက်ပါ့မယ်ကွာ။ အောင်မာ ဒီကောင်က အင်္ကျီတောင် ကြိုချွတ်လာတာဗျ။ ဟောဒီလွန်းငွေငွေး ခုတင်နားမှာနော် လွန်းငွေငွေး. . ."

ဆိုတာနဲ့ ဟိုဂယောင်မကလည်း ကတုံကတုံနဲ့ ခေါင်းလိုက်ညိတ်တယ်။ ဝကြီးကပဲဆက်ပြီး . . .

"ကဲ, ညီလေး အေးနေလိမ့်မယ်။ ရော့ . . အစ်ကို့အင်္ကျီယူဝတ်ထား"

ဆိုပြီး သူဝတ်ထားတဲ့အင်္ကျီကို ရက်ရက်ရောရောချွတ်ပေးကာ သူ့လူတွေဘက်လှည့်ပြီး . . .

"ခင်ဗျားတို့ကလည်း ဘာကြောင်ကြည့်နေတာလဲ။ ရပ်ကွက်လူကြီးခေါ် စာချုပ်စာတမ်းတွေ ဘာတွေသွားဝယ်လေ။ ဒီမှာသူတို့





ချစ်သူနှစ်ဦးကို ပူပူနွေးနွေးလက်ထပ်ပေးရအောင် . . . ဟေဟေ့ . . . ဟေ့ . . . ဂျီးသုသုကျ . . ."

ဆိုတော့ အားလုံးဝရုန်းသုန်းကားနဲ့ အိမ်ပေါ်ကဆင်းချသွားကြတယ်။ အားလုံးက သူအရက်တိုက်ထားတဲ့သူချည်း ဖြစ်ပြန်တော့ကြာ ဒါမှမရရင် ဟိုသရဲဇလကြီးကို သူတို့ထဲ ထိုးထည့်ခံရမှာကြောက်တာကြောင့် အားလုံးပဲ ရပ်ကွက်လူကြီးခေါ် စာချုပ်တွေဝယ်ပြီး တစ်ခါတည်း လက်မှတ်ထိုးပေးဖို့လုပ်ကြတယ်။ ဒီအထိကို သူခိုးကလည်းငြင်းပါသေးတယ်။

"မဟုတ်ပါဘူး ရပ်ကွက်လူကြီးတို့ရယ်။ ကျွန်တော်ခိုးဖို့. . ."

ဆိုတာနဲ့ ဝကြီးကကြားဖြတ်ပြီး . . .

"ဟုတ်ပါတယ်၊ သူတို့ချစ်သူနှစ်ယောက် ခိုးပြေးကြဖို့ လုပ်နေတာပါ၊ ဒါကိုကျွန်တော်ကမြင်ပြီး ကဲ, ခိုးပြေးမနေနဲ့ ငါကိုယ်တိုင်ပေးစားမယ်ဆိုပြီး ရပ်ကွက်လူကြီးခေါ်ပေးစားတာပါ . . . နော့ကွှ ဟေ့ကောင်"

သူ့စကားကို သူခိုးကလည်း . . .

"ဒီလိုပါဗျာ ဟိုအထုပ်ကလည်း. ."

ဆိုတာနဲ့ ဝကြီးကဝင်ပြီး . . .

"အဲဒီအထုပ်လေ အဲဒီအထုပ် နှစ်ယောက်သားတိုင်ပင်ပြီး ခိုးပြေးဖို့ လွန်းငွေငွေးအဝတ်အစားတွေ ထည့်ထားတာ မယုံရင်ဖွင့်ကြည့်"

ဆိုတော့ ဖွင့်ကြည့်လိုက်တော့ လွန်းငွေငွေးအဝတ်အစားတွေဟုတ်နေတယ်။ ဟုတ်မှာပေါ့ သူခိုးက လွန်းငွေငွေးအခန်းပဲဝင်ပြီး ခိုးရသေးတာကိုး။

"ဒီလိုပါဗျာ သူနဲ့ကျွန်တော်ဆိုတာ. . ."



www.burmeseclassic.com

www.burmeseclassic.com



"ချစ်ခဲ့တာလေးနှစ် အပြစ်မဲ့စွာဝေးလွင့် ပြောပြီးစလစ်နံပါတ်တစ်ကို ကောင်လေးကြားတယ်နော်"

"ဟုတ်တယ် ကြားတယ် ဒီနားနဲ့ ဆတ်ဆတ်ကြားတာ"

ကောင်လေးကပါ မြိန့်မြိန့်ကြီးဝင်ထောက်ခံတယ်။ သူ့အထာမကျရင်ပြီးရောလေ။ ဒါကို သူခိုးက . . .

"ဘယ့်နှယ်ချစ်သူ. . ."

ဆိုပြီး စလာတော့ ဝကြီးသည်းမခံနိုင်တော့ဘူး။

"ဟော့ကောင် မုဒိမ်းနော်. . ."

ဆိုတော့ သူခိုးကျို့ဝင်သွားတယ်။ မုဒိမ်းမှုနဲ့ ထောင်ထဲဝင်ရလို့ကတော့ သေပြီ။ ဒါကြောင့် စကားရောဖောရောနှင့် . . .

"အင်း. . ဘယ့်နှယ်ချစ်သူဖြစ်ကြသလဲဆိုရင်. . ."

ဆိုပြီး လျှောချလိုက်ရတယ်။ နောက်လည်း ဘာမှဆက်မပြောရဲတော့ဘဲ လူကြီးစုံရာရှေ့ လက်မှတ်ထိုးလိုက်ကြရတယ်လေ။

ဝကြီးခမျာလည်း မျက်ရည်လည်လောက်အောင် ဝမ်းသာလို့။ သူ့ အရောင်းထိုင်းပစ္စည်းကြီး ရောင်းထွက်သွားလို့လေ။ လွန်းငွေငွေကလည်း ကျော်ကိုကို မြင်မြင်ခြင်း ကရုဏာသက်သွားတာလား။ မရ ရတာကို လက်လွှတ်မခံချင်တာလားတော့ မသိဘူး။ ကျော်ကိုရဲ့ လက်ချောင်းမည်းမည်းလေးတွေကို သူ့ဗလကြီးနဲ့ မလွှတ်တမ်းကို ညှစ်ဖက်တွယ်ထားတော့တယ်။ ရပ်ကွက်လူကြီးတွေ ကလည်း သူတို့ကိစ္စပြီးပြီဆိုတော့ နှုတ်ဆက်ပြီးပြန်ကုန်ပြီ။

ဤသို့ဖြင့် . . .

"ကဲ, ဒီလင် ဒီမယား အို့အောင်မင်းအောင် ပေါင်းရပါစေ မောင်ကျော်ကိုနဲ့ လွန်းငွေငွေတို့ သင်တို့သွားလို့ရာသွားနိုင်ပြီ။ အမျှ အမျှ အမျှ. . ."





ဆိုပြီး ဝကြီးဆုပေး၁ာလို ဘာလိုလိုနဲ့ ပထုတ်လိုက်တယ်။

သူခိုးက ငိုမဲ့မဲ့။ သရဲဗလက သူခိုးလက်မောင်းချိတ်ပြီး ပျော်တပြုံးပြုံး။ အထုပ်ကလေးကလည်းအဆင်သင့်ဆိုတော့ ဝကြီးက ကောက်ပြီး သူခိုးခေါင်းပေါ်ကို ဖတ်ခနဲတင်ပေးလိုက်တယ်။

ဝကြီးကတော့ အလုံးကြီးတစ်လုံးကျသွားတယ်။ ကျသွားတာမှ အလုံးကြီး အကြီးကြီး။

"ဝိုး . . . . . . . ."

ဟုတ်ပါတယ်။
သူတို့ချစ်သူနှစ်ယောက်
ဒီနေ့ပြေးကြဖို့ လုပ်နေတာပါ။
ဒါကိုကျွန်တော်... မြင်ပြီး
ကဲ, ဒီနေ့ပြေးမနေနဲ့
ဒါကိုယ်ပိုင်
ပေးစားမယ်ဆိုပြီး
ရုံးကျကျကြီးပေးစားတာပါ
. . . နော့ကျ ပျော့ကောင်း



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့မနက် အစောကြီးမှာ ဝကြီးကိုသူ၏နေအိမ်ရှေ့ ပက်လက် ကုလားထိုင်ကလေးပေါ်တွင် ဇိမ်ကျကျကော်ဖီထိုင်သောက်နေတာတွေ့ရသည်။

သူ့မျက်နှာပေါ်တွင်လည်း အပြုံးပန်းတွေပွင့်လို့။

သူ့မျက်စိထဲတွင်လည်း မြင်မြင်သမျှလှပနေပုံရ၏။

သစ်ပင်လည်းလှ၊ မြက်ပင်လည်းလှ၊ ယုတ်စွအဆုံး ကျီးကန်းပင် သွားစွယ်ကလေးနှင့် ကပိုကရိုလှနေသေး၏။



မနေ့ညက သူ့လုပ်ရပ်ကိုပြန်တွေးပြီး ဂုဏ်ယူမဆုံး ပီတိဖြစ်မဆုံး ဖြစ်နေမိ၏။ သူ့စိတ်ထဲတွင်လည်း . . .

"ပွဲစားကြီးဝကြီး ပွဲစားကြီးဝကြီးနဲ့ နာမည်ကြီးလောက်ပါပေတယ်"

ဟုဂုဏ်ယူလျက်။ ဟုတ်ပေသည်။ မည်သို့မှရောင်း၍ မစွံနိုင်သော ခယ်မပုပ်ပုပ်ပွပွဝဝပြဲပြဲရွဲရွဲတွဲတွဲကြီးကို လင်ရအောင်ပေးစားနိုင်သူ ဘယ်သူရှိအံ့နည်း။ ဤလောကကြီး၌ ဝကြီးမှလွဲ၍ နှစ်ယောက်မရှိနိုင်။

အိမ်ရှေ့က ဖြတ်သွားဖြတ်လာလူများကိုပင် . . .

"ဟ, ကိုလွင်ကြီး ဘယ်တုံးဟ"

"ဟာ, ဟော့ကောင်ထွန်းနိုင် မင်းဒီနေ့ ချက်ဖောင်းတို့နဲ့တွေ့သေးလား"

"အရီးမြတင်ပါလား၊ ဈေးကပြန်လာတာယ် မှတ်တယ်"

"မကြီးအောင် လမ်းထိပ်ကိုလား။ ကိုသန်းစိုးရော နေကောင်းရဲ့လား"

စသည်ဖြင့် ပျော်ရွှင်စွာ အော်ဟစ်နှုတ်ဆက်နေသေး။ သူ၀မ်းသာလုံးဆို့လို့ သိပ်မကြာခင်မှာပင် သူ့မိန်းမအာနိုးဗလကြီးကသူ့အမေ ဘီလုံးဗလကြီး ခေါ်ကာပြန်ရောက်လာသည်။

ဟိုနှစ်ယောက်ကလည်း ဝကြီးကိုနှုတ်မဆက်။ ဝကြီးကလည်း သူတို့ကို နှုတ်မဆက်။ သူ့ဖာသာသူကျေနပ်ပြီး ပြုံးပြုံးကြီး ကော်ဖီသောက်နေလိုက်၏။

"လွန်းဒွေးဒွေး . . . လွန်းဒွေးဒွေးရေ"

ဆိုသော ခေါ်သံများကြားရ၏။ ထိုအသံကြားလေ ဝကြီးပျော်လေ သူ့အလုပ်အတွက် ဂုဏ်ယူလေဖြစ်နေမိ၏။ အတန်ကြာမှ



www.burmeseclassic.com

www.burmeseclassic.com



သူ့မိန်းမ အာနီးဗလကြီး အိမ်ရှေ့ထွက်လာပြီး . . .

"ဒီမှာ . . . ကိုမြင့်ဦး လွန်းဒွေးဒွေးရော"

ဝကြီး မကြားချင်ယောင်ဆောင်နေလိုက်သည်။ သူ့အပြုအမူကြောင့် သူ့မိန်းမ အာနီးဗလကြီး ပို၍အားမလိုအားမရဖြစ်သွားကာ သူ့နားထိဆင်းလာပြီး . . .

"ဒီမှာကိုမြင့်ဦး လွန်းဒွေးဒွေးရောလို့ မေးနေတာယ်လေ"

ဝကြီးက ချက်ချင်းအဖြေမပေးသေးဘဲ ကော်ဖီတစ်ကျိုက်ကို ဖိမ်နှင့် သောက်လိုက်သေး၏။ ပြီးမှ မျက်နှာပြုံပြုံကြီးကို ပြုံပြုံကြီးပြုံးပြီး

"လင်နောက်လိုက်သွားပြီ"

"ဟင်"

သူ့မိန်းမ အာနီးဗလကြီး မျက်လုံးပြူးသွား၏။ နောက် . . ဝကြီးစကားကို ဆက်စပ်မရသလို ကြောင်ငေးနေ၏။

အတန်ကြာမှ . . .

"ဟင်, လွန်းဒွေးဒွေး လင်နောက်လိုက်သွားတယ်။ မဖြစ်နိုင်တာ . . လွန်းဒွေးဒွေးက ယောကျ်ားနဲ့ပတ်သက်ရင် တီကောင်တောင် အပေါက်ခံရဖူး တာမဟုတ်ဘူး . . မနောက်ပါနဲ့ကိုဝကြီးရယ် ရှင်ဘယ်များသွားဖွက်ထားလဲ ပြောစမ်း"

သူ့မိန်းမစကားကြောင့် ဝကြီးစိတ်ဆိုးသွားပြီး . . .

"နင့်ညီမ တီကောင်အပေါက်ခံဖူးတာမခံရဖူးတာ ငါမသိဘူး၊ အခုအချိန်လောက်ဆို တီကောင်ကိုတောင် သူပြန်မြိုနေလောက်ပြီ၊ တကတည်း သူ့ညီမသရဲဗလကိုပဲ . . . ငါကအလကားနေ အလကား ဖွက်ရဦးမှာလား . . . ဝေးရောပဲ"

သူ့စကားလည်းကြားရော သူ့မိန်းမ အာနီးဗလကြီး ပျာယာခတ်သွားပြီး . . . .

"မာမားရေ လွန်းဒွေးဒွေး လင်နောက်လိုက်သွားပြီတဲ့"

ဆိုတော့ သူ့ထက်ပိုပျာယာခတ်သော သူ့အမေဘီလူးဗလကြီး အိမ်ပေါ်ကပျာယာခတ်ဆင်းလာပြီး . . .

"ဟယ်, ဟုတ်ရဲ့လား။ လွန်းဒွေးဒွေးမှာ ရည်းစားရှိတယ်လည်း တစ်ခါဖူးမှမကြားမိပါဘူး။ သူ့ယောကျ်ားကဘယ်သူလဲ။ ခိုင်းလို့ရောကောင်းရဲ့လား"

ကြည့်ဦး။ အဘွားကြီးပြောပုံကိုက ယောကျ်ားသားများကို သူတို့က ခိုင်းနွားလောက်သဘောထားတာ။ ထိုစကားကြားတော့ ဝကြီးလည်းတင်းသွားပြီး . . .

"ခင်ဗျားကြီးတို့ တစ်သက်လုံးကပ်စားဖို့လောက်တော့ ခိုင်းကောင်းမှာပေါ့၊ ခင်ဗျားတို့ ဘာမှမလုပ်စားရ ပြီးရောမဟုတ်လား"

သူ့စကားကြားတော့ အဘွားကြီးလည်း ခါးကိုထောက်ပြီး . .

"ဟဲ့, ငါကလူကြီးနော်၊ လူကြီးကို ဒီလိုပဲပြောရလား"

"ခင်ဗျားတို့က လူသာကြီးနေတာ ဦးနှောက်က ကြီးတာမှမဟုတ်တာ။ ဒီတစ်ခါ အိမ်သာထဲအင်အင်းကို အသည်းပုံခွေပါပြီး ရေမလောင်းခဲ့ရင် ကျုပ်နဲ့တွေ့မယ်"

"ဒါက . . . မလှပတဲ့ နင့်အိမ်သာကို အလှဆင်ပေးတာ . . . ဒါတောင် မြှားကတော့စိုက်နိုင်ပါတယ် . . . အနောက်ကြက်မွှေးတောင် ဘယ်လိုစိုက်ရမယ်မသိလို့ . . . ဟီဟိ"

---

နောက်ပြီးတော့ခင်ဗျား
ဟိုတစ်ခါပြန်ခဲ့
အားလုံးကိုနှုတ်ဆက်ခဲ့ပါတယ် . . . ဆိုပြီး
မေမေတင်သိန်း . . .







www.burmeseclassic.com

www.burmeseclassic.com



"ဘာအလှဆင်တာလဲ . . . ခင်ဗျားကြီးဖာသာ ခင်ဗျားကြီး လုပ်သွားတာများ . . . နောက်ပြီးတော့ခင်ဗျား ဟိုတစ်ခါပြန်ခါနီး အားလုံးကိုနှုတ်ဆက်ခဲ့ပါတယ် . . . မေမေတင်သိန်း . . . ဆိုပြီး အိမ်သာထဲရေးသွားတာကရော . . ."

"ဒါ . . . ငါကနင်တို့ကို အလိုက်တသိနဲ့နှုတ်ဆက်တာကို . . ဂါဝရ . . ဂါဝရလေ ဟီဟိ"

"ဘာမှဂါဝရနေစရာမလိုဘူး . . . ခင်ဗျားကိုလည်း ဘယ်သူမှအိမ်မခေါ်ဘူး . . . ဒါကြောင့်ပြန်ရင်လည်းနှုတ်ဆက်စရာမလိုဘူး"

"အောင်မာ . . . ပြောလေကဲလေပါလား . . နင်ငရဲကြီးမှာ မကြောက်ဘူးလား"

"အိုး . . မိခင်ကိုသာ နို့တစ်လုံးဖိုးမကျေခဲ့တာ ခင်ဗျားကြီး အပေါ်မှာတော့ နို့နှစ်လုံးဖိုးကျေတဲ့အပြင် နွားနို့မှုန့်နှစ်ထုပ်ပါ အကြွေးတင်နေပြီ . . . အဲဒါပြန်ဆပ်ပြီးမှ ငရဲအကြောင်းပြော"

အဘွားကြီး ပွစိပွစိနှင့်ပြန်လှည့်သွားသည်။ ဒီစကားကိုတော့ အဘွားကြီးယှဉ်မပြောရဲ။ ဝကြီးသမီးသူ့ရဲ့မြေးရဲ့ နွားနို့မှုန့်များ ခိုးစားတုန်း ဝကြီးနှင့်ပက်ပင်းအကြိမ်ကြိမ်မိထားဖူးသည်။ တစ်ခါ တည်းပီတ်ပဲ။ ဆက်ပြောနေလည်း ဝကြီးကိုနိုင်မည်မဟုတ်။ သိတယ် မဟုတ်လား။ ပွဲစားဝကြီးက နှုတ်သီးကောင်းလှပါ။

"ဟဲ့, ရပ်ကွက်ထဲ လိုက်စုံစမ်းကြည့်ဦးလေ။ ဒီသတင်းက ဟုတ်ချင်မှဟုတ်မှာ . . . ဟုတ်ရင်တော့ကြွားကောင်းပြီ . . ."

ဆိုတော့ သူ့မိန်းမအာနိုးဗလလည်း ပျာယာခတ်ပြီး စုံစမ်း ဖို့ပြင်နေတုန်း သူတို့အိမ်ရှေ့ကဖြတ်သွားသော ကောင်လေးကိုမြင် တော့

"ကိုကောင်လေး . . ကိုကောင်လေး"





ကောင်လေးလှည့်ကြည့်သည်။

"ဪ, ဝကြီးတို့ သူဇာတို့ပါလား။ ဟင်, ဟိုဟာကြီးက ဘာကြီးလဲ လူလား ဘာလား . . . ကလူကလူ . . . ဪ, သူဇာတို့ အမေကိုး"

ကောင်လေးက မည်းမည်းဝဝ ဘီလူးဗလကြီးမြင်တော့ လန့် သွားသေးသည်။ လန့်လည်းလန့်စရာ မျက်နှာကြီးနဲ့ အဝတ်အဆင်က ချင်ပန်စီမီးမြိုက်ပြီး Levi's ဝတ်စုံဝတ်ထားပေးသလို မည်းမည်းပွပွ ကုန်းကုန်းကွကွကြီး။ ဆံပင်ကလည်းကောက်ထားသေးတာကိုး။

သူဇာက သူ့ယောက်ျား ဝကြီးကိုတစ်လှည့်၊ ကောင်လေးကို တစ်လှည့်ကြည့်တာ . . .

"ကျွန်မညီမ လွန်းဗွေဗွေ လင်နောက်လိုက်လို့ဆို"

ဆိုတော့ ကောင်လေးခေါင်းကုတ်ပြီး . . .

"အေး . . ညကတော့ ဝကြီးက . . ."

သူ့စကားမဆုံးခင် ဝကြီးက "ဟင်း . . ဟင်း" ဆိုပြီးမျက်စ ပစ်တယ်။ အဲဒီတော့မှ ကောင်လေးလည်းသတိရပြီး . . .

"အေးဟ ညကသူနဲ့သူ့ရည်းစား အိမ်ထဲချိန်းတွေ့နေတာ တွေ့တာပဲ"

"ရည်းစားနဲ့ချိန်းတွေ့တယ်။ သူ့မှာရည်းစားရှိနေတယ်လို့ တစ်ခါမှ မကြားခဲ့မိပါဘူး"

"အဲဒါတော့ မသိဘူးဟေ့။ ညက သူနဲ့သူ့ရည်းစားချိန်းတွေ့ တာ သူ့ကောင်လေးကိုအကျီကျွတ်ကြီးနဲ့ ပက်ပင်းမိတာပဲ။ အဲ, သူတို့ ကတော်င် ပြောသေး၊ ချစ်ခဲ့တာလေးနှစ် အပြစ်မဲ့စွာဝေးလွင့် ပြောပြီး စလစ်နံပါတ်တစ်တဲ့"

ကောင်လေးကပါ ထောက်ခံနေတော့ သူဇာဘာမှမပြော



www.burmeseclassic.com

www.burmeseclassic.com



သာတော့ဘူး။ ဒါကိုတောင်မှ အထွန့်တက်ပြီး . . .

"နေပါဦး သူ့ရည်းစားနာမည်က ဘာတဲ့လဲ။ ဘယ်မှာနေတာလဲ။ ဘာလုပ်တာလဲ"

ဆိုတော့ ကောင်လေးက မျက်မှောင်ကြုတ်ပြီး . . .

"ဟင်း. . သူ့နာမည်က ကျော်ကိုဆိုလားဘာလား။ နေတာက ဘိုကလေးဆိုလား ဘာလား။ အလုပ်က သူခိုး"

"သူခိုး . . ."

ဆိုတဲ့အသံကို အာနိုးဗလက မျက်လုံးကြီးပြူးပြီး သံ့ယောင်လိုက်၏။ ဝကြီးက ကောင်လေးကို မိုက်ကြည့်ကြည့်သည်။ ဒါကို ကောင်လေးက ချက်ချင်းစကားလွှဲပြီး . . .

"အဲဒီလိုပါ လွှန်းငွေငွေကို သူခိုးတဲ့ညကတော့ ပြောပါရဲ့။ ဘာလုပ်တယ်ဆိုလားပဲ၊ အဲဒါကိုမြော့မလို့"

"အို. ရှင့်ဟာ ဘာမှလည်း . . . မရေရာပါလား"

သူဇာ၏ရေရွတ်သံ။ ဒါကိုအိမ်ကပြင်မှာ ဝမ်းလျှောသေတော့မယ့် မျောက် မသာလို့ ငုတ်တုတ်ကြီးထိုင်နေသည့် ဘီလူးဗလကြီးက တစ်စခန်းထပြီး . . .

"ဒါနဲ့ ရုပ်ရောချောရဲ့လားဟင် ဟီဟီ"

ဆိုပြီး ထမေးသေးတယ်။ အဲဒါသာကြည့် တစ်ခွေလုံး တစ်မျိုးလုံးဆတ်ဆလူး။

ကောင်လေး အဖြေမပေးမီ သူတို့ကိုကြည့်မရသည့် ဝကြီးက ကြားဖြတ်ပြီး . . .

"ခင်ဗျားသမီးရော ခင်ဗျားတို့အမျိုးထက်ရောစာရင် အပုံကြီးလှတယ်။ အကျင့်လည်း အပုံကြီးကောင်းတယ်"

ဆိုပြီး သူခိုးဘက်ကပါ ထောက်ခံလိုက်သေး၏။ ဘီလူးဗလ





နှင့် အာနိုးဗလတို့လည်း ဘာမှဆက်မမေးတော့ဘဲ အိမ်ပေါ်ဆောင့်ကြီးအောင့်ကြီး တက်သွားတော့၏။

ဝကြီးကတော့ ထိုတော့မှ ပြုံးလို့ရှင်လို့။

ဖြီးဖြီးကြီးနဲ့ကောင်လေးကို မျက်စိမှိတ်ပြီး ပခုံးတွန့်ပြတယ်။ ဘာမှမတတ်နိုင်ဘူးပေါ့လေ. . . ။



www.burmeseclassic.com

www.burmeseclassic.com





ဝကြီး၏အပျော်များ ပတ်ဝန်းကျင်ကို ကူးစက်နေပြီ။

ထိုရက်ပိုင်းအတွင်း ဝကြီးနှင့်တွေ့ပါက အနည်းဆုံး လက်ဖက်ရည် တော့သောက်ရပြီမှတ်။ ကံကောင်းလျှင်အရက်ကလေးတမြမြနှင့် ကာရာအိုကေပါ ဆိုရနိုင်သည်။

ခါတိုင်း အရောင်းအဝယ်ဖြစ်၍ ပွဲခ မြိုးမြိုးမြက်မြက်ရလျှင်ပင် ဘယ်တော့မှ အောင်ပွဲမခံသော ဝကြီး။ ယခုတော့ နေ့စဉ်ရက်ဆက် အောင်ပွဲခံနေသည်။ သူ့အောင်ပွဲက ဝါရင့် အရောင်းထိုင်း မှိုတက်ခယ်မလင်ရသည့် အောင်ပွဲ။





ဘာနဲ့မှမလဲနိုင်လောက်အောင် အပျော်ကြီးပျော်နေသည်။

အိမ်ထောင်ပြုသည့်နေ့၊ သာမဏေထွက်သည့်နေ့၊ ထောင်ထွက်သည့်နေ့များသည် လူတိုင်းအတွက် အပျော်ဆုံးနေ့များဟုဆိုလျှင် ဝကြီးအတွက်တော့ တစ်နေ့ကျန်နေပေလိမ့်ဦးမည်။ ထိုနေ့ကား ခယ်မလင်ရသည့်နေ့ပင် ဖြစ်သည်။

သို့သော် သတ္တဝါတို့၏ ကံကြမ္မာတွင်ကံကောင်းခြင်းကြီးပဲ မစိုးမိုးနိုင်။ ကံဆိုးသောနေ့သည်လည်း များစွာရှိပေလိမ့်ဦးမည်။

ထိုနေ့ကား . . .

သတ္တဝါတို့၏ ကံကြမ္မာတွင်
ကံကောင်းခြင်းကြီးပဲ မစိုးမိုးနိုင်။
ကံဆိုးသောနေ့သည်လည်း
များစွာရှိပေလိမ့်ဦးမည်။



www.burmeseclassic.com

www.burmeseclassic.com





ဝကြီးထိုနေ့က အိမ်တစ်အိမ်အရောင်းအဝယ်ဖြစ်၍ ပွဲခမြိုးမြိုး မြက်မြက်ရခဲ့သော်လည်း အရောင်းအဝယ်ဖြစ်၍ အိမ်ရှင်ကိုလိုက်ရ ဝယ်လက် ကိုလိုက်ရနှင့် ပွဲစားတန်းတစ်ခုလုံး ဒေါင်းဒေါင်းပြေးအောင် လမ်းလျှောက်ခဲ့ရသည်ကြောင့် မောမောနှင့်အိမ်အပြန် . . .

"ဟင်"

အိမ်ထဲမှာမြင်ရသော မြင်ကွင်းကြောင့် ဝကြီး ကြက်သေသေသွား၏။

ဟုတ်ပါသည်။ သူလင်ပေးစားခဲ့သော သူ့ရဲ့ ခယ်မသရဲဗလကြီး သူ့ရဲ့လင်တော်မောင်





သူခိုးလက်ကို မလွှတ်တမ်းဖက်ပြီး အိမ်ညှော့ခန်းတွင် မိန့်မိန့် ကြီးထိုင်နေ၏။ သူ့ဘေးမှာက ဘီလူးဗလ နှင့် အာနိုးဗလ။ မိသားစု အလုံးကြီးသုံးလုံးက ငုံသွားလိုက်ပွင့်လာလိုက်နှင့် ခေါင်းချင်းရိုက်တိုင်ပင်နေကြသည်။

အတွေ့အကြုံ ဖလှယ်နေကြပုံရသည်။ အားလုံးက ပြုံးလို့၊ ရွှင်လို့၊ ရယ်လို့၊ မောလို့။

သူ့ကိုမြင်သည်နှင့် သူ့မိန်းမ အာနိုးဗလက ပျာပျာသလဲနှင့် ထိုင်ခုံချပေး၏။

"လာလေ အစ်ကို ဒီမှာထိုင်ဦး"

ဆိုသဖြင့် ဝကြီးလည်း မထိုင်ချင်ထိုင်ချင်နှင့် ထိုင်ခုံပေါ်ထိုင်ချလိုက်သည်။ နောက် . . သူခိုးကျော်ကိုနှင့်သူ့ခယ်မ သရဲဗလ လွှန်းဌေးဌေးကို မကြည်ကြည့် ကြည့်ပြီး . . .

"ဆို . . . ဘာကိစ္စရှိလို့လဲ . . ."

ဆိုတော့ သူ့ခယ်မ သရဲဗလက ရှက်ကိုးရှက်ကန်း အမူအရာဖြင့် . . .

"ဟိုလေ အကူအညီတစ်ခု တောင်းမလို့"

"ပြော"

ဝကြီးက အစကတည်းက မကြည်လင်သည်မို့ ခပ်ဆတ်ဆတ်ပြော၏။ ဒါကို သူ့မိန်းမအာနိုးဗလက ကြားဖြတ်၍ . . .

"ဟိုလေ လွှန်းဌေးဌေးတို့ အိမ်ထောင်ကျသွားတာတော့ မှန်ပါတယ်။ ဒါပေမယ့် သူတို့မှာကလေ အခုလောလောဆယ် နေစရာအိမ်ကမရှိတော့ ဟိုမှာကပ်နေ ဒီမှာကပ်နေနဲ့ အရှမ်းဒုက္ခရောက်နေတယ် . . . တည်းခိုခန်းတွေကလည်း ဈေးတက်တုန်တော့ အမြဲမနေနိုင်ဘူး . . . အဲဒီတော့သူတို့လင်မယားကို ကူညီတဲ့အနေနဲ့

www.burmeseclassic.com

www.burmeseclassic.com



ဒီမှာပဲခဏလောက်. . .”

“ဘာ . . .”

သူ့မိန်းမစကားကြောင့် ဝကြီးမျက်လုံးပြူးသွား၏။ ဒါကို သရဲဇလကပါဝင်ပြီး . . .

“ဟုတ်တယ် ကိုမြင့်ဦးရဲ့။ ကိုကြီးကလေးလေးက. . .”

လွန်းဌေးဌေးစကားကြောင့် ဝကြီးကြောင်သွားသည်။

“ဘယ်သူ . . ဘယ်သူ”

ဟူသောအမေးကို ကြာအပစ်လွန်ပြီး သေသွားသော လူကြီးမသာရုပ်နှင့် သူ့ယောက်ျားသူခိုးကို မျက်စောင်းထိုးပြီး. .

“ဟောဒီက ကိုကျော်ကို ကိုပြောတာလေ။ သူက မီးထက်လည်း အသက်ကြီးတယ်။ ဒါပေမယ့် ရုပ်ကလေးက သွားတိုတိုလေးတွေနဲ့ Baby Face နုနက်ဥအက်နေတဲ့အတွက် ချစ်စနိုးနဲ့ ကိုကြီးကလေးလေးလို့ ခေါ်တာ”

အောင်မာ. . ဒီလောက် မျက်ကွင်းကြီးချောင်ကလောင် အသားကြီးမှုန်မည်း၊ ဝဲစုတ်စုတ်နဲ့ ဘာလဘိုင်လိုက်နေတဲ့သူခိုးကိုများ ကလေးနဲ့တူလို့ ကိုကြီးကလေးလေးတဲ့။ ဝကြီး အစော်ရွံသွား၏။ ဒါကို အလိုက်မသိသော သူ့ရဲ့ခယ်မ သရဲဇလကဆက်ပြီး . . .

“အဲဒါလေ ကိုကြီးကလေးလေးက အခုလောလောဆယ် အလုပ်လည်းမရှိသေးတော့ ဒီမှာပဲခဏနေပြီး အလုပ်လုပ်စရာခွင်ရှာမလားလို့”

“ဘာ ဘာလုပ်မှာလဲဟင်”

ဝကြီး၏ အလန့်တကြားအမေး။ လန့်လည်းလန့်စရာ။ ဒီကောင်လုပ်စရာဆိုလို့ တစ်လုပ်ပဲရှိတာ ဝကြီးကအတွင်းသိ။

သူ့အမေးကို လွန်းဌေးဌေးက . . .





ခဏတော့လက်ခံထားလိုက်ပါ။ အခုတောင် တည်းခိုခန်းမှာနှစ်ည ဇရပ်မှာတစ်ည အချုပ်ထဲမှာတစ်ညအိပ်ပြီး ပြန်လာတာတဲ့

“အလုပ်က ရှာတုန်းပါ၊ ဘာပဲဖြစ်ဖြစ် ကိုကြီးကလေးက လုပ်နိုင်ပါတယ်”

ဝကြီး ခေါင်းခါရန်ပြင်သည်။ ဒါကို သူ့မိန်းမအာနိုးဇလကပါ ဝင်ပြီး . . .

“ဟုတ်သားပဲ ကိုမြင့်ဦးရာ သူတို့ခမျာလောလောဆယ် နေစရာမှ မရှိသေးတာ ခဏတော့လက်ခံထားလိုက်ပါ။ အခုတောင် တည်းခိုခန်းမှာနှစ်ည၊ ဇရပ်မှာတစ်ည၊ အချုပ်ထဲမှာတစ်ညအိပ်ပြီး ပြန်လာတာတဲ့”

ဝကြီး ထိုင်နေရာမှ ဘိုင်းခနဲပစ်လဲမတတ် ဖြစ်သွားရသည်။ သူ့ခမျာ ပေါ့စေချင်လို့ ခယ်မလင်ပေးစားတာ သူခိုးတစ်ယောက်ပါ အိမ်ပေါ်အဆစ်ပါလာပြီမဟုတ်ပါလား။

ဘာမှလည်း မပြောသာတော့။

ထို့ကြောင့် ခယ်မအပြင်သူခိုးကိုပါ အိမ်ပေါ်တင်ထားဖို့သာ မလွှဲမရှောင်သာနှင့် သူဆုံးဖြတ်လိုက်ရတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ခြေသံ။

ညကြီးမင်းကြီး အိမ်ထဲက တရှပ်ရှပ် ခြေသံကြောင့် ဝကြီးအိပ်နေရာမှလန့်နိုးသွားတယ်။

နောက် အသေအချာ သူနားစွင့်ကြည့်တယ်။ ဟုတ်တယ်။ တရှပ်ရှပ်ပြေးနေတဲ့ခြေသံကြားနေရတုန်း။

နာရီကြည့်လိုက်တော့ ညဆယ့်နှစ်နာရီ ဆယ့်နှစ်မိနစ်။

ဒီအချိန်ကြီး ဘယ်သူဘာထလုပ်တာလဲ။

အဘွားကြီးလား မဖြစ်နိုင်။ အဘွားကြီး



ဘီလူးဗလက တစ်နေကုန်ပျာယာခတ် အိမ်လည်အတင်းတုတ်ပြီး ညဆို လူသေကောင်ကြီးထပ်သေနေသလို အိပ်မောကျပြီးအိပ်နေတတ်တာ။

သရဲဗလများလား။

ဒါလည်းမဖြစ်နိုင်။ ဒီသရဲဗလလည်း ညဘက်နိုးတယ်လို့ ရာဇဝင်ကိုမရှိခဲ့။ အနားမှာ ဆင်အကောင်နှစ်ဆယ်လောက် မုန်ကီစွဆင်နွဲနေရင်တောင် နိုးမယ့်လူမဟုတ်။ သူ့မိန်းမအာနိုးဗလက သူ့နားမှာ။

ဝကြီး မသင်္ကာစိတ်နဲ့ အိပ်ရာက အသာအယာထလိုက်တယ်။ ပြီးတော့ ခြေဖော့နင်းပြီး အပြင်ဘက်ချောင်းကြည့်လိုက်တော့

လားလား . . သူခိုးယောက်ဖကျော်ကိုပါလား။ အိမ်ခန်းထဲက ဗီရိုတွေတစ်ခုချင်းဖွင့်ပြီး ဘာတွေရှာနေသည်မသိ။

သူခိုးက တခြားသူခိုးလည်းမဟုတ်။ အိမ်တွင်းသူခိုး။

"ယောက္ခ မင်းဘာလုပ်နေတာလဲ"

သူ့အသံကြားတော့ သူခိုးတုန်တက်သွားတယ်။ နောက် သူ့ကို ပြန်လှည့်ကြည့်ကာ . . .

"ဟီးဟီး ဘာမှမဟုတ်ပါဘူး၊ ပစ္စည်းတွေစုံမစုံ စစ်ကြည့်နေတာ"

"ပစ္စည်းစုံ မစုံစစ်ရအောင် ဘာတွေရှိလဲမင်းသိလို့လား။ မင်းသိတော့ကော မင်းပစ္စည်းတွေမို့လား"

ဆိုတော့ သူခိုးက သူ့ပါးစပ်ထဲ သူ့လက်ကလေးထည့်ပြီး . .

"အဟီး . . ဦးကလည်း သားက သားပစ္စည်းလိုသဘောထားပြီး စစ်ပေးနေတဲ့ဟာကို ဦးကလည်းဒေါသချည်းပဲ"

"မင်းပစ္စည်းလို သဘောထားစရာမလိုဘူး၊ ငါ့ပစ္စည်း ငါ့ဘာ



www.burmeseclassic.com

www.burmeseclassic.com



သာ ဘာဖြစ်ဖြစ်မင်းထိစရာမလိုဘူး"

ဆိုတော့ သူခိုးက ခေါင်းလေးညိတ်ပြီး . . .

"ဟုတ်ကဲ့ ဟုတ်ကဲ့ ဒါဆိုလည်းပြီးရော ကျွန်တော်အိပ်တော့မယ်နော်"

ဆိုပြီး သူ့မိန်းမသရဲ့ဗလအခန်းထဲ သူဝင်သွားတယ်။

၉

ပစ္စည်းတုံ မတုံ့ဝတ်ရှအောင်
ဘာတွေရှိလဲမင်းသိလို့လား
မင်းသိတော့ကော
မင်းပစ္စည်းတွေမှိုလား







နောက်တစ်နေ့ကျတော့ အလုပ်သွားဖို့ ဝကြီး နာရီကြည့်လိုက်တော့ နာရီမရှိတော့ဘူး။ တိုင်ကပ်နာရီရော သူ့နာရီရောပျောက်နေပြီ။

အိမ်ခန်းထဲ ရှုံ့နေအောင်လိုက်ရှာတယ်။ ဘယ်မှာမှ ရှာလို့မတွေ့ဘူး။ အိမ်ထဲမှာတင် မပျောက်စဖူး အပျောက်ထူးနေတော့ ဝကြီး စဉ်းစားမရဖြစ်နေတယ်။ နောက်မှ ဝကြီး သတိရသွားပြီး . . .

"ဟုတ်ပြီ ဟိုကောင်ခိုးတာပဲ ဖြစ်မယ်"

စဉ်းစားမိကာ ခယ်မယောက်ျား သူခိုး ကျော်ကို ကိုခေါ်ပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ဟိုကောင် အိမ်ကကောင် လာစမ်း"

သူ့ခေါ်သံကြောင့် ဟိုကောင် အိပ်ချင်မူးတူးနဲ့ထလာတယ်။ သူ့လက်မောင်းကို ဝကြီးခယ်မ သရဲဗလက ကျစ်ကျစ်ပါအောင် ဖက်ပြီး နှစ်ယောက်တည်း ကျပ်ကျပ်ညပ်ညပ်နဲ့ သူခိုးကိုလမ်းလျှောက်သင်သလိုမျိုးနဲ့ ကပ်ပါလာတယ်။

"ဘာ. . ဘာလဲအစ်ကို"

ရုပ်က ဘာမှမသိသလို အူကြောင်ကြောင်နဲ့ . . .

"မင်း ဝါ့နာရီနဲ့ တိုင်ကပ်နာရီ ဘယ်မှာဝှက်ထားလဲပြောစမ်း"

ဝကြီးအမေးကို သူခိုးက မျက်လုံးကလေး ကလယ်ကလယ်လုပ်ပြီး . . .

"ကျွန်တော်မယူရပါဘူး ဘုရားပေးပေးကျိမ်းစူးစူးပါအစ်ကို"

သူခိုးစကားလည်းကြားရော ဝကြီးတင်းသွား၏။ သရဲဗလကြည့်တော့ မျက်စိမျက်နှာပျက်လျက်။

"မင်းမယူရင် ဘယ်သူယူမှာလဲကွ ဟေ. . ဘယ်မှာထားလဲဆိုတာသာပြောပါ"

ဝကြီး ခပ်ဆတ်ဆတ်ပြောတယ်။ ဒါကို ငတိက မျက်နှာသေကလေးနဲ့ . . .

"ကျွန်တော် . . ကျွန်တော် တကယ်မယူတာပါ အစ်ကိုရာ မိုးကြိုးပစ်"

ဆိုပြီး ပြန်ပြောတယ်။ ဒါကို ဝကြီးက . . .

"မင်း မယူဘူးဆိုတာ ဟုတ်တယ်နော်"

"တကယ်ပါ အစ်ကိုရယ်"

"အေး. . ဒါဆိုမင်းအခန်းထဲငါဝင်ရှာမယ်"





ဆိုပြီး သူတို့အခန်းထဲ စွတ်ဝင်သွားတော့ . . .

"ဟင်"

"ဟာ"

ဆိုတဲ့ အာမေဋိတ်သံ အတူ ဟိုလင်မယားက တားဖို့လုပ်သေးတယ်။ ဒါပေမယ့် တားပေမယ့်မတားရဲကြဘူး။ ဝကြီးစိတ်ကို သူတို့သိတာကိုး။ ဝကြီးအခန်းထဲလှည့်ပတ်ရှာတယ်။ နာရီကို ဘယ်မှာမှမတွေ့ဘူး။ နောက်မှ သူတို့အိပ်ရာကိုလှန်ကြည့်လိုက်မှ . . .

"ဒီမှာ"

တွေ့ပြီ . . နာရီနှစ်လုံးလုံးကို အိပ်ရာအောက်ထဲ ထည့်ဝှက်ထားတာ။

နာရီတွေလည်းပြန်တွေ့ရော ဝကြီးဒေါသထွက်သွားပြီး. . .

"ဒီမှာနာရီတွေ၊ ဒီနာရီတွေ မင်းမခိုးထားရင် ဘယ်သူကခိုးမှာလဲကွ . . . ဟေ"

ဆိုတော့ သူခိုးက မျက်လုံးလေးကလယ်ကလယ်လုပ် ရုပ်က ပြုံးဖြီးဖြီးနဲ့ . . .

"အစ်ကို ကျွန်တော်တို့ အတွဲကိုလာချောင်းရင်း ကျန်ခဲ့တာလားမှမသိတာ . . . ဟီးဟီး. . "

ဆိုပြီး ပြောသေးတယ်။ ဒါကို ဝကြီးခယ်မ သရဲဗလကပါ. .

"ဟုတ်ပါ့ ဒီနာရီတွေက မရိုးသားဘူး။ ကိုကြီးကလေးလေးက ရိုးသားပါတယ်" တဲ့။

"တောက်"

တောက်ခေါက်ရုံကလွဲပြီး ဝကြီး ဘာမှမတတ်နိုင်တော့ဘူး။ လုပ်လိုက်ရင်လည်း ခြေလွန်လက်လွန်တွေ ဖြစ်ကုန်တော့မှာ။

ဒီလိုနဲ့ပဲ. . .



www.burmeseclassic.com

www.burmeseclassic.com





အဲဒီနေ့ကစပြီး ဝကြီးရဲ့မျက်ကွင်းတွေ ချောင်ချောင်ကျလာတယ်။ လူလည်းပိန်ပြီး ကြောင်စီစီဖြစ်နေပြီ။

မေးကြည့်တော့ . . .

"ကျွန်တော်တို့ ညတိုင်း သူခိုးထုထဖမ်း နေရတာ၊ သူခိုးကလည်းဗျာ သူခိုးပီသပါပေ့။ နေ့ဘက်ဆို တစ်နေကုန် ပါးဖြန့်သားဖြဲအိပ်ပြီး ညဘက်ဆို အိမ်ထဲမှာတင် တစ်ညလုံးလှည့်ပတ် ခိုးနေတာ၊ သူ့ကိုဖမ်းရတာနဲ့တင် မျက်ကွင်းကို ချောင်ကရောပဲ" တဲ့။

ဒါနဲ့ သူငယ်ချင်းတွေက . . .



"အဲဒါဆိုလည်း ထမဖမ်းနဲ့တော့လေကွာ။ မနက်ကျမှ ပစ္စည်းပြန်စစ်ပြီး ပျောက်တဲ့ပစ္စည်း ပြန်တောင်းပေါ့ကွ"

"အေး . . ဟုတ်သားပဲ အဲဒီအကြံကို ငါမေ့နေတာ။ အဲဒီ စနစ်ကျင့်သုံးတာကောင်းတယ်"

"ကျင့်သုံးရုံမကဘူး လက်ကိုင်ထားရမယ်။ နောက်ပြီးကိုယ့် အိမ်မှာ ကိုယ်ပိုင်သူခိုးရှိတော့ ပြင်ပသူခိုးရန်လည်း အေးတာပေါ့ ဟုတ်ဘူးလား"

"အင် . . ."

သူတို့ပြောတော့လည်း ဟုတ်သလို။ ကိုယ်ပိုင်သူခိုးရှိတော့ ပြင်ပသူခိုးရန် ကင်းတာပေါ့တဲ့။ ဒီအတိုင်းဆို အိမ်တစ်အိမ်သူခိုးတစ် ယောက်နှုန်း ကိုယ်ပိုင်မွေးထားရမလို။ ဘာပဲဖြစ်ဖြစ် ဝကြီး အဲဒီအကြံ ကိုလက်ခံသွားတယ်။

ဒီလိုနဲ့ဝကြီးအဲဒီညမှာ နှစ်နှစ်ခြိုက်ခြိုက် ကောင်းကောင်း အိပ်လိုက်တယ်။ ဒါပေမယ့် ညတစ်ဝက်လောက်လည်းကျရော . . .

"ကိုဝကြီး . . ကိုဝကြီး"

အအိပ်ဆတ်သူမို့ သူဖျတ်ခနဲနိုးလာရ၏။

ကြည့်လိုက်တော့ . . .

သူခိုးကျော်ကို။

ကုပ်ချောင်းချောင်းနဲ့ သူခိုးကိုသူ့ခုတင်ခြေရင်းမှာ ဒူးကြီး တုန်လျက်တွေ့တော့ အံ့အားသင့်သွားတယ်။

"ဘာ . . ဘာလဲကွ ဟင်"

သူ့ရဲ့ ကယောင်ကတမ်းအမေး။

"နိုးပြီလား . . . နိုးရင်လည်းထလေဗျာ . . ထစမ်းပါ . . . နိုးနိုးကြားကြားလုပ်စမ်းပါဗျ . . ."



www.burmeseclassic.com

www.burmeseclassic.com



"ဟင်, ဘာ. . ဘာလုပ်ဖို့ထရမှာလဲ"

"ကျုပ်ကို လိုက်ဖမ်းဖို့လေ။ လုပ်စမ်းပါ ထစမ်းပါ"

"ဟင်, မင်းကိုလိုက်ဖမ်းရမယ်"

သူခိုးစကားကြောင့် ဝကြီးမျက်လုံးပြူးတက်သွားတယ်။

ဒါကို သူခိုးက . . .

"အေးလေဗျာ ဖမ်းမယ့်လူမရှိတော့ ကျုပ်ခိုးရတာ ဘယ်ဖီးလ်ရှိမှာလဲဗျ။ တစ်ယောက်ယောက်ဖမ်းတဲ့လူရှိမှ ကျုပ်ခိုးရတာ ဖီးလ်ရှိမှာပေါ့၊ တကတည်းဗျာ မသိတတ်လိုက်တာ"

"ဩော်, ဖမ်းတဲ့လူရှိမှ ခိုးတဲ့လူက ဖီးလ်ရှိတာ"

"အေးလေဗျာ ဒါမှ သူခိုးနဲ့အိမ်ရှင်ဉာဏ်ကစားလို့ ကောင်းတာပေါ့။ အခုတော့ ကျုပ်တစ်ယောက်တည်း ခိုးနေရတာဆိုတော့ ကိုယ့်အိမ်ကပစ္စည်း ကိုယ်ပြန်ရှာသလိုကြီး ဖြစ်နေတယ်။ လုပ်စမ်းပါဗျ ထစမ်းပါ။ နည်းနည်းပါးပါး အလိုက်သိစမ်းပါ"

"အင်. . ."

သူ့စကားကြားတော့ ဝကြီး ကြောင်သွားသေး၏။ သူခိုး ခိုးတာကို လိုက်မဖမ်းလို့ အလိုက်မသိဘူးအပြောခံနေရပြီ။ ဒါနဲ့ အူကြောင်ကြောင်နဲ့ထပြီး . . .

"ဩော်, အေး အေး. . ငါက အိမ်ရှင်ဆိုတော့ အလိုက်သိပေးရမှာပေါ့ . . . ကဲ, သွားခိုးချေကွာ ငါလိုက်ဖမ်းပေးမယ်"

ဆိုပြီး သူခိုးကို ခိုးခွင့်ပေးလိုက်၏။ ဒါကိုတောင် သူခိုးက သူ့ကို လက်ညှိုးထိုးပြီး . . .

"ခင်ဗျား တကယ်ပြောတာနော်"

"တကယ်ပြောတာပါကွာ"

"မညာရဘူးနော်"



"မညာပါဘူးကွာ"

"ကဲ, ဒါဆို ခိုးပြီ"

ဆိုပြီး အပြေးထွက်သွားတယ်။ ဝကြီးခမျာလည်း သူခိုးပျင်းမှာ စိုးလို့ သူခိုးထဖမ်းပေးရတာအမော။

အေးလေဗျာဒါမှ
သူခိုးနဲ့အိမ်ရှင် ဉာဏ်ကစားလို့
ကောင်းတာပေါ့။ အခုတော့
ကျုပ်တစ်ယောက်တည်း
ခိုးနေရတာဆိုတော့
ကိုယ့်အိမ်ကပစ္စည်း
ကိုယ်ပြန်ရှာသလိုကြီး



www.burmeseclassic.com

www.burmeseclassic.com





"မင်းကွာ သူခိုးပျင်းမှာစိုးလို့ ထဖမ်းပေး နေရတယ်လို့ မင်းဟာမဟုတ်သေးပါဘူး"

မျိုးမြင့်ထွန်းရဲ့ ပြစ်တင်စကား။ ဝကြီးက ခေါင်းကုတ်ပြီး . . .

"ငါလည်း အိပ်ချင်မူးတူးနဲ့ဆိုတော့ ကြောင် သွားတာပေါ့ကွ၊ ဩော်၊ သူလည်းပျင်းရှာမှာပဲဆိုပြီး ကရုဏာသက်သွားတာလည်းပါတာပေါ့"

"အေး. . မင်းအဲဒီအတိုင်းဆက်လုပ်။ သူခိုး က ပိုပြီးရောင့်တက်လာလိမ့်မယ်"

ဝကြီး ချောင်ကျနေသော သူ့နှားထင်ကို သုံ့ပြန်ထောက်သည်။





"အဲဒါဆို ငါဘာလုပ်သင့်သလဲဟင်"

ဝကြီးရဲ့အမေး။ ဒါကို မျိုးမြင့်ထွန်းက ခေါင်းကိုတဆတ်ဆတ် ညိတ်ပြီး . . .

"ပွဲစားဝကြီး ဝကြီးပွဲစား လူတိုင်းကို ဖျံကျခဲ့တဲ့ကောင်က ဒီသူခိုးနဲ့မှ ခံနေရတယ်ပေါ့ ဟုတ်လား"

မျိုးမြင့်ထွန်း၏ စကားကြောင့် ဝကြီးရှုံးတိုးရှုန့်တန့်ဖြစ်သွား၏။ နောက်မှ သက်ပြင်းချပြီး . . .

"အေးကွာ ပြောချင်သလိုသာပြောကြတော့။ ငါကတော့ ဒီကိစ္စကို ဘယ်လိုဖြေရှင်းရမယ်ဆိုတာပဲ သိချင်တော့တာ . . . ဒီသူခိုးက အတော်ယုတ်မာတဲ့သူခိုးကွ . . . ဘယ်တော့မှပေါင်းသင့် တဲ့ကောင်မျိုးမဟုတ်ဘူး. . . ဘယ်လိုလူမျိုးကမှလည်း . . . ဘယ်လို အခြေအနေမျိုးမှ မပေါင်းသင့်တဲ့လူမျိုးကွ . . ပြောရရင် သူ့ကိုယ် သူတောင်ပြန်မပေါင်းသင့်ဘူးကွ . . . မင်္ဂလာတရားတော်မှာ တောင် မိမိကိုယ်ကိုရှောင်သွေလွှဲလို့ မမှီဝဲနဲ့ကင်းအောင်နေလို့ တစ်ပုဒ်ထပ် တိုးထည့်ရမယ့် လူစားမျိုးကွ . . . "

"ဒီလောက်ကြီးလည်း စိတ်မညစ်ပါနဲ့ကွာ . . . ဒီကိစ္စကို မင်းဒီလိုလုပ်"

"ဘယ်လိုလဲ"

ဝကြီးက မျိုးမြင့်ထွန်းနား ကပ်ပြီးမေးသည်။ဒါကို မျိုးမြင့် ထွန်းတာ . . .

"မင်း ဘာမှမလုပ်နဲ့တော့"

"အင်"

မျိုးမြင့်ထွန်းစကားကြောင့် ဝကြီးကြောင်သွားသည်။

နောက်မှ . . .



www.burmeseclassic.com

www.burmeseclassic.com



"မင်းဟာကလည်းကွာ ဒီလိုလုပ် ဘာမှမလုပ်နဲ့ ဒါနဲ့ပဲပတ်ရှုပ်နေတာ"

ဝကြီးရဲ့ မကျေမနပ်ရေရွတ်သံ။ ဒါကို မျိုးမြင့်ထွန်းက . .

"ငါဆိုလိုတာက မင်းသူ့ကို ထထဖမ်းနေတဲ့အလုပ်ကို မလုပ်နဲ့တော့၊ သူလာခိုးပြီး ဖမ်းခိုင်းရင်လည်း ထမဖမ်းနဲ့တော့"

"ငါမဖမ်းရင်လည်း သူအကုန်ခိုးမှာပေါ့ကွ"

"ခိုးလည်း မင်းပြန်တောင်းလို့ရနေတာပဲ"

"အဲ့, ဒါလည်းဟုတ်သား"

ဝကြီး ခေါင်းညိတ်၏။ မျိုးမြင့်ထွန်းက ဆက်၍ . . .

"နောက်ပြီး မင်းထမဖမ်းရင် သူလည်း ခိုးရတာပျင်းပြီး ဆက်ခိုးတော့မှာမဟုတ်ဘူး"

"အေး . . အဲဒါလည်းဟုတ်သား"

"အဲဒီလို ခိုးချင်စိတ်ပျောက်သွားရင် ဒီကောင်လည်း လူကောင်းပြန်ဖြစ်သွားမှာ။ အဲဒီတော့ကျမှ သူ့ကိုအလုပ်တစ်ခုခု လုပ်ခိုင်းပြီး ခယ်မရယ်၊ ယောက္ခမရယ်၊ သူရယ်ကို အိမ်ခွဲခိုင်းလိုက်ရုံပေါ့ ဟုတ်ဘူးလား"

မျိုးမြင့်ထွန်းစကားကို ဝကြီး အားရသွားပြီး . . .

"ဟုတ်တယ် မင်းအကြံကောင်းတယ်။ ဒီကောင့်ကို သူခိုးညဉ်ပျောက်အောင် အရင်လုပ်ရမယ်။ ပြီးရင် အလုပ်တစ်ခုခုရှာပေးပြီး ယောက္ခမရော ခယ်မပါထည့်ပေးပြီး အိမ်ခွဲခိုင်းရမယ်။ ဒီတော့မှ ဝကြီး ဘဝအေးချမ်းမှာ"

ဝကြီး၏ ထိုအတွေးနှင့်ပင်ပျော်သွား၏။

နောက် သူ့ခြေလှမ်းများက အိမ်သို့ အားပါစွာ။







ညကား ချိပ်ချိပ်ထနေပြီ။

လမိုက်ညမို့ဝန်းကျင်တစ်ခွင်လုံး ငါးခူငါးပိကောင်ကြီး ဆီဆမ်းထားသလို နက်ပြောင်လို့။

ဝကြီးတစ်ယောက် နှစ်ခြိုက်စွာ အိပ်မောကျနေပြီ။ သူ့ခမျာလည်း တစ်နေကုန်ပင်ပန်းခဲ့သမျှ ညကျမှသာ နှစ်ခြိုက်စွာအနားယူရတာမဟုတ်ပါလား။

ခါတိုင်းည သူခိုးလိုက်ဖမ်းရလို့ အိပ်ရေးပျက်ခဲ့တာများပြီ။ ဒီညမှာ အတိုးချအနားယူနေရလို့လားမသိ ဟောက်များတောင်ဟောက်လို့။ ထိုအချိန်မှာပင် . . .



www.burmeseclassic.com

www.burmeseclassic.com



"ကိုဝကြီး . . . ကိုဝကြီး"

ခြေထောက်ကိုင်ပြီး လှုပ်နှိုးသံကြောင့် ဝကြီးဆတ်ခနဲနိုးလာတယ်။

"ဟင်, ဘာလဲ ဘာလဲ"

ခုတင်ခြေရင်း ကြည့်လိုက်တော့ . . .

သူခိုး အိမ်တွင်းသူခိုး။

ချွေးသံတွေရွှဲပြီး တစ်ခုခုအရေးကြီးနေသလို ဟန်မျိုးနဲ့ ပျာတောက်နေတယ်။ သူခိုးကိုမြင်တော့ ဝကြီးစိတ်ညစ်သွား၏။ ပြီးတော့ စိတ်ပျက်လက်ပျက်နဲ့ . . .

"ဘာလဲကွာ ဘာလဲ . . . မင်းဖာသာမင်း အိမ်ထဲမှာကြိုက်သလိုလုပ် . . . ငါလည်းမင်းကို ညတိုင်းစောင့်မဖမ်းနိုင်ဘူး . . . အိပ်ရေးပျက်တယ် . . . ငါအိပ်တော့မယ် လာမနှောင့်ယှက်နဲ့"

ဆိုပြီး ပြန်အိပ်ရန်အပြင် . . .

"ဟ, နေပါဦး . . . ထပါဦး . . . အခုကိစ္စက ကျုပ်ကိုလိုက်ဖမ်းခိုင်းဖို့ မဟုတ်ဘူး . . . အရမ်းအရေးကြီးတဲ့ကိစ္စ ခင်ဗျားပါမှဖြစ်မယ်"

ခယ်မယောက်ျားစကားကြောင့် ဝကြီးကြောင်သွားတယ်။

"ဟင်, အရေးကြီးကိစ္စ ဘာအရေးကြီးကိစ္စလဲ"

"ပြောပြလို့မဖြစ်ဘူးဗျ။ ခင်ဗျားလိုက်ခဲ့မှရမှာ။ လာပါ ခပ်သွက်သွက်လေးထပါ"

ဆိုပြီး အတင်းဆွဲထူနေတော့ ဝကြီးခမျာ ဘုမသိဘမသိနဲ့ ထလိုက်သွားမိတယ်။ မတော် ဒီကောင်အပြင်မှာ ပြဿနာတက်ခဲ့မှဖြင့် ပြဿနာအိမ်ပေါ်ရောက်ပြီး ဗလသုံးတန်နဲ့တွေ့လို့ သေးတဲ့အမှုကြီးစေ၊ ကြီးတဲ့အမှုထောင်ကျစေဖြစ်နေဦးမယ်။





ကျော်ကိုသွားနေတဲ့လမ်းကို ဝကြီးလည်း မသိဘူး။ လမ်းကြိုလမ်းကြား အိမ်ကြိုအိမ်ကြားက နေသွားနေတာ။ ညကလည်း မှောင်မှောင်နဲ့ဆိုတော့ ဘယ်ကိုရောက်နေမှန်းကို မသိနိုင်ဘူး။ ဒီကြားထဲ ဟိုကောင့်ခြေလှမ်းကလည်း မြန်သေး။

"ဟေ့ကောင် . . . ဘယ်"

ဝကြီးစကားမဆုံးလိုက် ငတိကနှုတ်ခမ်းပေါ် လက်တင်ရင်း . . .

"ရှူး . . ."

ဆိုလုပ်တယ်။ တိတ်တိတ်နေဆိုတဲ့ သဘော . . .။



www.burmeseclassic.com

www.burmeseclassic.com



ရပ်ကွက်ရဲ့ချောင်ကြိုချောင်ကြား တစ်နေရာရောက်တော့ ကျော်ကို ခြေလှမ်းရပ်သွားတယ်။

နောက်ကို ဟိုကြည့်ဒီကြည့်နဲ့လုပ်ပြီး လမ်းဘေးက ချုံတစ်ခု ထဲဝင်သွားတယ်။ ပြီးတော့ ပြန်ထွက်လာတော့ အထုပ်ကြီးတစ်ထုပ်ကို ဝကြီးရှေ့ပစ်ချပြီး . . .

"ရော့ အဲဒါထမ်းသွား"

"အမ်"

ကျော်ကို့စကားကြောင့် ဝကြီးကြောင်သွားတယ်။

"ဟင်, ငါက ဒါကြီးထမ်းရမယ် ဘယ်ကိုထမ်းရမှာလဲ"

သူ့အသံ နည်းနည်းကျယ်သွားတယ်။ ဒါကို ကျော်ကိုက သူ့နှုတ်ခမ်းပေါ် လက်တင်ပြီး . . .

"ရှူး တိုးတိုးလုပ်ပါဗျ။ သူများတွေ ကြားသွားဦးမယ်။ မြန်မြန်ထမ်းပါဗျ အိမ်ကိုထမ်းသွား . . . အရေးကြီးလို့ပါ . . . အလကား နေရင်း သူများစားသွားဦးမယ် . . . မြန်မြန် မြန်မြန်"

ဆိုတော့ ဝကြီးလည်း အူကြောင်ကြောင်နဲ့ . . .

"ဩော် . . . အေးပါကွာ . . . အေး အေး. ."

ဆိုပြီး အထုပ်ကိုထမ်းလိုက်တယ်။ အထုပ်က အတော်က လေးကို နင့်နေအောင်လေးပါတယ်။ ဒါကို ဝကြီးလည်း အားနာစိတ်နဲ့ အံကြိတ်ထမ်းရသပေါ့။

မယားညီအစ်ကိုနှစ်ယောက် အထုပ်တစ်ယောက်တစ်ထုပ် နှင့်။

ပြန်တော့ ခုနလမ်းကမဟုတ်တော့ဘူး။ ခုနကထက် ပိုပြီး ချောင်ကျတဲ့ အိမ်သာကြိုအိမ်သာကြားကနေ ပြန်လာတာ။

အိမ်ရောက်တော့ ဝကြီး အထုပ်ကိုပစ်ချပြီး . . .



"အားကျွတ်ကျွတ်. . ခါးကို ကွကရောပဲ. . လေးလိုက်တာ ပြောမနေနဲ့တော့"

ဆိုပြီး ခါးကိုနောက်ပြန်ကိုင်ထားရတယ်။ သူ့အရင်ရောက် နှင့်နေတဲ့ကျော်ကိုက အထုပ်တွေကိုဝမ်းသာအားရပါပဲ နေရာပြောင်း နေတယ်။ ဒါကိုဝကြီးက မျက်မှောင်ကြုတ်ပြီး . . .

"အထုပ်တွေကတော့ နင့်နေတာပဲ၊ ဒါနဲ့ အဲဒါတွေက ဘာ အထုပ်တွေလဲ"

"ဘယ်သိမလဲဗျ"

"အမ်"

ဟိုကောင့် အဖြေစကားကြောင့် ဝကြီးကြက်သေသေသွား တယ်။ ဟိုကောင်ကတော့ ခပ်တည်တည်နဲ့ အထုပ်ကလေးမ,ပြီး အခန်းထဲဝင်သွားပြီ။

အဲဒီတော့မှ ဝကြီး အလန့်တကြားနဲ့ သူ့နဖူးသူရိုက်ပြီး. . ဒီကောင် . . ဒီကောင်ခိုးလာတာဖြစ်မယ်။

"ဟင် . . . ဒါဆိုငါ . . . ငါ . . . သူခိုးတပည့် . . . သူခိုး စပယ်ယာဖြစ် . . . ဖြစ် . . ."


ဝကြီး ကြောက်လန့်ပြီး ဘိုင်းခနဲပစ်ကျသွားတယ်။



www.burmeseclassic.com

www.burmeseclassic.com





"ကျွန်တော့်မှာ မမလို မမတစ်ယောက်ရှိ
တယ်. . ."

"ကျွန်တော့်မှာ မမလို မမရှိခဲ့တယ်. ."

"ကျွန်တော့်မှာ မမလို မမတစ်ယောက်ရှိ
တယ်. . ."

"ကျွန်တော့်မှာ မမလို မမရှိဖူးတယ်. ."

"မမလိုပဲ ဆံပင်မပေါက်ဘူး"

"မမလိုပဲ ဂရင်ဂျီနာနဲ့"

"မမလိုပဲ ရေဆိုအလွန်ကြောက် . ."

"မမလိုပဲ ဂေါက်ကဖောက်သေးတယ်"

"မမနဲ့အတူတူ အမျိုးထဲအနူပါသေး
တယ် . . ."



ဟိုကောင်သူခိုးရဲ့ ပျော်ရွှင်စွာသီဆိုနေတဲ့ သီချင်းသံ။

ဝကြီး လှမ်းကြည့်လိုက်တော့ သူခိုးကမှောက်လျက်။ သူ့ခယ်မ သရဲဗလကြီးက သူ့လင်တော်မောင်ရဲ့ဝဲတွေကို ဖန်ရည်ဆေး ပေးနေတာ။

ဝဲကလည်းဗျာ အဲလောက်ဆိုးတဲ့ဝဲ တစ်ခါမှမတွေ့ဖူးဘူး။ ခြေသည်း၊ လက်သည်းကြားပါမကျန် ကျော၊ ရင်ဘတ်ဆို တစ်ခုလုံး အပြည့် အပ်ချစရာမရှိအောင်ပေါက်နေတာ။ ဒါကို ဝကြီးခယ်မ သရဲဗလက ဖန်ရည်ကို ပယ်ပယ်နယ်နယ်ဆေးပြီး ပတ်တီးတွေစည်း ပေးနေတာ။ တော်တော် လိုက်လည်းလိုက်ဖက်တဲ့ လင်မယားပဲ လင် တရူး စုန်းပူး သူခိုးဝဲထူ။

ဝဲကလည်း တစ်ကိုယ်လုံးအပြည့်ဆိုတော့ ပတ်တီးတွေက လည်း တစ်ကိုယ်လုံးအပြည့်ကို စည်းရတာကလား။

အားလုံးလည်းစည်းပြီးရော ဒီကောင့်ပုံက နူလို့တောင်းစား တဲ့ သူတောင်းစားရောဂါကြီးလို့ ဆေးပင်စင်နဲ့ အလုပ်ပြုတ်လာ သလိုကိုဖြစ်နေတာ။

ငတိ ရုတ်တရက်ထထိုင်လိုက်ပြီး အပေါက်ဝမှာရပ်နေတဲ့ ဝကြီးကိုလည်းမြင်ရော . . .

"ခက်တယ်မမရဲ့ မောင်ကတော့ အလုပ်ကိုပိပိရိရိဖြစ် အောင် ကြိုတင်ကြံစည်ပြီး ကြိုးစားပမ်းစားလုပ်ရတာ၊ ဒါကိုတောင် အိမ်ကလူတွေက မကူညီချင်ကြဘူး။ ဘာမှ ပင်ပင်ပန်းပန်းလုပ်ရတာ လည်း မဟုတ်ပါဘူးမမရယ်။ အထုပ်ကလေး ဝိုင်းမရုံတင်လေးကို သူတို့ က ဆောင့်ကြီးအောင့်ကြီး လုပ်ချင်သေးတာ ဒါကြောင့်လည်း . . . နောက်လိုက်တပည့်ပဲဖြစ်နေရတာပေါ့။ ဒီလိုအကြံတုံး ဉာဏ်တုံး မျိုးကတော့လုပ်ငန်းတစ်ခုကို ဦးစီးဦးဆောင်လုပ်နိုင်ဖို့တော့ မီတာစ်

တော်ဝင်မြို့မစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



သက် လမ်းမမြင်ဘူး မမရယ် . . ."

တေီရဲ့စကားသံ။ ဒါကို သူမိန်းမသရဲဗလကပါ . . .

"ဟုတ်လား ကိုကြီးကလေးလေးက အလုပ်ကို ကြိုးကြိုးစားစားနဲ့ လုပ်နေတဲ့ဟာကို သူတို့က မသနားတဲ့အပြင် ကဖျက်ယဖျက်လုပ်ချင်တယ်ပေါ့လေ . . . ဒီလိုလား . . ."

အောင်မာ. . အတိုင်အဖောက်တွေညီနေကြတာ။ သူခိုးက သူများအိမ်တက်ခိုးတာကို အလုပ်ကြိုးစားပမ်းစားလုပ်တာတဲ့။

အဲဒါနဲ့လေ . . .

"တောက်. ."

ဝကြီးရဲ့ တောက်ခေါက်သံကြောင့် နှစ်ယောက်လုံးစကားမဆက်ဘဲ ငြိမ်ကျသွားတယ်။ ဝကြီးဒေါသ သူတို့သိတယ်လေ။

ဟုတ်လား ကိုကြီးကလေးလေးက
အလုပ်ကို ကြိုးကြိုး စားစားနဲ့
လုပ်နေတဲ့ဟာကို သူတို့ကမသနားတဲ့အပြင်
ကဖျက်ယဖျက်လုပ်ချင်တယ်ပေါ့လေ...
ဒီလိုလား...







ဝုန်းခနဲ နံရံနှင့်သောက်ရေအိုးထိခတ်ပေါက်ကွဲသံ. . .

"ကဲ . . လုပ်ကြစမ်း . . လာကြပါဦး ဘယ်ကောင်လဲကွ . . ဟင်း . . အကြံကောင်း ဉာဏ်ကောင်းနဲ့ အလုပ်ကြိုးစားတဲ့လူ . . . သူခိုး . . . သူခိုးလိုမနေဘူး . . . မဏ္ဍပ်တိုင်တက်ချင်နေကြတာလာလေကွာ . . . ဘယ်ကောင်တွေလဲ. . . ဝကြီးတဲ့ကွ . . လာကြစမ်း . . . လာရှင်းကြစမ်း"

ဟိုနှစ်ကောင်က ငြိမ်ကုတ်ကြသွားတယ်။ အဲဒီအချိန်မှာ မထင်မှတ်တဲ့သူ့ဇာက သူ့သမီး မယ်အောင်ဗလကို ခါးထစ်ခွင်ချီရင်း မီးဖိုခန်း ဘက်မှပြေးထွက်လာရင်း . . .



www.burmeseclassic.com

www.burmeseclassic.com



"ကိုဝကြီး . . . ဟင် . . . ဘယ်လိုဖြစ်ပြီး အော်ကျယ်ဟစ်ကျယ်နဲ့ . . . တစ်ဖက်သားကိုတစ်ဖက်သတ် နိုင်ထက်စီးနင်း အော်ဟစ်ကြိမ်းမောင်း ခြိမ်းခြောက်ပြောဆိုပြီး ရက်စက်မှုအပေါင်း သရုပ္ဖူနှစ်ထပ်ဆောင်းနေရတာလဲ"

"အင် . . ."

ဝကြီးတစ်ချက်ကြောင်သွား၏။ ပြီးမှ. . .

"မင်းမသိအသာနေစမ်း . . . သူ့ဇာ မင်းညီမနဲ့ သူ့လင်သူခိုးက . . . ငါ့ အိမ်ပေါ်လည်း ကပ်ရပ်နေသေး . . ငါ့လည်း စောင်းပြောနေသေးလို့ . . . ဆုံးမနေတာကွ . . ."

ထိုအချိန်တွင် မီးဖိုချောင်တံခါးဝမှ ဘယ်အချိန်ကဘယ့်လို ယောင်တောင်ပေါင်တောင်နှင့် ရောက်နေမှန်းမသိသော သူ့ဇာ့ အမေဘီလူးဗလက ဝကြီးကိုလက်ညှိုးငေါက်ငေါက်ထိုးရင်း . . .

"အေး . . . အဲဒါဆို မင်းလွန်တယ်"

"ဟင် . . . ခင်ဗျားကြီးကဘာသိလို့ . . . ကျုပ်ကိုလွန်ခိုင်းနေရတာလဲ ဟင် . . . ဘာဖြစ်တယ် ဘယ်က စဖြစ်တယ်ဆိုတာ ခင်ဗျားကြီးသိလို့လား"






အဘွားကြီး နဂိုဂယောင်မျက်နှာမှာ ပို၍ယောင်တောင်ပေါင်တောင် အရိပ်အရောင်များဖုံးလွှမ်းသွားပြီး . . .

"မသိဘူးလေ . . . နင်ကအော်နေတာကိုး . . ."

"ကိုယ့်အိမ်ပေါ်တက်ပြီးစော်ကားနေတာကို. . . ကျုပ်က ကန်တော့ပွဲပေးပြီးတောင်းပန်ရမှာလား . . . ဟင် . . . ကိုယ့်ထမင်းလည်းစားသေး . . . ကိုယ့်ကိုလည်း စော်ကားမော်ကားလုပ်နေသေး တော်တော်ကျေးဇူးကန်းနေတဲ့ ဟာတွေ . . . ဟင် . . ."

သူခိုးကျော်ကိုက သူ့နဂို အပြင်ဘက်စိုက်ကျပြီး အတွင်းဘက်မြင့်နေတဲ့ မျက်ခုံးမျက်လုံးကို အပြစ်ကင်း၍ သနားစရာကောင်းအောင် မျက်ခုံးဆုံရာ အလယ်တည့်တည့်မှာ တိတ်နဲ့ကပ်၍ အထက်ဆွဲ ကပ်ထားတဲ့မျက်နှာသေလေးနှင့် . . .

"သား . . . ကလေ . . . သားက . . . သားမမနဲ့ လင်ကိုယ်မယားကိုယ် နှစ်ကိုယ်ခြား ရှေ့ရေးတိုင်ပင်နေကြတဲ့ဟာကို . . . သူ . . . သူ . . ."

အံမာ ဝကြီးဘက်ကို ပေကလပ် ပေကလပ်ကလေးနှင့်ကြည့်ပြီး လက်ညှိုးကောက်ကောက်လေးထိုးလို့။

"မသမာတဲ့အကြံအစည်နဲ့ . . . ချောင်းနားထောင်ပြီး . . ကြားသုံးကြားထဲက ခလယ်ကြားဖြစ်တဲ့ လင်မယားကြားထဲ . . . အတင်းခုန်ဝင်ပြီး . . . ဟင့် . . . သားတို့နှစ်ယောက်ကို . . . ဆူပူ အော်ငေါက် . . . ရမ်းကား . . ဖိနှိပ် . . . ရက်စက်ကြမ်းကြုတ်ဆိုးသွမ်းပြီး . . . လူမဆန်စွာပြုမူတယ် မေမေ . . . ဟင့် . . ."

"ကဲ . . . ငါမပြောလား . . . နင်လွန်ပါတယ်လို့ . . . ခုတော့ရှင်းသွားပြီမဟုတ်လား . . ."

ဘီလူးဗလုမကြီးက သူ့သမီးသရဲဗလနဲ့ သူ့သမက်သူခိုးဘက်မှ တစ်ဖက်စောင်းနင်းလိုက်ရင်း မိန့်မိန့်ကြီးဆုံးဖြတ်၏။ [illegible] ဝကြီး



www.burmeseclassic.com

www.burmeseclassic.com



ကလည်းဝကြီးပဲ ဘယ်မှာလာခဲလိမ့်မလဲ . . .။

"ဘာ ဘာ . . . ကျုပ်က လွန်ရဦးမယ်ဟုတ်လား . . . ကျုပ်ဖာသာကျုပ်'ကောင်းရောင်းကောင်းဝယ်လေးနဲ့ တစ်သက်လုံး ပွဲစားဝကြီး ဝကြီးပွဲစားဆိုပြီးနေလာတာ . . . ဒီသူခိုးအိမ်ပေါ် ရောက်လာမှ အိမ်တွင်းသူခိုးနှိမ်နင်းရတာတစ်ဖက်၊ ခိုးရာပါပစ္စည်း ဘုမသိဘမသိနဲ့ဝင်ထမ်းပြီး သူခိုးစပါယ်ယာဖြစ်ရတာက တစ်ဖက်နဲ့ ဒီကြားထဲ . . . အရည်အသွေးမရှိလို့ . . ဒီတစ်သက်သူခိုးခေါင်း ဆောင်မဖြစ်နိုင်ဘူးဆိုပြီး စောင်းပြောနေတာ . . . ကျုပ်ကလက်ခံ ရမှာလား . . . ဟင် . . . ခင်ဗျားကြီးဦးနှောက်ရှိတယ်ဆိုရင် . . . ဟောဒီခေါင်းကြီးနဲ့နည်းနည်းတွေးပြီး . . . ဟောဒီရင်ဘတ်နဲ့ ခံစားပြီးပြောစမ်းပါ . . . ပြောလိုက်စမ်းပါ"

အဲဒီမှာ ကလေးခါးထစ်ခွင်ထားတဲ့ အာနီးဗလသူဇာမက

"ဟင် . . . ရှင်ရှင် . . . ကျွန်မအမေကို စော်ကားလှချည် လား . . . ရှင်ပြောလိုက်တဲ့ပုံက . . ကျွန်မအမေ ခေါင်းထဲမှာ ဦးနှောက်တစ်စက်မှမရှိပဲ ချေးချည်းပဲရှိနေသလို . . ."

"ဟုတ်တယ်သမီး . . . ဒါလူကြီးကို လူကြီးမှန်းမသိပဲ . . . အင်္ဂလိမာလက ဗေဒါရီရဲ့အမေ . . . ဟိုဘာရသေ့ကြီးကိုဆိုလား အဲဒီရသေ့ကြီးကို လက်ညှိုးဖြတ်သလို . . . မျက်တောင်တစ်ဆုံးပဲ ကြည့်ပြီး . . . တစ်ကိုယ်ကောင်းဖို့ နှစ်ယောက်အတုံးအရုံး ဆုံးရှုံးမဲ့ ပက်စက်တဲ့အကြံမျိုးနဲ့ . . . သူမို့ပြောရက်တယ် ဒီလိုလူမျိုးက . . . လွယ်ရင်သူကြွယ်တောင် မရှောင်ဘူးဆိုတဲ့ ဘနဖူးသိုက်တူးမယ့် ဗျတ်ဝိ၊ ဗျတ်တ ဇော်ဂျီဖိုဝင်သား ခိုးစားတဲ့အကြံမျိုး . . . ငါ့မှာ ဦးနှောက်ကမှ ကုလားချစ်တီးဆိုင်မှာ ဆိတ်ဦးနှောက်ဆိုပြီး ရောင်း ရင်တောင် ရှယ်ပွဲဆိုပြီးရောင်းရမယ့် ဦးနှောက်ကြီးမျိုးကိုရှိတာ . . .



ဟောဒီရင်ဘတ်ကြီးထဲမှာ သူများလိုသာမန်နှလုံးသားထက် မ . . . ဘေလုံးတစ်လုံးပါပေါက်နေလို့ . . . သုံးလုံးသားလို့ ခေါ်ရမယ့် . . . ထူးရှယ်သုံးလုံးသားပိုင်ရှင် . . . မယ်ကရုဏာရှင်လေး ပေါ်လီ ယာနာလို နှလုံးသားမျိုး . . . ဟင်း . . ."

ဘာတွေမှန်းမသိ ပေါ်တောတော ပြောင်တောင်တောင် တွေပါ ပါးစပ်ထဲရှိသမျှ ကောက်ပြောတော့တာ ဒါကို ဟိုသူခိုးမျိုးက

"ဟုတ်ပါတယ် . . . မေမေ . . . သားသိပါတယ် . . ."

"အောင်မယ် . . . သူခိုးနဲ့ ဂျလေဘီ တယ်လည်းကြည်နေ ကြပါလား"

ဝကြီးလည်းမွန်နေပြီမို့ လူကြီးသောဘာဝော မမှုနိုင်တော့ပြီ။

သရဲဗလကလည်းဝင်ပြီး . . .

"ဒီမှာ ငြိမ်းချမ်းစွာနေထိုင်နေတဲ့ မိသားစုတွေရဲ့ဘဝကို ခလောက်ဆန်အောင် သူမို့ကြံရက်လေတယ် . . . မာမားရယ် . . . သမီးတို့ကသူတို့လို တက်ကနို ဆိုတာကြီးမတက်ဖူးပေမယ့် . . . လူမှုရေးမှာတော့ သူတို့ပညာတတ်တွေထက် ပိုတတ်ပါတယ် . . ."

"တတ်မှာပေါ့ . . . အားတိုင်းယားတိုင်း အရပ်တကာဈေး တကာလှည့်ပြီး အတင်းတုတ်နေတာလေ . . . မတတ်ခံနိုင်မလား ဒါကြောင့်နင့်ကို ရပ်ကွက်ထဲမှာ လွန်းဌေးဌေး(ဈေးတက္ကသိုလ်) ဆိုပြီး ခေါ်ခေါ်နေကြတာပေါ့ .. ...င်း"

ဝကြီးရဲ့ကက်ကက်ဂ ...စကားကြောင့် သရဲဗလကြီး ပုဝင် သွား၏။ သူ့လင်တော်မောင်သူခိုးကျော်ကိုက မယားထိမေးကြည့် ဆိုတဲ့လေသံနှင့် . . . .

"ဒီမှာကိုဝကြီး . . . ကိုယ်နိုင်ရင်ပြီးရောဆိုပြီး . . . ငါ



www.burmeseclassic.com

www.burmeseclassic.com



စကားနွားရပြီးရောဆိုပြီးမပြောပါနဲ့ . . . မမက ကိုယ့်ကိုယ်ကိုယ် သင်ကြားရေးဆိုတဲ့ Self Training နည်းနဲ့ ပညာတတ်လာတာပါ . . . ဒါမျိုးကလည်း . . . ကျွန်တော်တို့လို အင်္ဂလိပ်စာလိုက်စားသူတွေမှသိတာပါ . . . ဒီတော့ကိုဝကြီးရဲ့စကားတွေကို ပြန်ရုပ်သိမ်းပါ"

"အောင်မာ . . . ရာရာစစ ပညာတတ်သူခိုးနဲ့ လာတွေ့နေရသေးတယ်ဟေ့ . . . ငါ့အိမ်မှာနေရင် . . . ငါဆုံးမတာကိုခံရမယ် ငါပြောတဲ့အတိုင်းနေကြ . . . ကလန်ကဆန်လုပ်မယ် . . . ငါ့စည်းကမ်းမလိုက်နာနိုင်ဘူးဆိုရင် . . . လူကြီးသော၊ လူလတ်သော၊ မိန်းမသော၊ သူခိုးသော၊ ကလေးသော . . . မခွဲဘူးနော် . . . အိမ်ပေါ်ကဆင်းသွားကြ ဒါပဲ . . ."

"ဟင် . . . ရှင်ရှင် . . . ရှင်က ကျွန်မနဲ့သမီးလေးကိုပါ . . . ပြဿနာထဲ ဆွဲထည့်တယ်ပေါ့လေ . . ."

"ဟေ့ . . . ငါဆွဲထည့်တာမဟုတ်ဘူး . . . မင်းဟာမင်းစားခုတ်ရာ လက်ဝင်လျှိုတာ . . . မပြောလိုက်ချင်ဘူး . . . ရပ်ကွက်ထဲမှာ ဘာပြဿနာတက်တက် ထစ်ခနဲဆိုဝင်ပါပြီ . . . ခွေးခွေးချင်းရန်ဖြစ်တာကအစ . . . လိုက်ကုန်းတိုက် ကုန်းချောလုပ်နေတဲ့ . . . မိန်းမ . . ."

"ဟင် . . . ရှင် . . . ပြောလေကဲလေပါလား . . . အောင်မလေးအရပ်ကတို့ရဲ့ . . . ဒီအမိုက်တုံးကြီးကို ဝိုင်းဝန်းပြီးမဆုံးမ ကြတော့ဘူးလား . . . ဟင် အပြစ်မဲ့တဲ့ ကျွန်မတို့မိသားစုကို ဒီလောက်တောင်နှိပ်စက်နေတာ . . . ဘယ်လို ငရဲကြွေးတွေကြောင့်ပါလိမ့်ဝါး . . ."

"ဝါး . . ."

ဒါက မယ်အောင်ဗလလေး . . . သူ့အမေငိုတော့ ဘုမသိဘမသိနဲ့လိုက်ငိုတာ . . .။

"ဝါး . . ."

ဒါကဟိုငပေါမ လွန်းငွေငွေ သူများစုစု စုစုလုပ်ရင် ဘာမဆိုလိုက်လုပ်တတ်တဲ့ ဝါသနာကြောင့်။

"ဝါး . . ."

ဒါကဟိုသူခိုး သူ့မိန်းမသရဲဗလကြီးရဲ့ကွဲပြဲအတတ် ပလစ်ပလပ် ငိုနေတာကိုကြည့်ပြီးလန့်ငိုတာ ။

"ဝါး . . ."

ဒီငိုသံကအကျယ်ဆုံးပဲ ဟိုအဘွားကြီး ဘီလူးဗလက ရပ်ကွက်နဲ့ဝကြီးကို ရန်တိုက်ပေးတဲ့အနေနဲ့ အမူမကြီး ကြီးအောင်အာခေါင်ခြစ်လို့အော်ငိုတာ။

"ဝါး . . ."

ဒါက ဝကြီး ခရိုင်းရင်းခြောက်ခတ်စတြောကိုကြားပြီး စိတ်ညစ်လွန်လွန်း မကညစ်ပြီးငိုတာ။အို တစ်အိမ်တည်းနဲ့တင် အာဖဂန်နစ်စတန်ကို ဗုံးကြဲတိုက်ခိုက်နေသလိုပဲ ငိုသံကမှစုံပလုံကိုစေ့လို့။

သူဇာကအငိုကို ရုတ်တရက်တိတ်လိုက်ပြီး မာနသံကြီးနှင့်ပြော၏။

"တော်ပြီ . . . ဒီလောက်ရက်စက်ပြီး ရိုင်းစိုင်းတဲ့ယောကျာ်းနဲ့ မပေါင်းနိုင်တော့ဘူး . . ဒီမယ် ကိုဝကြီး . . . ရှင်နဲ့ကျွန်မအခုကွာမယ် . . ."

သူဇာ့စကားကို သူ့အမေဘီလူးဗလက ထောက်ခံတယ်။

"ဟုတ်တယ် . . . အခုအိမ်ပေါ်ကဆင်း . . ."

"ဆင်းမယ် . . . ဆင်းမယ် . . . အခုကိုဆင်း . . . အင်း" ပြောပြီးမှ ဝကြီးကြောင်သွား၏။







www.burmeseclassic.com

www.burmeseclassic.com




“ဘာကိစ္စနဲ့ဆင်းရမှာလဲ . . . ဒါကျုပ်အိမ် . . . ဆင်းခြင်းဆင်း နင်တို့ဆင်း . . .”

သရဲဗလက အငိုမျက်လုံးဖြင့် . . .

“အောင်မာ . . ဘာလို့ဆင်းရမှာလဲ . . နင်နဲ့ငါအစ်မ လင်မယားဖြစ်ပြီးမှ အိမ်ကိုဝယ်ကြတာ . . . ဒီတော့လက်ထက်ပွားကို ဇနီးနဲ့သားသမီးလည်းဆိုင်တယ် . . . ဒီတော့နင်ဆင်း . . .”

သူခိုးကျော်ကိုကလည်း သူ့မိန်းမသရဲဗလ လက်မောင်းမည်းမည်း တုတ်တုတ်ကြီးကိုကွယ်ရင်းမရဲတရဲ ကြားဝင်ထောက်ခံ၏။




“ဟုတ်တယ် . . . ကိုဝကြီး . . . ကိုယ်မပေါင်းနိုင်ရင် ကိုယ်ဆင်း . . . ပြီးမှ တရားရုံးက စကားပြောမယ်”

“အောင်မှာ သူခိုးကကြီးကြီးကျယ်ကျယ် . . . မင်းမျက်ခွက်ကိုတရားရုံးမပြောနဲ့ . . . လူမြင်ကွင်းမှာတောင် ရဲရဲထုတ်ပြရဲလို့လား”

အဘွားကြီးဘီလူးဗလကြီးက ရှူးကြောင်မှူးကြောင်နဲ့ တစ်စခန်းထပြန်လေပြီ။

“ဟဲ့ . . . နင်တို့ဟာနင်တို့ရန်ဖြစ်ချင်ဖြစ် ငါ့သားအငယ်



လေးကိုဆွဲမထည့်ကြနဲ့ . . . သူ့ခမျာသူ့ဝဲကြီးနဲ့နွှန်တင် အားလပ်တာမဟုတ်ဘူး . . ဒါနဲ့ မှသိလို့မေးပါရစေဦး . . နင်ဒီလို . . ဟိုလူ့လှည့်ရမ်း ဒီလူ့လှည့်ရမ်းနဲ့ နင့်ကိုယ်နင် အဇာတသတ်မှတ်နေလား . . . ဘာကတည်းတော် . . . ငါ့သမီး ဗိုင်းကောင်းကျောက်ဖိလေးနဲ့ မတန်ဘူး . . .”

“ဘာဗိုင်းကောင်းကျောက်ဖိလဲ . . . ဗိုင်းနာလူဖိမကိုများ”

“အောင်မလေးတော်ရေ့ . . အောင်မလေးတော်ရေ့ . . တော် တော်တော်ရေ့ . . . ကျွန်မလို . . . မယားဝတ္တရားငါးပါးနဲ့ အညီနေတဲ့သူကို သူမို့ . . . သူမို့ . . . အီး . . .”

“ဟဲ့ . . . ကောင်မ အရပ်ကကြားကောင်းအောင် . . . အော်ဟစ်တိုင်တည်မနေနဲ့ . . . နင်လား မယားဝတ္တရားငါးပါးကြေတာ . . . မယားဝတ္တရားကိုငါးပြားဖိုးတောင်မကြေဘူး . . . ကိုယ့်သမီးလေးကိုယ်တောင်မထိန်းချင်လို့ . . . နေကျဲကျဲပူနေတဲ့ ထရံကာအိမ်သာ နံနံစော်စော်ကြီးထဲဝင်ထိုင်ပြီး ရှောင်ရှောင်နေတဲ့ ကောင်မ တမျာ: . . .”

“အောင်မလေး . . . တစ်နေ့လုံး အလုပ်နဲ့လက် ဇယ်ဆက်သလို ယားတာတောင် မကုတ်အားလို့ထုံးတို့ထားရတဲ့မိန်းမ အိမ်သာထဲဝင်ပြီး ထုံးဖျက်တာ နည်းနည်းလေးကြာတာကို ကလေးမချီချင်လို့ ရှောင်နေတာတဲ့တော်ရေ . . .”

“ဟင် . . . ရှင့်ကိုချစ်လွန်းလို့ စားစေချင်လွန်းလို့ ညားခါစတာ မုန့်ဟင်းခါးကို နှစ်ယောက်စာချက်ကျွေးခဲ့တာ . . . မေ့ပစ်လိုက်ပြီတဲ့အမေရ . . .”

“ငတုံးမ . . . မုန့်ဟင်းခါးဘယ်ဆိုင်ကဝယ်စားစား တစ်ပွဲနှစ်ရာဖဲ . . . ကြိုက်သလောက်စားလို့ရတဲ့ဟာကို . . . နှစ်ထော



www.burmeseclassic.com

www.burmeseclassic.com



အကုန်ခံပြီး မုန့်ဟင်းခါးချက်နေလို့ . . . ငွေလည်းကုန် . . . အချိန်မီမကျက်လို့ ငါလည်းအစာအိမ်ရောဂါဖြစ်လို့ မနည်းကုလိုက်ရတာကော မှတ်မိသေးလားငတုံးမရဲ့ . . ."

"ကဲ . . . ကိုဝကြီး . . . မပေါင်းချင်ရင်လည်း သွားတော့ ကျွန်မရဲ့နုနယ်တဲ့ နှလုံးသားကိုတော့ . . . ဒီ့ထက် ထပ်ပြီးမနှိပ်စက်ပါနဲ့တော့"

"အေး . . . ငါလည်းမနေပါဘူး . . . သွားမှာပါ . . . အခု သွားမှာ"

ဝကြီးဒေါသနှင့်ပြော၍ အခန်းတံခါးကို ဆောင့်ပိတ်ကာ အဝတ်အစား သိမ်းဆည်းနေတော့သည်။

သူနောက်မှ ယီးတီးယောင်တောင်နှင့် သူဇာနှင့်မယ်အောင် ဗလကကပ်ပါရင်း ကူညီသလိုနှောင့်ယှက်သလိုနှင့် အဝတ်အစားများရှာဖွေနေ၏။ နေပေ့စေ ဝကြီးလှည့်တောင်မကြည့် ဂရုလည်းစိုက်မနေတော့ ဒင်းတို့ထိုက်နဲ့ဒင်းတို့ကံ ဒင်းတို့ဟာဒင်းတို့ ခွေးစားစား ကျီးထိုးထိုး ကိုယ်နဲ့မှပေါင်းလို့သင်းလို့အဆင်မပြေတာ သူ့လမ်းသူလျှောက်ပါစေ . . .။







ဝကြီး အဝတ်အစားထုပ်လေးပိုက်ပြီး ကားငှားနေသည်။ ပြီးပြီ။ ဒီအုပ်စုနဲ့တော့ ဒီတစ်သက်ပြတ်ပြီ။ မိန်းမနဲ့ကလေးကိုတော့သနားသလိုတော့ရှိသား။ ဒါပေမယ့်တွဲပေးစနစ်ကြီးကိုတော့ လုံးဝသည်းမခံနိုင်တော့။ အခုရွှေလောဆယ် မျိုးမြင့်ထွန်းအိမ်မှာနေပြီး ဘဝကိုပြန်ထူထောင်ရဦးမယ်။ မျိုးမြင့်ထွန်းကဘာ မှတ်ချက်ပေးဦးမည်မပြောတတ်။ ရှိစေတော့ကိုယ့်ဘဝနဲ့ ကိုယ်ခံရန်သာရှိတော့သည်။

"ဝူး . . . . . . ဒီနေ့မှ ကားကလည်းရှားလိုက်တာ . . ."



www.burmeseclassic.com

www.burmeseclassic.com



"အင်း . . ."

"ဟင် . . ."

ကပ်ပြီး ထောက်ခံသံကြားသဖြင့် လှည့်ကြည့်လိုက်တော့ အဝတ်အစား အိတ်ကိုရွက်လျက် ကလေးကို ခါးထစ်ခွင်ချီထားသော သူဇာ။

"မင်း . . . ဘွာ . . . ဘွာလုပ်တာလဲ"

ဝကြီး အံ့သြလွန်းသဖြင့် စကားများပင် အယောင်ယောင် အမှားမှား။

"ကိုယ်ရယ် . . . လင်ရယ်မယားရယ်ဖြစ်လာမှတော့ . . ဒီလိုတစ်ယောက်နဲ့တစ်ယောက် ကတောက်ကဆဖြစ်ရုံနဲ့ . . . ဘယ်ကွဲလို့ရမှာလဲ . . . သားသမီးတွေရှေ့ရေး ရှိသေးတယ်မဟုတ်လား ဒါကြောင့်သူဇာနဲ့ ကလေးလေးမယ်အောင်ဗလကိုယ်နဲ့လိုက်ခဲ့မယ် သူဇာလည်းသူတို့နဲ့နေနေ ရတာသိပ်စိတ်ညစ်တာပဲ . . ."

ဝကြီးကမကြည်ကြည် ကြည့်ပြီး . . .

"အေး . . . ကျေးဇူးကိုသိတတ်ပြီး လိမ်လိမ်မာမာနေ လိမ္မာရင်ညည်းဖို့ချည်းပဲ . . ."

ဝကြီးခပ်မာမာပြောရင်း ကားဆက်တားနေ၏။ သူ့နောက်မှ မသက်ာဖွယ်အရိပ်များနှင့် လှုပ်ရှားသံများကြားသဖြင့် လှည့်လိုက်ရာ

"ဟင် . . . ခင်ဗျားကြီး . . . ခင်ညားကြီး . . ."

သူအံ့သြသွား၏။ အံ့သြမယ်ဆိုလည်း အံ့သြလောက်ဖွယ်ရာ။ သူဇာ့နောက်တွင် မျက်နှာပြားကြီးပါးစုံများ တွဲတုန်တုန်နှင့် မခို့တရို ရပ်နေသော အဘွားကြီး ဘီလူးဗလမေမေတင်သိန်း ခရီးဆောင် အိတ်ကြီးလည်းလွယ်လို့ . . ။

"ဟုတ်တယ်သား . . . သူတော်ကောင်းဆိုတာ . . . အမြင်





မြန်မြန် ရတတ်တယ်သား . . . အခုဆိုမာမားသိသွားပြီ . . . မာမားတို့အလင်းရောင်ဟာ ဘယ်သူတွေလဲဆိုတာ . . . သမီးလေး မာမားမယ်အောင်ဗလလေးကို သံယောဇဉ်တွယ်နေပြီ . . . သမီးတို့နဲ့ပဲ မာမားလိုက်ခဲ့တော့မယ် . . . အဟင့် ရှုတ် . . . ရှုတ် . . ."

ဝကြီး ဘာမှမပြောလိုတော့။ လူကြီးကိုယ်တိုင်ကဒူးထောက်ပြီး အမြင်မှန်ရပါပြီဆိုနေမှ ဘာထပ်အထွန့်တက်ရတော့မည်နည်း။ လိုက်ချင်ရင်လိုက်ခဲ့ပေါ့ အင်း ကားကတော့ စူပါရှု(ဖ်)လောက်ငှားမှ ရတော့မည်ထင်သည်။

ဝကြီး စူပါရှု(ဖ်)ကားကိုရွေးငှားနေစဉ် အနောက်မှ ငိုသံများ တအီအီထွက်လာသည်။ ဘာပါလိမ့် . . ။

"အီ . . . အီ . . . သမီးကလေ မာမားကြီးတို့ကို အားကိုးပြီး နေနေတာ ခုမာမားကြီးမရှိရင် သမီးလည်းမနေချင်ဘူး . . . မာမားနဲ့လိုက်ခဲ့မယ် . . . မာမားနဲ့ပဲလိုက်ခဲ့မယ်"

ဟိုက် ဘယ့်နှယ်ပါလိမ့် ဟိုသရဲဗလခယ်မပါ လိုက်မယ်ဆိုပါလား . . ။

"သားလေး . . . မာမားကြီးတို့သားအမိရဲ့ချစ်ခြင်းကို မခွဲပါနဲ့နော် . . သမီးလေးကငယ်စဉ်ကတည်းက . . . မိမဆုံးမ ဖမဆုံးမလေးဆိုတော့ ရူးတူးပေါတောလေးလေ . . . ဝမ်းတွင်းရှူး သမီးငယ်လေးကိုတော့ခေါ်လာပါရစေ . . . မောင်ဝကြီးရယ် . . ."

"ကဲ . . . ထူးပါဘူး လိုက်ချင်သပဆိုလည်းလိုက်တော့ပေါ့။ လိုက်မှပဲ ဖြစ်တော့မှာကို . . ."

"ဟေး . . . ဒါမှ တို့ကိုကိုကွ . . ."

ဝကြီးခယ်မ သရဲဗလက သူ့ရင်ပုံကြွမ်းထူထူကြီးကို နှဲ့ခွေ၍ ဝမ်းသာအားရအော်ရင်း အိမ်ဘက်ကိုလှည့်ကာ မီးသတ်ကား ဥဩသံ



www.burmeseclassic.com

www.burmeseclassic.com



ကဲ့သို့ မြိုင်စည်ကျယ်တောက်လှသောအသံဖြင့် အော်လိုက်သည်။

"ကိုကြီးကလေးလေးရေ . . . လိုက်ခဲ့ပါတဲ့ . . ."

အိမ်ပေါ်မှသူခိုးကျော်ကို အိမ်ရှိပစ္စည်းများထုပ်ပိုးထားသော တောင်းများ မလုံးများ အဝတ်အစားထုပ်များ ဇရွတ်သုတ်ခရွက်ရင်း ဝမ်းသာအယ်လဲနှင့် ပြေးဆင်းလာ၏။ ဝကြီးဤနေရာတွင်ပင် ကြက်သေ သေနေ၏။

"သူနဲ့ငါရန်ဖြစ်ပြီး သူနဲ့သူရန်ဖြစ် . . . ပြီးတော့ဟောဟို့ သူဝင်ပါ. . . အားလုံးဖြစ်ငို့ . . . ငါဆင်း . . . အင်း . . . သူလိုက်ဆင်း . . . သူနဲ့သူမခွဲနိုင် လိုက်ခွင့်ပြု . . . သူကရှူးတူးတူးပေါ်တောတော . . . သူ့ယောက်ျားပါခေါ် . . အင်း . . . အင်း . . ."

ကျော်ကိုက တရင်းအနှီးပုံစံမျိုးနှင့် ဝကြီး၏ကျောကိုပုတ်ရင်း

"ဝေ့ . . . ဝ . . ကိုဝကြီးရ . . လုပ်ပါဟ . . . တစ်ယောက်တစ်လက် ကျောင်းသားလက်ပေါ့နော် . . . ရော့ . . . ဒီအထုပ်လေးကူသယ်ပါဦးဗျ . ."

တောက် သူခိုးက တန်းတူရည်တူလုပ်နေပြန်ပြီ၊ ဝကြီးဘယ်လို လုပ်ရမှန်းမသိတော့။

ဒီအချိန်မှာပဲ ကုန်တင်ဒိုင်နာကားတစ်စီးက အိမ်ထောင့်ပြောင်းမှတ်ပြီး ကားငှားမလားဟုလှမ်းမေးပြီးရပ်လာ၏။

"ကဲ . . . ထူးပါဘူး . . . ပစ္စည်းတွေကားပေါ်တင်ကြ . . . ကဲကဲ . . တက်ကြတက်ကြ . . ."

ဝကြီးထံမှ ပါမစ်ရသည်နှင့် နွားရိုင်းများလွှတ်သကဲ့သို့ သုံးယောက်ထဲကို တစ်ယောက်နဲ့တစ်ယောက်ခွေ့ရင်း ဟင်း ဖီးနဲ့ မာန်ဖီရင်း လုတက်နေကြပုံများ တရားကျစရာပင်။ အားလုံး ကားပေါ်ရောက်တော့မှ ဝကြီးက ခြေနင်းခုံပေါ်တက်ရပ်ရင်း . . . —





"မောင်းဆရာရေ့ . . . ခြေဦးတည့်ရာသာ မောင်းတော့ မောင်းတော့"

ကားလေးက တအိအိနှင့် ထွက်ရုံရှိသေး ဝကြီးကနောက်ခြေနင်းပေါ်မှ ခုန်ဆင်းကျန်ရစ်ခဲ့လေသည်။ တစ်ဆက်တည်းမှာ ဒီဒုက္ခဒီမျှနှင့် ဝဋ်ကျွတ်ပါစေကြောင်း လက်အုပ်ချီ၍ ဆုများတောင်းတောင်းလိုက်ပါသေးသည်။

ဟိုအဖွဲ့ကတော့ ဝရှုန်းသုန်းကား အော်ဟစ်ရင်း ကုလားသိုက်ကျားဝင် ကိုက်သလို ညံစီစွာနှင့်ကားပေါ်ပါသွားကုန်တော့၏။

"သွားပေတော့ဟေ့ . . . သွားကြတော့ဟ . . . ငါကတော့ လွတ်ရာကျွတ်ရာမှာ ကျန်ခဲ့ပြီ . . . ဝကြီး . . . ကွ . . . ဟားဟား ဝကြီးကြံရင်ဘာခံနိုင်မလဲ . . . အဟူးဟူးဟူး . . ."

ဝကြီး၏ ဝမ်းသာအားရအော်သံ။

ဟိုအဖွဲ့ကတော့ ငှားထားတဲ့ကားကြီးနဲ့ တရွှေ့ရွှေ့။



www.burmeseclassic.com

www.burmeseclassic.com



ဝကြီး အိမ်ထောင်သက်တမ်း ငါးနှစ်အတွင်း ဒီနေ့စိတ်အချမ်းသာဆုံးနေ့ဖြစ်သည်။ တစ်အိမ်လုံးအေးချမ်းတိတ်ဆိတ်၍ သက်သောင့်သက်သာရှိနေ၏။ ဩော်ဟိုတုန်းက ဘယ်လောက်စိတ်ဆင်းရဲနေရတယ်ဆိုတာ အခုလိုအေးချမ်းစွာနေမှ ဘွားဘွားကြီးပေါ်လာ၏။ ဟိုတုန်းကအိမ်ထောင်သည်ဝကြီး၏ဘဝကို ယခုအငြိမ်းစားအိမ်ထောင်သည် ဝကြီးက ပြန်၍ပင်သနားမိနေသေးတော့သည်။မနေ့ကဝကြီးနှင့် ယနေ့ဝကြီး ဖြောင့်ဖြောင့်ကြီးကို ကွာဟနေပေပြီ။ အပူသည်အကြော်ဖိုဝကြီးနှင့် အေးချမ်းသောရေခဲမုန့် ဝကြီး ဘယ်မှာလာတူနိုင်မည်နည်း။





ဝကြီးအိမ်ထောင်သက်တမ်းတွင် တစ်ခါမှမရဖူးသော စည်းစိမ်နှင့် အေးချမ်းငြိမ်သက်စွာစိတ်ကူးယဉ်ရင်း မိမိဘဝကိုတျေနပ်စွာနှင့် ပက်လက်ကုလားထိုင်တွင် သက်သောင့်သက်သာ ထိုင်နေသည်မှာ ကြာကြာပါပေကော။

ကြာဆို ဒီနေ့မိုးပင်ချုပ်တော့မည်။ ဟိုအဖွဲ့ သူတို့လုပ်ရပ်ကို သူတို့ရှက်ရင်း တော်ရာနေရာကို ခရီးဆက်ကြပေတော့မည်။ ဆက်ကြပေဦးတော့ပေါ့။ ဝကြီးအတွက်တော့ မိုးချုပ်လျှင်လည်း ကလေးဒုက္ခကင်းစွာနှင့် အိပ်ရဦးမည်။ ကလေးတစ်ကောင်၏ ဒုက္ခသည်လည်းမသေးလှ။ ညကြီးသန်းခေါင်ဘာဖြစ်မှန်းမသိ ထငိုရတာနှင့် နို့ဗူးဖျော်ပေးရတာနှင့် ချေးသေးတည်ရတာနှင့် သေးပေါက်ချလို့ စောင်များ ခေါင်းအုံးများထလဲရတာနှင့် သူ့အမေနိုးနိုးကြားကြားမရှိ . . . ကုလားသေကုလားမောအိပ်နေသဖြင့် ထိုတာဝန်အားလုံးမှာ အလိုလိုနေရင်းဝကြီးတာဝန်များ ဖြစ်ခြင်းမလှဖြစ်နေရ၏။ အိုး ဒုက္ခတွေများ ပွထကိုတက်လို့ အခုတော့ ထိုထိုသော . . .

ဝကြီးအတွေးမဆုံးလိုက် အိမ်ရှေ့ထိုးဆိုက်လာသော သိပ်မငယ်သော ကားသံကြောင့် သက်သောင့်သက်သာ လဲလျောင်းခွင့်ရနေခဲ့သော ဝကြီးဆံပင်တို့ထောင်ထကုန်၏။

"ဟင် . . . ဘာတွေပါလိမ့် . . ."

ဝရုန်းသုန်းကားနှင့် ကားပေါ်မှဆင်းသံများကြားရပြီး ဝကြီးယောက္ခမ ဘီလူးဗလကြီးနှင့် သူ့ဇာတို့သားအမိ နောက်နားဆီမှ သူ့ရဲ့ဗလနှင့်သူ့ခိုးကျော်ကို ခွေး တွသံတွေရှိလို့ အပျော်ရုပ်များလည်း မသိမ်းနိုင်သေး။

"ဟင် . . . ဘယ်က . . . ဘယ်လို . ."

"ကိုပဲ . . . မနက်တုန်းက ကားကြီးငှားပြီးမှ အားနာလို့

www.burmeseclassic.com

www.burmeseclassic.com





## ဘုရားပေါ်က ဖယောင်းတွေတောင် ခွာခဲ့တယ်သိလား

ဘုရားသွားဖူးလိုက်ဆိုလို့ သူဇာတို့တွေ ရွှေတိဂုံဘုရားသွားဖူးကြတာလေ . . . မာမားကလည်း မွေးထဲကခုထိကိုမရောက်ဖူးတာကြာပြီဆိုတော့ ခုကိုသွားခွင့်ပြုတာနဲ့ အတော်ပဲဖြစ်သွားတယ် . . ."

"ဟဲ့ . . . ဘုရားဖူးခွင့်ပြုတယ် . . . . ဟုတ်လား . . . ငါဘာမှမပြောမိပါလားကွယ် . . ဟော . ."

"သြော . . . သားကလည်း မာမားတို့ကားပေါ်တက်တော့ သားက ခုန်ဆင်းသွားတယ်မဟုတ်လား . . . မာမားတို့ ဘာလုပ်ရမလဲလို့လှမ်းမေးတာကို သားပဲ . . လက်အုပ်ချီပြပြီး ဘုရားသွားဖို့ပြောတာလေ . . . အောင်မလေး . . . ဘုရားမှာ ပျော်စရာကြီးပဲနော် . . . လူတွေလည်းမနည်းဘူး . . . မာမားလေ သားစိုက်ရမယ့်လမ်းစရိတ်ကာမိအောင် . . . ဘုရားပေါ်က ဖယောင်းတွေတောင်ခွာခဲ့တယ်သိလား . . . ဒီမှာလေ . . . မနည်းမနောပဲ . . ."

"ဟုတ်ပါတယ် ကိုကို . . . သားလည်းဘုရားပေါ်မှာ ကိုကို့အတွက်ဆုတောင်းခဲ့တယ်သိလား . . . နောက်ဘဝ ဒီထက် လူ့နိုင်တန်းနိုင်ပါစေလို့"

"ပျော်နေလို့ . . . မပြီးသေးဘူး . . . ကားငှားခမပေးရသေးဘူး. . . လေးသောင်းတဲ့ . . . နောက်ဒီနေ့ဘုရားသွားဖူးတာကိုကြီးကမေ့ပြီး . . . ပိုက်ဆံထည့်မပေးလိုက်တော့ ညီမလေးတို့





ကားဆရာဦးလေးကြီးဆီကပဲ ငွေနှစ်သောင်းချေးပြီးသုံးခဲ့တယ်။ အဲဒါအခု ခြောက်သောင်းပေးရမယ်"

အဲဒီမှာဝကြီးခယ်မ သရဲဗလရော ဝကြီးယောက္ခမ ဘီလူးဗလရော ဝကြီးမိန်းမအာနိုးဗလရော ဝကြီးယောက်ဖ မှင်စာဗလရော ပြောနေတာ ပြောပြီးပျော်နေကြတာ။ ဝကြီးကတော့ တစ်လုံးမှ မပြောနိုင်ဘူး . . . သူ့ရဲ့ရင်ခေါင်းထဲမှာ ခြောက်သောင်းဆိုတဲ့ ပမာဏကြီးတစ်ဆို့နေလို့ ကြောင်ပြီးနှင်နှင်ကြီးကို ရပ်နေတာ။ ပါးစပ်ကတော့တိုးတိုးလေးပဲ ရေရွတ်နေတယ်၊ သေသေချာချာ နားထောင်ကြည့်မှကြားရမယ်။ အဲဒါကတော့ . . .

"ခြောက်သောင်း . . . ခြောက်သောင်း . . ."



www.burmeseclassic.com

www.burmeseclassic.com





"မင်းညီမနဲ့ မင်းညီမယောက်ျားကို ကြည့်ပြောထား ဘယ့်နှယ်ငါ့အိမ်ပေါ် တက်နေပြီး သူများအိမ်လိုက်ခိုးနေရတယ်လို့ လူကြားလို့မှမ တော်"

ဝကြီး၏ဒေါသနဲ့ စကားသံ။

ဒါကို သူ့ရဲ့မိန်းမ အာနိုးဗလက . . .

"အိုရှင် ဒါကတော့ ရှင်ပဲသဘောတူလို့ အတင်းပေးစားခဲ့တာပဲ၊ ကျွန်မတို့ကဘာပြောရမှာလဲ"

"ဟမ်"

သူ့မိန်းမစကားကြောင့် ဝကြီးငြိမ်သွားတယ်။



သူ့မိန်းမပြောတာလည်း ဟုတ်တယ်။ သူပဲ ဒီသူခိုးကို သူ့ခယ်မနဲ့ လိုလိုချင်ချင်ပေးစားခဲ့တာ မဟုတ်လား။ အဓိက တရားခံက ဘယ်သူလဲ။ ဝကြီးပဲ မဟုတ်လား။

"အေးလေ ပေးစားတာက ပေးစားခဲ့ပြီးပြီလေ။ ဒါပေမယ့် စာရိတ္တလေး ကောင်းအောင်ကြိုးစားပြီး လက်ကြောတင်းတင်းလေးနဲ့ ရိုးသားတဲ့အလုပ် တစ်ခုခုလုပ်ဖို့ပြောတာ"

သူ့စကားကို သူ့ယောက္ခမ ဘီလူးဗလကြီးက ရင်ပြီး . . .

"မောင်ကျော်ကိုလေးက စာရိတ္တကောင်းပါတယ်။ မနက်ကတောင် သူအလုပ်လုပ်လို့ရတဲ့အထဲက ထဘီခပ်လတ်လတ်လေး နှစ်ထည်ကို အမေ့အတွက် ဆိုပြီးကန်တော့သွားသေး။ အမေ့ကို ဆင်တာလေဆင်တာ. . မောင်ကျော်ကိုလေးကပြောတယ် . . . အမေကသေးသေးချာချာ ဆင်လိုက်ရင် ရုပ်ထွက်မယ်တဲ့ . . . ဟီဟိ သိတတ်လိုက်တဲ့ကလေး . . နင်တို့နဲ့တော့ကွာပါ့ ဟီဟိ. ."

အဘွားကြီးစ ားကြောင့် ဝကြီးလည်းတင်းသွားပြီး . .

"အဲဒါ အဲဒီကောင်ခိုးလို့ရခဲ့တဲ့ ထဘီတွေ။ ခင်ဗျားကြီး အဲဒါယူထားတာ သူခိုးလက်ခံလုပ်ထားတာနဲ့ အတူတူပဲ။ ခင်ဗျားတို့အားလုံးကို သူခိုးလက်ခံအဖြစ်နဲ့ ရဲစခန်းတိုင်ပြီး ဖမ်းခိုင်းပစ်မယ်။ ဝကြီးကို ဘာထင်လို့လဲ။ ကြာတယ်ကွာ အခုကိုသွားတိုင်ပစ်မယ်။ ခင်ဗျားတို့ တစ်ဆွေလုံးတစ်မျိုးလုံး အချုပ်ထဲရောက်စေရမယ်"

ဆိုပြီး ဒေါသတကြီး အိမ်ပေါ်ကအဆင်းမှာ သူ့မိန်းမ အာနိုးဗလက နောက်ကပြေးလိုက်လာပြီး . . .

"ကိုဝကြီး ကိုဝကြီး ရှင်အရမ်းလျှောက်မလုပ်နဲ့နော်။ ကျွန်မတို့ကို သူခိုးလက်ခံအဖြစ်နဲ့ ရှင်သွားတိုင်ရင် ခိုးထုပ်ခိုးထည်တွေ အိမ်ပေါ်ရောက်အောင် ဝိုင်းထမ်းတဲ့အထဲမှာ ရှင်လည်းပါတယ်နော်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒါကိုမမေ့နဲ့"

"အမ်"

ဝကြီး ဘာဆက်ပြောလို့ ပြောရမှန်းမသိတော့။ ဟုတ်သား။ မနေ့ညက ခိုးတဲ့အထဲမှာ သူလည်းပါတယ်။ အဲဒီထဘီထုပ်ကြီး သူပဲထမ်းလာပေးတာမဟုတ်လား။ သူတို့ကို ခိုးရာပါပစ္စည်း လက်ခံထားတယ်ဆိုပြီး သွားတိုင်ရင် သူပါခိုးမှုနဲ့အဖမ်းခံရမှာ သေချာနေတယ်။ သူဘယ်လိုဆုံးဖြတ်ရမှန်းမသိခင် ဟိုကောင်သူခိုးရဲ့ ရှုံမြူးတဲ့သီချင်းသံအက်ကွဲကွဲကြီးက လှုကို လာကလိနေပြန်တယ်။

"မမလိုပဲ သမင်ဖြူတွေ့နဲ့၊ မမလိုပဲ လှဘလိုစီနဲ့. . ."

"မမလိုပဲ၊ ကြုံတာအကုန်တွတ် မမလိုပဲ အစားလည်းပုပ်သေးတယ်. . ."

"မမနဲ့အတူတူ အမျိုးထဲ အနူပါသေးတယ်. . ."

အောင်မာ သူ့မိန်းမကအဝမ်းသာအားရနဲ့ လက်ခုပ်များတောင်တီးပေးနေသေး။





"အဲဒါပါပဲကွာ၊ ငါလည်း ဘယ်လိုလုပ်ရမှန်းတောင်မသိတော့ပါဘူး အကြံလေးဉာဏ်လေး ဝိုင်းပေးကြပါဦး . . ."

ဝကြီးစကားကို မျိုးမြင့်ထွန်းနားထောင်နေရင်းက သက်ပြင်းကို ဝန်ထုပ်ဝန်ပိုးတစ်ခုလို လေးလေးပင်ပင်ကြီးချတယ်။

"အင်း. . မင်းဘဝကတော့ မတွေးရဲစရာပါပဲကွာ။ ခယ်မကို လင်ပေးစားလိုက်တာ ထောင်နှုတ်ခမ်းပေါ် အန်တာဂရောင်းတက်ကနေ သလိုဖြစ်နေပြီ"

"အဲဒါကြောင့်ပြောတာပေါ့ကွာ၊ အခုဟာ



www.burmeseclassic.com

www.burmeseclassic.com



က စားရမှာကလည်း ဘာမှသုံးမရတဲ့အမှိုက်ထုပ်၊ လွှင့်ပစ်ရမှာကလည်း ဒင်္ဂါးငွေကငါးထောင်ဆိုသလိုမျိုးကို ဖြစ်နေပြီ”

ဝကြီးက ရှုပ်ပွနေတဲ့သူ့ခေါင်းကို သူပြန်ကုတ်ပြီးပြောတယ်။ ဒါကို မျိုးမြင့်ထွန်းက . . .

“ဒီလိုလုပ်”

“ဘယ်လိုလဲ”

သူတို့ ခေါင်းနှစ်ခုပူးကပ်သွားတယ်။ သူတို့စကားသံတွေက တိုးတိုးယဲ့ယဲ့လေး။ မျိုးမြင့်ထွန်းက အပြောသမား။ ဝကြီးကနားထောင်သက်သက်။ ဒါပေမယ့် နားထောင်နေတဲ့ ဝကြီးရဲ့ မျက်နှာက တဖြည်းဖြည်းနဲ့ လိမ္မော်သီးခြင်းပိကြီးလို ဝင်းဝင်းတက်လာတယ်။

သူတို့ရဲ့ အကြံအစည်ကဒီလိုပါ။

ဒီကောင်တစ်ကောင်တည်းကိုပဲ အပျောက်ရှင်းပစ်မယ်။

ဒါပဲ . . .။







လူခြောက်တိတ်ချိန် . . .

ညကား မှောင်ပိန်းနေပြီ။ ဆောင်းတွင်းညမို့ လူတွေအားလုံး စောစီးစွာအိပ်ရာဝင်ကုန်ကြပြီ။ မအိပ်နိုင်သူတစ်ယောက်ရှိသေးသည်။ ထိုသူက . . .

“ကိုဝကြီး . . ကိုဝကြီး”

“ကိုဝကြီး ထထ . . ကိုဝကြီး ထထ”

ဆိုသည့် ခေါ်နှိုးသံကြားလျှင် ဝကြီးလန့်ပြီးနိုးလာသည်။

“ဘာလဲ ဘာလဲ . . ဘာဖြစ်လို့လဲ”

“ဟင်”



www.burmeseclassic.com

www.burmeseclassic.com



ကယောင်ကတမ်းရေရွတ်ရင်း သူ့ခုတင်ခြေရင်းတွင် ချွေးသံတရွှဲရွဲနှင့် ဒူးထောက်ထိုင်နေသော သူခိုးကိုမြင်တော့ ဝကြီး အံ့အားသင့်သွားသည်။

"ဘာလဲ ဘာလဲ! . ဘာလုပ်ဖို့လဲ"

ဝကြီး၏ ကယောင်ကတမ်းအမေး။ ဒါကို သူခိုးက . . .

"ဘာလုပ်ဖို့လဲမမေးနဲ့ မြန်မြန်လာ. . မြန်မြန်လာ . . . အရေးကြီးတယ်"

"ဘာလို့လာရမှာလဲ။ ဘာလို့လာရမှာလဲ မင်းသွားခိုးလာပြန်ပြီဟုတ်လား"

ဝကြီးက အကြောက်အကန်ငြင်းသည်။ သူခိုးကလည်း မလျှော့။

"ဘာမှ မေးမနေပါနဲ့ မြန်မြန်သာထစမ်းပါ။ ဟိုမှာလူတွေ ပြန်တွေ့သွားရင် ဒုက္ခဖြစ်သွားမယ်"

လူတွေတွေ့သွားရင် ဆိုသည့်စကားကြားတော့ မျိုးမြင့်ထွန်းပေးသောအကြံကို သတိရပြီး ဗျာကလက်ခနဲဖြစ်သွားသည်။

ထို့ကြောင့် . . .

"အေး . . . အေး. . လာပြီဟေ့ . . . လာပြီဟ"

ဆိုပြီး ဝမ်းသာအားရအသံနှင့်ထောက်ခံရင်း ထလိုက်သွားလေတော့၏။

ဒီတစ်ခါသွားသည့်လမ်းက ဟိုတစ်ညက သွားသည့်လမ်းမဟုတ်။ အိမ်ကြိုအိမ်ကြားထဲမှ ရွံ့ဗွက်များကိုဖြတ်နင်း၍သွားနေရခြင်းဖြစ်၏။ လမ်းတွေကလည်းမှောင် ရွံ့ဗွက်ကလည်းထူတော့ ဝကြီးမနည်းသည်းခံသွားနေရသည်။ ဟုတ်သလေ ဝကြီးလိုလူက တစ်သက်နှင့်တစ်ကိုယ် ဒီလိုအချိန်မျိုး ဒီလိုလမ်းမျိုးက ဒီပုံစံမျိုးနှင့် ခိုးကြောင်



ခိုးဝှက်သွားသည်ဟု အိပ်မက်ပင်မက်ခဲ့ဖူးတဲ့လူမျိုးမှမဟုတ်တာပဲ။ ခဏကလေးကြာမှ . . .

"ရောက်ပြီ"

ဆို၍ကြည့်လိုက်ရာ . . .

"ဟင်"

သူ့ရဲ့ခယ်မ သရဲဗလကပါ အထုပ်တွေကိုထိုင်စောင့်ပေးနေခြင်းဖြစ်၏။ သရဲဗလကိုပါ တစ်ပါတည်းမြင်ရ၍ ဝကြီးဝမ်းသာသွားသည်။ ပြီးပြီ။ တစ်ချက် ခုတ်နှစ်ချက်ပြတ်ပဲ။ ခဲတစ်လုံးတည်းနှင့် ငှက်နှစ်ကောင် မာကျလီးယားပြီ။ ပြီးပြီ။ ထင်ထားတာထက်တောင်ပိုပြီး အဆင်ပြေနေပါလား။ သူတို့စရိတ်နဲ့ သူတို့ငြိုးသွားပြီ။ ဒါက ဝကြီး၏ ဝမ်းသာအားရအတွေး။

"ကဲ၊ လူစုံပြီ တစ်ယောက်တစ်ထုပ်မ"

သူခိုးကျော်ကို၏စကား။ ဝကြီး သူ့အကြံကို အကောင်အထည်ဖော်ရန် . . .






www.burmeseclassic.com

www.burmeseclassic.com



"သူခိုးဗျို့ သူခိုး . . သူခိုး . ."

မင်းသေပြီမှတ်ကရော့သူခိုးရေ့ . . ။

"သူခိုးတဲ့ဟေ့ . . ဘယ်မှာလဲ"

"ဟောဒီလမ်းကြားထဲမှာဗျို့ . . ဟောဒီလမ်းကြားထဲမှာ"

"ဟေး . . ဝိုင်းကြဟေ့ . . . လိုက်ကြဟေ့ . . . တစ်ကောင်မှအရှင်မထားနဲ့ . . . သမ . . . သမ . . ."

ဟူသော အော်သံကြားတော့ ဝကြီးပျော်သွားသည်။ ကျော်ကိုကတော့ ဆံပင်မွေးများ ထောင်တက်ကုန်၏။ ဟိုဘက်ပြေးရမလို ဒီဘက်ပြေးရမလိုနှင့် ယောင်ယောင်ကန်းကန်းဖြစ်နေသော သူခိုးမှအရှေ့ကအထုပ်ကို ဆတ်ခနဲမကာ ဝကြီးလက်ထဲပစ်ထည့်ပြီး လင်းခြင်းနေသော ဓာတ်တိုင်တစ်တိုင်အောက်သို့ နှစ်ယောက်ပူးကြီး ယောင်တောင်ပေါင်တောင်နှင့် ထွက်ပြေးကြ၏။ ဩော် သူခိုးသူခိုး သူခိုးလည်းဒီလို အခက်အခဲတွေနဲ့တွေ့တဲ့အခါ ပီဘိကလေးများ သဖွယ် ကြောင်စီစီနှင့် ပိုးဖလံမျိုးမီးကိုတိုးတော့ ကိုယ်ကျိုးနည်းမည့် အပြုအမူနဲ့ အလင်းရောင်ကိုမှ ပြေးတတ်ပလေ . . . ။ ဝကြီး ဟိုနှစ်ကောင်ကိုကြည့် သံဝေဂယူမိသည်။ အထုပ်ကြီးကိုတော့ ပိုက်မိလျက်သားကြီး။

သူခိုးက သူ့မိန်းမသရဲဗလလက်ကိုဆွဲပြီး လင်းခြင်းနေသော မာတ်တိုင် တစ်တိုင်အောက်ပြေးဝင်ကာ ဝကြီးဘက်လက်ညှိုးပြန်ထိုး၍ . . .

"သူခိုး . . သူခိုး . . သူခိုး . . သူခိုး"

"ဟင်"

သူခိုးက သူ့ကိုလက်ညှိုးထိုး၍ သူခိုးပြန်အော်နေတော့ ဝကြီးသံဝေဂများ ပျောက်ကွယ်သွားပြီး ဆံပင်များထောင်တက်လာတော့



သူခိုးကသူပြန်ဖြစ်နေပြီ။ ဟိုအကျင့်ယုတ်သူခိုးက မီးတိုင်အောက်မှ သူ့ကိုလက်ညှိုးဒဲ့ထိုး၍ သူခိုးအော်နေပြီကိုး။ ဝကြီးလည်း ဟိုဘက်ပြေးမလို ဒီဘက်ပြေးရမလိုလုပ်နေရာက နောက်ဆုံး ဝိုင်းလာသော လူအုပ်အလည်မျက်စိသူငယ် နားသူငယ်နှင့် ကြောင်ငေးရပ်နေမိသည်။ ဇာချွေးများလည်းပြန်တက်လာ၏။ နောက် . . .

"ဘယ်မှာလဲ သူခိုး"

"ဒီမှာ ဒီမှာ သူခိုးကြီးဟာဒီမှာ"

"ဟာ, သူခိုးက ဝကြီးပဲ"

"ဟာ, ပွဲစားဝကြီးဟာ သူခိုး"

"အတော်ပိရိတဲ့လူပဲ အရပ်ထဲပျောက်ပါတယ်။ ပျောက်ပါတယ်နဲ့ လက်စသတ်တော့ဝကြီးကခိုးနေတာကိုး . . ."

ဟူသော အော်သံများနှင့်အတူ သူ့ခန္ဓာကိုယ်အနှံ့ မီးရောင်များ ဖြာကျလာသည်။ ဝကြီးကတော့ အထုပ်ကလေးပိုက်ပြီး အကျီအဖြူလည်ကတုံးလေးနှင့် ကြက်သေသေနေတုန်း . . . ။



www.burmeseclassic.com

www.burmeseclassic.com





အကျီအဖြူရောင်၊ လုံချည်အဖြူရောင်နှင့်ဝကြီးအရှေ့က ကျောက်တုံးတစ်ခုကို ပေါက်ချွန်းကြီးနှင့် အားရပါးရခွဲနေသည်။ သူ့ရှေ့တွင်လည်း သူ့နည်းတူဝတ်စုံနှင့် သူခိုးကျော်ကိုက သူခွဲပြီးသားကျောက်တွေကို ခြင်းတစ်ခုထဲ အေးအေးဆေးဆေးစုထည့်နေသည်။

"ဒီမှာ ကိုဝကြီးရ ဒီတစ်ခါတော့ အချိကောင်းပဲဗျ"

သူခိုးကျော်ကို၏ စိတ်အားထက်သန်သောအပြော။ ဒါကိုဝကြီးက အရှေ့က ကျောက်တုံးကို ခွမ်းခနဲကွဲအောင်ခွဲပြီး. . .



"ဘာအချိကောင်းလဲကွ ဟေ"

သူ့အမေးကိုကျော်ကိုက ချက်ချင်းအဖြေမပေးသေးဘဲ မည်သူမှမကြားစေချင်သည့် ပုံမျိုးနဲ့ ဘေးဘီဝေ့ကြည့်သေး၏။ မည်သူမှရှိမနေတာတွေ့မှ . . .

"အဲဒီအိမ်မှာက မိန်းမသုံးယောက်တည်း နေတာဗျ။ အတွင်းပစ္စည်းတွေကလည်း မနည်းဘူး။ အဲ, ကလေးလေး တစ်ယောက်လည်း ရှိတယ်"

သူခိုးက စကားကိုဖြတ်ပြီး ဘေးဘီဝေ့ကြည့်ပြန်သည်။ ဒါကိုဝကြီးက မျက်မှောင်ကြုတ်ခါးကိုထောက်ပြီး . . .

"မင်း ဘာတွေလာပြောနေတာလဲကွာ။ အလုပ်လုပ်လို့ ပင်ပန်းနေရတဲ့အထဲ"

ဝကြီးစကားကို ကျော်ကိုက ဘေးဘီဝေ့ကြည့်ရင်း . . .

"အဲဒီ မိန်းမသုံးယောက်က နေ့ဘက်လည်း အိမ်ကပ်တာမဟုတ်ဘူး။ ညဘက်ဆိုလည်း အိပ်တာသိုးနေရောပဲ။ ဘယ်အချိန်ဖြစ်ဖြစ် အခွင့်ကောင်းပဲ"

သူ့စကားကို ဝကြီးခါးထောက်ကာ . . .

"မင်း ဘာတွေလာပြောနေတာလဲ။ ဆိုလိုရင်းကိုပြော"

"ဒီက ထွက်တာနဲ့ ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက်ပေါင်းပြီး အဲဒီအိမ်ဝင်ခိုးကြမယ်လေ"

"ဘာ"

ကျော်ကိုစကားကြားတော့ ဝကြီး ဒေါသထွက်သွား၏. .

"ဟင်, ဒီကထွက်ရင် ဝင်ခိုးမယ်ဟုတ်လား။ အဲဒီလိုတော့ မခိုးဘူး။ မင်းကိုပဲအရင်ထိုးမယ်"

ဆိုပြီး ထထိုးဖို့ ကျော်ကို ကုတ်ကိုအဆွဲ . . .

www.burmeseclassic.com

www.burmeseclassic.com



"ဟိတ် . . . ဟိုနှစ်ယောက်ဘာဖြစ်နေတာလဲကွဟေ"

ဆိုတဲ့ အော်သံကြားတော့ သူခိုးချက်ချင်းမျက်နှာငယ်လေး လုပ်ပြီး . . .

"သားဖာသာသား ဒီမှာအလုပ်လုပ်နေတာ သူက သားကို အနိုင်လာကျင့်နေတာ ဒီလူကြီး ဒီလူကြီး ဦးဦး"

ဆိုပြီး ဦးအောင်တိုင်လိုက်သည်။ ဒါကို ဟိုလူကလည်း . .

"ဝကြီး လွှတ်ရက်ကနီးပြီနော် . . . မိုက်စိတ်ကမပျောက် သေးဘူး . . . အရင်လည်းမိုက်လို့ဒီအထဲရောက်လာပြီးပြီ . . . ဘာလဲ မင်းဒီအထဲဆက်နေချင်လို့လား"

ဆိုတော့ ဝကြီး ကျော်ကို ရင်ဘတ်ကို လွှတ်ပေးလိုက်ရသည်။ သို့သော် ဒေါသကမပြယ်သေး။

"အေး . . မင်းကြွပ်ကြွပ်သတိထား။ ထောင်ထဲကထွက်တာနဲ့ မင်းနာဖို့သာပြင်"

ဟုဆို၍ ကြိမ်းလိုက်သေး၏။ ဟိုကောင်သူခိုးကတော့ ဝကြီး ကိုဖုတ်လေတဲ့ငပိ ရှိတယ်မထင်ပုံစံမျိုးနှင့် ပြုံးစိစိလုပ်လို့ . . .

ဝကြီး ဒေါသဖြစ်မယ်ဆိုလည်း ဖြစ်ချင်စရာ။

ခိုးမှုနဲ့ ထောင်ထဲကတောင် မထွက်ရသေးဘူး။ ထောင်ထဲက ထွက်တာနှင့် သူများအိမ်တက်ခိုးဖို့ လာပြောနေသေးတာကိုး။

ဒါတောင် ဝကြီးမသိလို့။ ခုန သူခိုးပြောနေတဲ့ မိန်းမသုံး ယောက်တည်းရှိတဲ့အိမ်ဆိုတာ သူတို့အိမ်ကိုပဲပြောနေတာလေ။ အဲဒါ သာသိရင် ဝကြီးခမျာ တက်တောင့်တက်သွားမလားမသိ။

( လး ၀ား ၇ ကြိ ၀ား လျက်

# အကြည်တော်

တော်ဝင်မြို့မစာအုပ်တိုက်

## တော်ဝင်မြို့မစာအုပ်တိုက်မှ ရရှိနိုင်သောစာအုပ်များ


| | | |
|---|---|---|
| ၁။ | လေရူးသုန်သုန် | နုနု |
| ၂။ | ကမ္ဘာသစ်ရဲ့ ဖန်ဆင်းရှင် ဘီသိုဗင် | ရန်နောင်ဦး |
| ၃။ | ဂဏန်းများနှင့် ကခုန်ခြင်း | အောင်ကျော် |
| ၄။ | ရှမ်ပဲလားရှာပုံတော် | လှမိုး(ပညာရေး) |
| ၅။ | ကဝေပျိုဖော့နီဒါနီး | အကြည်တော် |
| ၆။ | ဘီလူး | အကြည်တော် |
| ၇။ | ကျောက်သင်ပုန်းတွေမိုးထားတဲ့အိမ် | အကြည်တော် |
| ၈။ | ရွှေမိုးသည်း | အကြည်တော် |
| ၉။ | နုတ်နေကိုင်း | အကြည်တော် |
| ၁၀။ | မိုးတိမ်ပုံပြင် | အကြည်တော် |
| ၁၁။ | ပြုတ်ထွက်သွားသော ကျောရိုးဆစ်ကလေးများ | အကြည်တော် |
| ၁၂။ | အသည်းကွဲနှစ်ဆယ့်လေးနာရီ | အကြည်တော် |
| ၁၃။ | ယောက္ခမနှင့် တစ်ထောင့်တစ်ည | အကြည်တော် |
| ၁၄။ | အိမ်မက်အပိုင်းခွဲ-၉ | အကြည်တော် |
| ၁၅။ | ရီတန်း၊ အော့ဖ်ဘီလူး | အကြည်တော် |
| ၁၆။ | နေတစ်ခြမ်းလတစ်ခြမ်း | အကြည်တော် |
| ၁၇။ | အပြစ်ကင်းတဲ့ချစ်ခြင်းမေတ္တာ | ကိုဆန်း+အေမင်းဆက် |
| ၁၈။ | အင်္ဂလိပ်လိုပြောမလို့လား -၂ | ချစ်မှူး |
| ၁၉။ | စီးပွားရေးဓာတ်ပုံပညာနှင့် မြှင်ပွဲဝင်ဓာတ်ပုံပညာ | တက္ကသိုလ်နိုးဝင်း |
| ၂၀။ | ခေတ်မီစီးပွားဖြစ်ဓာတ်ပုံအတတ်ပညာ | တက္ကသိုလ်နိုးဝင်း |
| ၂၁။ | အိုင်အိုဒင်းကိုကိုကြီးနှင့် | အကြည်တော် |
| ၂၂။ | နေရီရီ | ပီမိုးနင်း |
| ၂၃။ | ဝေလီဝေလင်းချစ်သူ | မိုးဆက်လင်းထက် |
| ၂၄။ | အိမ်မက်ပန်းအလွမ်းနှင်းဆီ | ညိုနှင်းအိမ် |
| ၂၅။ | ရသစာတမ်းများ | ပေါ်ဦးအိမ် |
| ၂၆။ | ပိုးကောင်များ | အကြည်တော် |
| ၂၇။ | ကုလားအုတ်တွေနေတဲ့ တဲ | သာရွှေဩ |
| ၂၈။ | နှစ်ဂဏန်းရဲ့ပဉ္စလက် | ညိုနှင်းအိမ် |
| ၂၉။ | ကျွန်တော့်ချစ်သူပြောသော သူ့ချစ်သူအကြောင်း | အကြည်တော် |
| ၃၀။ | ရတနာပုံ၏ နိဒါန်းနှင့်နိဂုံး | ဒဂုန်ခင်ခင်လေး |
| ၃၁။ | အချစ်ရဲ့နတ္ထိ | ပြည့်ပိုင်မျိုးအိမ် |
| ၃၂။ | ဓ | အကြည်တော် |
| ၃၃။ | လွှမ်း | မိုးဆက်လင်းထက် |
| ၃၄။ | ဝဇီကိုင်နှင့်ဟာသဝတ္ထုတိုများ | ကုသ |
| ၃၅။ | သတ္တုမရှိမှာက် နတ်သမီး | ပြည့်ပိုင်မျိုးအိမ် |
| ၃၆။ | စီးနပ်ဝိရဲ့ တာဝါယာဟောင်ပဲ | မိုးဆက်လင်းထက် |
| ၃၇။ | အောင်မြေ | အကြည်တော် |
| ၃၈။ | ပန်းနုရောင်ပြကွက်ထဲက ကကြိုးလှတဲ့ သတို့သမီး | ပြည့်ပိုင်မျိုးအိမ် |
| ၃၉။ | ကြယ်စင်တွေပျော်တဲ့ည | ညိုနှင်းအိမ် |
| ၄၀။ | အာဒမ်၏ ဆာလော်း | အကြည်တော် |


www.burmeseclassic.com